၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

www.transcomjournal.com

အတွဲ (၈)၊ အမှတ် (၆)

# ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်

TRANSCOM NEWS JOURNAL

၂၀၁၈ခုနှစ်၊ မတ်လ (၂၁)ရက်

# နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ ဂုဏ်ကိုဖော်ဆောင်နိုင်တဲ့ ထူးချွန်ထက်မြက်တဲ့ နိုင်ငံသားကောင်း လူငယ်များဖြစ်အောင် ကြိုးစားကြ

» စာ- ၁၇













myanmar national airlines

70TH ANNIVERSARY

NEW ROUTE ANNOUNCEMENT

**MYANMAR NATIONAL AIRLINES HAS EXTENDED TO PHUKET**




MYANMAR NATIONAL AIRLINES HQ
NO.104, KANNA ROAD,
KYAUKTADA TOWNSHIP, YANGON, MYANMAR
+95 1 378 603 ext.117
reservations@flymna.com | www. flymna.com

# အယ် ဒီ တာ့ အာ ဘော်

## အားသစ်လောင်းသည့် တပေါင်းလ. . . .

တပေါင်းလသည် ဆောင်းကြွင်းနွေဦးလဖြစ်၍ ရွက်ဟောင်းညာကြွေ၊ ညွှန့်သစ်ဝေ၏။ အပူကာလအစအဦး ရွက်သစ်ဖူးဝေစိမ်းနေ၏။ အင်းဝခေတ်ရဟန်းစာဆိုရှင် ဥတ္တမကျော်၏ တောလားကဗျာကြီးတွင်လတပေါင်း၏ခညောင်းတင့်တယ်ပုံကို စာပန်းချီချယ်သီခဲ့၏။

လေခမြေသက် ရှာန်ဝိတက်သို့
သစ်ရွက်ယော်သီ ဣန္ဒနီဝယ်
သီဂီတဝက် ဖက်၍ဆေးစုံ
ခြယ်သောပုံသို့ ရဂုံမြိုင်တွင်း
တောလုံးလင်းသား ဟုဖွဲ့သီဖော်ကျူးခဲ့၏။

စာဆိုရှင်အုံးညိုက တပေါင်းလ၏ကြည်နူးရှုချင်ဖွယ်ရာများကို ဂါထာဇဝဖျိုတွင် ကဋ္ဌဒါယီအမတ်မှမြတ်စွာဘုရားအားလျှောက်ထားဦးတင်သည့် ဟန်ဖွဲ့ဆိုခဲ့၏။ ကုန်းဘောင်ခေတ်ပြဇာတ်ဆရာကြီး ဦးကြင်ဥက–

ရှစ်ခွင့်တိုင်း မိုင်းမှုန်တဲ့ပတ်လည်
သဇင်ကြွင်းငယ်နှင့်အင်ကြင်းသင်္ဂြာညွှန့်ငယ်တို့
ဖူးကွန့်ကိုက်စည်
ဘမရာရွှေပိတုန်းငယ်တို့ ချွေသုံးကြဝတ်ရည်
ဆွတ်ကြည်ဘွဲ့ဖော်ကွဲ၊ ယင်းသည့်နေ့ဆိုင်
ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင်
ရှာန်ယိုင်လျော့ရတယ်
ရာသီတွင်ခါညီပြောပေပ ကြော၍သာမြဲဟူ၍ ဖွဲ့ဆိုခဲ့၏။

တပေါင်းတွင်ရွက်သစ်ဖူးဝေ စိမ်းနုနေသကဲ့သို့တပေါင်းကို အားသစ်လောင်းသည်။ ချင်းရာတစ်ခုကြည်နူးဖွယ်ရာ မြင်တွေ့ခဲ့ရ၏။ ယင်းသည်ကား ၂၀၁၈ခုနှစ်၊ မတ်လ ၁၇ရက် မနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ မွေးထုတ်သည့် အရာရှိလောင်းဒီပလိုမာသင်တန်းအမှတ်စဉ် (၁၀/၂၀၁၈) (စီဒီ–၄၄/စီအီး–၄၂)သင်တန်းဆင်းပွဲဖြစ်လေ၏ ။

ကုန်သွယ်ရေကြောင်းအရာရှိလောင်းများ မွေးထုတ်ပေးရာကျောင်းတော်ကြီး၏ဂုဏ်၊ ဝန်ကြီးဌာန၏ဂုဏ် ဆောင်ကြသည့် သားကောင်းရတနာများသည် သစ်လွင်လန်းဆန်းသည့် ခွန်သစ်အားသစ်များအဖြစ် ဖူးညွှန့်ကိုက်စိမ်းနုဝေပေပြီ။

အရာရှိလောင်းများအနက် စံပြအရာရှိလောင်းဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်ဆုချီးမြှင့်ပေးအပ်ခဲ့သည်။ ကုန်သွယ်ရေကြောင်းအရာရှိလောင်း စံပြအရာ ရှိလောင်းဆု၊ စာပေထူးချွန်အရာရှိလောင်းဆုနှင့် ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း စံပြအရာရှိလောင်းဆု၊ စာပေထူးချွန်ဆုအရာရှိလောင်းဆုဟူ၍ ဆုလေး ၄ဆု၊ အကောင်းဆုံးစစ်ရေးပြတပ်ခွဲဆု ၂ဆုချီးမြှင့်ပေးအပ်သည်။

ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း၊ စံပြအရာရှိလောင်းဆုနှင့် စာပေဆုကိုအရာရှိလောင်းဖြိုးဟိန်းကျော်က တစ်ဦးတည်းနှစ်ဆုဆွတ်ခူးခဲ့သည်။ ကုန်သွယ်ရေကြောင်းအရာရှိလောင်း၊ စံပြအရာရှိလောင်းဆုအား အရာရှိလောင်းဇင်မင်းဌေး၊ စာပေထူးချွန်ဆုကို အရာရှိလောင်းဟိန်းထက်တို့က ဆွတ်ခူးရရှိခဲ့သည်။ ကုန်သွယ်ရေကြောင်းအရာရှိလောင်း ၅၆ဦး၊ ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၇၀ဦးတို့အောင်မြင်စွာ မွေးထုတ်နိုင်ခဲ့သည်။ ၁၉၆၃ခုနှစ်မှ ယနေ့အထိကုန်သွယ်ရေကြောင်းအရာရှိလောင်း ၂၆၆၀ဦး၊ ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၂၆၁၅ဦးမွေး ထုတ်ပေးနိုင်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင်က ကျောင်းဆင်းအရာရှိလောင်းများအား

–နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ ဂုဏ်ကိုဖော်ဆောင်နိုင်သော ထူးချွန်ထက်မြက်သည့်နိုင်ငံသားကောင်းလူငယ်များဖြစ်အောင်ကြိုးစားရေး
–နိုင်ငံနှင့်လူမျိုး၏အကျိုး၊ မိမိကျောင်းတော်ကြီး၏အကျိုးကို မိမိတို့တတ်စွမ်းသည့်ဘက်မှ အစဉ်အမြဲသယ်ပိုးဆောင်ရွက်ရေး
–မိမိတို့နှင့်သက်ဆိုင်သည့် ပညာရပ်များကိုလည်းခေတ်နှင့်အညီ ကျွမ်းကျင်တတ်မြောက်စေရန် စဉ်ဆက်မပြတ်လေ့လာသင်ယူရေး
–မိမိကိုယ်ကိုမိမိယုံကြည်မှုရှိစေရန်နှင့် ဘေးကင်းလုံခြုံမှုရှိစေရန် အမြဲမပြတ်သတိပြုလျက် စည်းကမ်းနည်းလမ်း တကျကြိုးစားလုပ်ဆောင်ရေး အလေးအနက်တိုက်တွန်းမှာကြားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးလောကနှင့် ရေကြောင်းသွားလာရေးဆိုင်ရာများအား အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO)က ဦးဆောင်ထိန်းသိမ်းတည့်မတ်ပေးနေသည်။ ဘေးအန္တရာယ်ကင်းဝေးရေး၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေး ဥပဒေရေးရာများ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ရေကြောင်းလုံခြုံရေးနှင့်သွားလာရေးဆိုင်ရာ စွမ်းရည်ပြည့်ဝရေးတို့ကဏ္ဍများကိုလည်း ကျယ်ပြန့်စွာ ဆောင်ရွက်လာသည်။

IMOမှ ထုတ်ပြန်သည့်ဥပဒေများ၊ ဆိုင်ရာသင်တန်းသားများ လိုအပ်သည့်အရည်အသွေးပြည့်ဝရေး၊ စိစစ်ကြပ်မတ်ပြီး COC (Certificate of Competercy) ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုထုတ်ပေးခြင်း လုပ်ငန်းများအား ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (DMA)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ခေတ်အဆက်ဆက်လူငယ်များစိတ်ဝင်စားမှုထက်သန်ပြီး၊ ကမ္ဘာ့ကုန်သွယ်ရေကြောင်းလောက၌ တွင်ကျယ်အောင်မြင်စွာရပ်တည်နိုင်ရေး ကြိုးစားနေကြသည့် ထပ်မံဝင်ရောက်ရန် အားသစ်မွေးနေကြသည့်လူငယ်တို့၏ ဘဝအိပ်မက်၊ အနာဂတ်အိပ်မက်ကိုဖော်ဆောင်ပေးနေသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် အားသစ်လောင်းဖြည့်ဆည်းပေးလျက်ရှိပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

# ၂၀၁၈ခုနှစ်၊ မတ်လ တတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့်သာယာပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်တို့တွင် (၂)ရက်မှ (၃)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၁)ရက်ခန့်ရွာနိုင်ပါသည်။

နေ့အပူချိန်

မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် (၁.၅)ဒီဂရီစင်တီဂရိတ်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်ရှိနိုင်ပါသည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၅)ရက်မှ (၇)ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (၂)ရက်မှ (၄)ရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်ပါသည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မတ်လ၊ တတိယ (၁၀)ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၁ပေမှ ၁ပေခွဲခန့်နှင့် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ပေဝက်မှ၁–ပေခန့် မြင့်တက်လာနိုင်ပြီး၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁–ပေခန့် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် မတ်လ၊ တတိယ (၁၀)ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့် မြင့်တက်လာနိုင်ပါသည်။

မိုး/ဇလ

# Samsung Myanmar ပညာသင်ဆု ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနမှ ကျောင်းသား/ကျောင်းသူနှစ်ဦးရရှိ






Samsung Myanmar သည် ယခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ပါကွေချုပ်နှင့် ဆရာ၊ ဆရာမများ၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနမှ ပထမနှစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူ နှစ်ဦးအား ပညာသင်ဆုများပေးအပ်ခဲ့ကြောင်း မတ်လ၁၅ ရက်က ထုတ်ပြန်ချက်အရသိရသည်။

ပညာရေးထူးချွန်ပြီး ရည်မှန်းချက်ကြီးမားသော လူငယ်များ ပိုမိုကြိုးစားလေ့လာနိုင်ရန်ရည်ရွယ်၍ ပေးအပ်သောအဆိုပါပညာသင်ဆုကို ရွေးချယ်ပေးအပ်ရာတွင် လက်ရှိ ကျောင်းတွင် အခြားမည်သည့်ပညာသင်ဆုများ မရရှိဖူးသူ၊ IT ဘာသာ ရပ်အား အမှန်တကယ်စိတ်ဝင်စားသူနှင့် ပညာသင်ကြားစရိတ်အမှန်တကယ်လိုအပ်နေသူများအား အလေးပေးရွေးချယ်ခဲ့ကြောင်း ရန်ကုန်တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် Samsung Myanmar မှတာဝန်ရှိသူများ ပါဝင်သည့် ဘုတ်အဖွဲ့မှဆန်ခါတင် ကျောင်းသားကျောင်းသူများမှာ ရန်ကုန်တက္ကသိုလ်ကွန်ပျူတာသိပ္ပံပညာဌာန ပထမနှစ်တွင် ပညာသင်ကြားနေကြသည့်မောင်ဘုန်းမြင့်ဆွေနှင့် မဝင့်နန္ဒာကျော်တို့ဖြစ်ကြပြီး ၎င်းတို့သည် ပညာသင်ဆုရွေးချယ် ရေးဘုတ်အဖွဲ့မှ ချမှတ်ထားသော စည်းကမ်းချက်များကို ပြည့်မီအောင် ကြိုးစားနိုင်ပါက တက္ကသိုလ်ဘွဲ့ရသည်အထိ ပညာသင်စရိတ် ၁၀ သိန်းကျော်ကို လစဉ်ရရှိသွားမည်ဖြစ် သည်။

"အခုလို Samsung ကပေးအပ်တဲ့ ထူးချွန်ပညာသင်ဆုကိုရရှိတာ တကယ်ကိုဝမ်းသာမိပါတယ်။ အထူးချွန်ဆုံးကျောင်းသားတစ်ယောက်ဖြစ်အောင်လေ့လာဆည်းပူးသွားမှာပါ။ ဒါ့အပြင် ကိုယ်ဌာနဂုဏ်ရောကိုယ့်တက္ကသိုလ်ဂုဏ်ပါဆောင်နိုင်တဲ့ ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်လာ အောင်ရည်မှန်းချက်ထားပြီး ကြိုးစားသွားမှာပါ။" ဟုမောင်ဘုန်းမြင့်ဆွေမှ ပြောကြားသည်။

ကျော်ကျော်

# အကောင်အထည်ဖော်မည့် ဆိပ်ကမ်းစီမံကိန်းတွင် စက်သုံးဆီလုပ်ငန်းရှင်များ ပါဝင်ခွင့်ရရန်တောင်းဆို

ရန်ကုန်မြစ်၏ ရေစူးတိမ်ခြင်းကြောင့် တန်ချိန်သုံးသောင်းအထက် သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်ခြင်းမရှိသည့် အခြေအနေကိုပြောင်းလဲရန် တိုင်းအစိုးရက မြစ်ဝတွင် ဆိပ်ကမ်းကြီးတစ်ခုနိုင်ငံခြားကုမ္ပဏီနှင့် ပူးပေါင်းတည်ဆောက်ရန် စီစဉ်နေပြီး အစီအစဉ်၌ ပြည်တွင်းစက်သုံးဆီလုပ်ငန်းရှင်များ ပါဝင်ခွင့်ရရန်တောင်းဆိုထားပြီး ယင်းစီမံကိန်းတွင် နိုင်ငံခြားကုမ္ပဏီသာမက ပြည်တွင်းစက်သုံးဆီလုပ်ငန်းရှင်များလည်း ပါဝင်ခွင့်ပြုရန် တင်ပြထားကြောင်း မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချသူများအသင်းမှ သိရသည်။

ရန်ကုန်မြစ်ဝတွင် ဆိပ်ကမ်းတည်ဆောက်ပါက နိုင်ငံတကာမှ တန်ချိန်ငါးသောင်းအထက် ဆီတင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည်ဖြစ်ပြီး သယ်ယူစရိတ်သက်သာမှုကြောင့် ပြည်တွင်းစက်သုံးဆီဈေးကျနိုင်ကြောင်း လက်ရှိမြန်မာနိုင်ငံသို့ စက်သုံးဆီတင်သွင်းရာတွင် စင်ကာပူနိုင်ငံကို ကြားခံတင်သွင်းနေရခြင်းကြောင့် ကုန်ကျစရိတ်များသဖြင့် ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းကြီးမြင့်နေရခြင်းဖြစ်ကာ ထိုသို့စက်သုံးဆီဈေးနှုန်းမြင့်တက်နေခြင်းကို လျှော့ချရန် တန်ချိန်သန်းချီသော စက်သုံးဆီကန်များ တည်ဆောက်ပြီး စက်သုံးဆီသိုလှောင်ကာ ဈေးနှုန်းကျဆင်းရေး ဆောင်ရွက်မည်ဖြစ်ပြီး ယင်းအပြင် ပြည်ပမှတင်သွင်းသုံးစွဲနေရသည့် ဒီဇယ်၊ ဓာတ်ဆီအပါအဝင် စက်သုံးဆီဈေးနှုန်းများ လျှော့ကျရေး ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ရေနံချက်စက်ရုံများရှိသည့် အရှေ့အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံတို့က စက်သုံးဆီများကို တန်ချိန်ပမာဏများတဲ့ သင်္ဘောကြီးများနှင့် သယ်ယူပါက စရိတ်လျှော့သွားမည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များမှ သိရသည်။



ပိုးအိမ်

# တွံ့တေးတူးမြောင်းရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ကိုရီးယားချေးငွေအမေရိကန်ဒေါ် လာသန်းခြောက်ဆယ်ကျော်ဖြင့် ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်မည်





ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အကြား ရေလမ်းဆက်သွယ်ရေးအတွက် အဓိကကျသောတွံ့တေး တူးမြောင်းကို ကိုရီးယားချေးငွေအမေရိကန်ဒေါ်လာသန်း ခြောက်ဆယ်ကျော်ဖြင့် ပြုပြင်ထိန်းသိမ်းမှုများစတင်လုပ် ဆောင်တော့မည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ် ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးထွန်းလွင်ဦးကပြောသည်။

တွံ့တေးတူးမြောင်းမှာ အရှည်အားဖြင့်၂၁မိုင်ရှိပြီးအ ဆိုပါတူးမြောင်းသည် ရန်ကုန်မြို့နှင့် ဧရာဝတီမြစ်ဝကျွန်း ပေါ်ဒေသများဖြစ်သည့် ဒေးဒရဲ၊ မအူပင်၊ ဖျာပုံ၊ မော်လ မြိုင်၊ ဘိုကလေး၊ လပွတ္တာ၊ မြောင်းမြအစရှိသည့်မြို့များအ ကြား အဓိကကုန်စည်စီးဆင်းရာ ရေလမ်းကြောင်းဖြစ် သည်။

အဆိုပါ တူးမြောင်း၏ ရေလမ်းကြောင်းကောင်းမွန် ရေးနှင့် တည်ငြိမ်ရေးအတွက်ပြုပြင်ထိန်းသိမ်းရန် အမေ ရိကန်ဒေါ်လာ ၆၁ ဒသမ ၃ သန်းချေးယူရန် ကိုရီးယားနိုင် ငံမှသဘောတူညီမှုရယူထားပြီးဖြစ်ကာ ယင်းသို့ပြုပြင် ထိန်းသိမ်းရေးအတွက် ကိုရီးယားနိုင်ငံ ISAN ကုမ္ပဏီက လေ့လာမှုတွေပြုလုပ်ပြီးဖြစ်ကြောင်း ဦးထွန်းလွင်ဦးက ပြောသည်။

"ကိုရီးယားနိုင်ငံ ISAN ကုမ္ပဏီက လေ့လာမှုတွေ ပြုလုပ်ပြီး ဒီတူးမြောင်းကို ဘယ်လိုပြုပြင်မှုတွေလုပ်သင့် တယ်ဆိုတာ အကြံပြုကြတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း အဆင့်ဆင့်တင်ပြပြီးတော့ အားလုံးပြည့်စုံတဲ့အဆင့်ရောက် နေပါပြီ။ ကိုရီးယားချေးငွေ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃သန်း ရယူဆောင်ရွက်မှာပါ။ ဒီချေးငွေရဲ့စည်းကမ်း အရ ဆောင်ရွက်မယ့်ကုမ္ပဏီက ကိုရီးယားကုမ္ပဏီပဲဖြစ်ရ မယ်။ ဒီအတွက်ပဏာမကုမ္ပဏီစာရင်းကို ကိုရီးယားဘက် ကရွေးပေးမယ်။ အဲ့ဒီထဲကမှ မြန်မာအနေ နဲ့က ဆန်ခါ တင်ကုမ္ပဏီသုံးခုပြန်ရွေးပေးပြီးတော့ အမှန်တကယ် ဆောင်ရွက်မယ့်ကုမ္ပဏီကို မြန်မာဘက်ကရွေးပေးတဲ့ သုံးခုထဲက ကိုရီးယားဘက်ကအတည်ပြုရွေးချယ် မှာပါ" ဟု ဦးထွန်းလွင်ဦးကပြောသည်။

ထိုသို့ ရွေးချယ်ရာတွင် ကုမ္ပဏီ၏လုပ်ငန်းဆောင် ရွက်မှုကောင်းခြင်း၊ လုပ်ငန်းအောင်မြင်မှုအတိုင်း၊ လုပ် ငန်းကျွမ်းကျင်မှုအနေအထားစသည့် အချက်များကိုမူ တည်၍ ရွေးချယ်သွားမည်ဖြစ်ရာ အဆိုပါသတ်မှတ်ချက် များနှင့်အညီ ရွေးချယ်လိုက်သည့်ကုမ္ပဏီနှင့် ၎င်းတို့ဌာန ရှိ ပညာရှင်များနှင့်ပူးပေါင်း၍ စီမံကိန်းကိုအကောင်အ ထည်ဖော်သွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြော သည်။

အဆိုပါ တွံ့တေးတူးမြောင်းကို ၁၈၀၃ ခုနှစ်တွင် အင်္ဂလိပ်တို့မှ လူအင်အားသုံးကာ အရှည်သုံးမိုင်ခွဲဖောက် လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ဖောက်လုပ်ခဲ့စဉ်က ရေကို ထိန်းထားသည့်စနစ်ကြောင့် ကာလကြာသောအခါ ယို ယွင်းလာပြီး သုံးမိုင်ခွဲတွင်ရေမဝဲကြီးတစ်ခုဖြစ်ခဲ့ပြီး အ ဆိုပါဝဲကြီးအတွင်း သင်္ဘောများမှောက်သည့်ဖြစ်စဉ်များ ရှိခဲ့သည်။ အဆိုပါဝဲကြီးကို ပြေပျောက်စေရန်အတွက် ၁၉၉၀ ပြည့်နှစ်အတွင်းက မြစ်ကြောင်းချဲ့ထွင်ခဲ့သော်လည်း ယခုကာလတွင် အဆိုပါဝဲကြီးကဲ့သို့ "ဝ" မိုင်အနီးပြန် ပေါ်နေခြင်းကြောင့် ကမ်းပြိုမှုထိန်းသိမ်းရန်ခက်ခဲ ခြင်း၊ ရေလမ်းတည်ငြိမ်ရန်ခက်ခဲသဖြင့် ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ရန်စီစဉ်ခြင်းဖြစ်ကာ တူးမြောင်းတစ်လျှောက်ရှိ ကမ်းပြိုကမ်းစားကိုလည်း ပြုပြင်သွားမည်ဖြစ်ကြောင်းသိ ရသည်။

သတင်းအဖွဲ့







# မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ပြည်ထောင်စုဝန်ကြီးဌာနရန်ပုံငွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတို့ဖြင့် ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်နှင့် ပန်းလောင်မြစ်တို့အတွင်းရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီးဌာနရန်ပုံငွေတို့ဖြင့် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလမှ စတင်ဆောင်ရွက်လျက်ရှိပါသည်။ ပြည် ထောင်စုအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်း(၃)ခု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် (၁၉)ခု၊ စုစုပေါင်း လုပ်ငန်း (၂၂)ခုအတွက်ငွေကျပ်(၇)ဘီလီယံခန့် သုံးစွဲ ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုဝန်ကြီးဌာနရန်ပုံ ငွေဖြင့် ကသာမြို့၊ ကသာအဝင်ရေလမ်းကောင်းမွန်ရေး၊ မတ္တရာမြို့နယ်၊ ဆင်ကျွန်းကျေးရွာကမ်းပြိုကာကွယ်ရေး နှင့် ရေလမ်းကောင်းမွန်ရေးနှင့်တံတားဦးမြို့နယ်၊ လက် ဆောင်ယူကျေးရွာနှင့်ပုဏ္ဏားခြံကျေးရွာကမ်းပြိုကာကွယ် ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသိ ရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် စဉ့်ကူးမြို့ နယ်တွင် ကျေးရွာ(၄)ရွာ၊ မတ္တရာမြို့နယ်တွင်ကျေးရွာ(၄) ရွာ၊ တံတားဦးမြို့နယ်တွင်ကျေးရွာ(၃)ရွာ၊ အမရပူရမြို့ နယ်တွင် ကျေးရွာ(၃)ရွာ၊ ငါန်းဇွန်မြို့နယ်တွင် ကျေးရွာ (၃)ရွာ၊ မြင်းခြံမြို့နယ်တွင် ကျေးရွာ(၁)ရွာနှင့်ညောင်ဦးမြို့ နယ်တွင် လောကနန္ဒာဘုရားအောက်ခြေကမ်းပါးထိန်း သိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းအ များစုမှာ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် (၅၀%)ကျော် ပြီးစီးလျက်ရှိပြီး ၂၀၁၈ခုနှစ်၊ မတ်လကုန်တွင်အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းပမာဏကြီးမားသည့်လုပ်ငန်းအချို့သာ ဧပြီ လတွင် ပြီးစီးမည်ဖြစ်ကြောင်း ရေလမ်းကြောင်းကောင်း မွန်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် မြစ်အတွင်းရေလမ်းကြောင်း တည်ငြိမ်ကောင်းမွန်ပြီးရေ ကြောင်းသွားလာမှုကိုအဆင်ပြေချောမွေ့စေလျက်ကုန် စည်စီးဆင်းမှု မြန်ဆန်စေနိုင်မည်ဖြစ်ကြောင်း ကမ်းပြိုကာ ကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များ၊ စိုက်ပျိုးမြေ များ၊ သာသနိကအဆောက်အဦများ၊ ကျောင်း၊ဆေးခန်းစ သည်ဖြင့် ပြည်သူ့အကျိုးပြုအခြေခံအဆောက်အအုံများ အား ကာကွယ်ပေးနိုင်ပြီးမြစ်ကမ်းဘေး နေပြည်သူများ လုံခြုံစိတ်ချစွာနေထိုင်နိုင်ကြမည်ဖြစ် ကြောင်း မန္တလေး တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူးဦးတိုးအောင်လင်း ကပြောသည်။

ထို့ပြင်နိုင်ငံတော်အစိုးရမှ အဆိုပါကာကွယ်ရေးလုပ် ငန်းများအတွက် ရန်ပုံငွေခွင့်ပြုပေးလျက်ရှိသကဲ့သို့ မြစ် ချောင်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မြစ်/ ချောင်း များနှင့် ရေဝေရေလဲဒေသများအတွင်း စည်းကမ်းမဲ့ မိုးတ် သတ္တုတူးဖော်ခြင်း၊ သဲ/ကျောက်စရစ်တူးဖော်ခြင်း၊ သစ် တောများခုတ်ထွင်ရေရှည်တည်တံ့စေရေးအတွက် အစိုး ရဌာနနှင့်ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

တင်မောင်-ပို့/ဆက်

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ လျှောက်လွှာများခေါ်ယူခြင်း




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် လစ်လပ်လျက်ရှိသောလစာနှုန်း (ကျပ်) ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀တန်းဝင်စက်ခေါင်းမောင်း (၄)ရာထူး (၃၀)နေရာနှင့် အငယ်တန်းအင်ဂျင်နီယာ (၄)၊ အချက်ပြဆက်သွယ်ရေးရာထူး (၁၀)နေရာအတွက်လျှောက်လွှာများကို ဧပြီလ (၁၀)ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း အသေးစိတ်သိရှိလိုပါက စက်ခေါင်းမောင်း (၄)အတွက် ဖုန်း-၀၆၇-၇၇၁၁၄ ၊ ၇၇၀၁၄၁ ၊ အငယ်တန်းအင်ဂျင်နီယာ (၄)အတွက် ဖုန်း ၁၆၇၇၇၀၆၉ ၊ ၇၇၁၀၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ရာထူး (၂)ခုလုံးအတွက် အရည်အချင်းသတ်မှတ်ချက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။ ၃၁-၃-၂၀၁၈တွင် စက်ခေါင်းမောင်း (၄)ရာထူးအတွက်အသက် (၃၀)နှစ်ထက်လည်းကောင်း၊ ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက်လည်းကောင်း၊ အငယ်တန်းအင်ဂျင်နီယာ (၄)ရာထူးအတွက် (၂၅)နှစ်ထက်လည်းကောင်း၊ ဝန်ထမ်းဖြစ်ပါက (၃၀)နှစ်ထက်လည်းကောင်း မကျော်လွန်သူကျန်းမာရေးကောင်းမွန်သူများဖြစ်၍ စက်ခေါင်း (၄)ရာထူးအတွက်အနိမ့်ဆုံးပညာအရည်အချင်း AGTI, B-Tech(MP,MT,EP, EC,Mechatronicsနှင့် အငယ်တန်းအင်ဂျင်နီယာ (၄) ရာထူးအတွက် အနည်းဆုံးပညာအရည်အချင်း AGTI, B-Tech (MP, MT,EP,EC,Mechatronicsအောင်မြင်ထားသူဖြစ်ရမည်ဖြစ်ပြီး စက်ခေါင်းမောင်း (၄)ရာထူးအတွက်အနည်းဆုံးအရပ် (၅)ပေ၊ (၂)လက်မကိုယ်အလေးချိန်ပေါင် (၁၁၀)နှင့် (၁၆၀)အတွင်း ရှိရမည်ဖြစ်၍ မျက်မှန် တပ်ဆင်ထားသူမဖြစ်ရနှင့် မြန်မာမီးရထား၊ တိုင်း၊ စက်ရုံအသီးသီးတွင် နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်ဟု သိရသည်။

လျှောက်ထားသူသည် သတ်မှတ်လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ၆လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံ (၃)ပုံ (ကျောဘက်တွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးရန်)၊ ပညာအရည်အချင်း အတွက်ဘွဲ့၊ ဒီပလိုမာအောင်လက်မှတ်မိတ္တူနှင့်တက္ကသိုလ်ဝင်တန်း (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံဝန်ထမ်း (အမြဲတမ်း) မဟုတ်သူများအတွက် သက်တမ်းရှိအလုပ်သမားမှတ်ပုံ တင်ကတ်ပြားမိတ္တူနှင့် (၁)လအတွင်း ရရှိထားသည့်အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက် (မူရင်း)တို့ဖြင့် လျှောက်ထားနိုင်ကြောင်း၊ အဆိုပါရာထူး (၂)ခုလုံးအတွက် သတ်မှတ်လျှောက်လွှာပုံစံကို www. myanma-railways 1877.comတွင် downloadရယူ၍လည်းကောင်း၊ မြန်မာ့မီးရထား (ရုံးချုပ်)၊ နေပြည်တော်ဘူတာကြီးရှိ ဒုတိယအထွေထွေမန်နေဂျာ (စက်မှု၊ သွားလာ) ဌာနတွင် စက်ခေါင်းမောင်း (၄)ရာထူးအတွက်လည်းကောင်း၊ ဝန်ထမ်း (အမြဲတမ်း)များသည်သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်သည့် လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသည့် လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ် ကြောင်းသိရသည်။

မြန်မာ့မီးရထား (ရုံးချုပ်)၊ နေပြည်တော်ဘူတာကြီးတွင် ရေးဖြေစာမေးပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ရသူများစာရင်း၊ ဖြေဆိုခွင့်ကတ်ပြားထုတ်ယူရမည့်နေ့ရက်၊ အချိန်၊ နေရာနှင့် ရွေးချယ်ခံရသူများ၏ စာရင်းများကို www.myanmarailways 1877.com တွင်လည်းကောင်း၊ မြန်မာ့မီးရထား (ရုံးချုပ်)ရှိသက်ဆိုင်ရာဌာနများတွင်လည်းကောင်း၊ ကြေညာပေးမည်ဖြစ်ကြောင်း ရွေးချယ်ခံရပါက ဗဟိုပို့ဆောင်ရေးကျောင်း၊ မိတ္ထီလာတွင် စက်ခေါင်းမောင်း (၄)ရာထူးအတွက် သင်တန်းကာလ (၃၉)ပတ်၊ အငယ်တန်းအင်ဂျင်နီယာ (၄)အချက်ပြဆက်သွယ်ရေးရာထူးအတွက် သင်တန်းကာလ (၂၃)ပတ်သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်စဉ်ကာလအတွင်း လစာနှုန်းကျပ် (၁၅၀၀၀၀/-)ဖြင့် စတင်ခံစားရမည်ဖြစ်ကြောင်း မြန်မာ့မီးရထားတွင်အနည်းဆုံး (၁၀)နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ပိုးအိမ်

---

# "ချမ်းနေရောပေါ့..."

လင်းမြတ်

သည်းနေတဲ့ မိုးရေထဲမှာ
လမ်းရှင်းကွင်းတစ်ဖက်
ဓါတ်မီးတစ်လက်နဲ့
လျှပ်စီးတွေ လက်လက်ထနေတာတောင်
မကြောက်ဝံ့တဲ့သူတွေ...။
မီးရောင်စုံကားတန်းတွေကြား
လမ်းသလားနေတယ်လို့ပြောကြပါရဲ့
ဒေါ်ပွချင်ပေမယ့်...
အသက်ကိုပင်မငဲ့ကွက်
တံခါးရွက်တွေကိုအပြေးပိတ်
သူ့ဘွဲ့ဓါတ်ပုံလေး
အိမ်ခေါင်းရင်းမှာ ချိတ်ထားခဲ့တယ်တဲ့လေ...။
မှိုင်းပျပျအကျီအပြာလေး

ငါမမေ့သေးဘူး
မရှက်ပါဘူး...ဝတ်ရဲတယ် "မေ"
"မေ"ရေ...
ငါခြုံထားတဲ့ခြုံစောင်ပါးပါးလေးက
ခပ်နွေးနွေးတော့ရှိပါရဲ့
ဒါပေမယ့် စိတ်ထဲမှာ မလုံဘူး "မေ"

အခုလိုမိုးသည်းထဲမှာ
သူတို့လေးတွေ
အစွန်လမ်းလွဲ
ဂိတ်တဲတွေဆီမှာ ချမ်းနေရောပေါ့...။
ကောင်းခြင်း မကောင်းခြင်းအသာထား
အကြွေးနဲ့ ပေါင်းသင်းခွင့်ပေးတဲ့

လမ်းထိပ်ကဆိုင်လေးမှာ
ဆန်းဒေးနဲ့ ရူပါ (လီမွန်တီး)
ဘာတီနဲ့ ကော်ဖီမစ်
ရှုဘီပါအဆစ်တိုက်ပါ့မယ်။
ပြီးတော့ ...
ညက အိပ်ပျက်တဲ့အကြောင်း
ဘယ်သူက ဘယ်သူ့ကိုလှုပ်နိုးရတဲ့အကြောင်း
မရိုးအီတဲ့ စကားဟောင်းတွေကို
ပြန်ပြောင်းလို့ ပြောကြဦးစို့...။

မီးရထားဝန်ထမ်း၊ ဝန်ထမ်းငယ်တွေရဲ့ဘဝကို ဖော်ကျူး ရေးသားထားပါသည်။

ရထားသွားလာရေးလုပ်ငန်းများကို ညတာဝန်ထမ်းဆောင်ရင်း ကိုယ်တွေ့ဖြစ်ရပ်လေးများကို ပုံဖော်ရေးသားထားခြင်း ဖြစ်ပါတယ်။

---

» စာ- ၁၈

ထက်မကျော်လွန်သူဖြစ်ရမည်။

သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်(လေဘာ)ပါရှိရမည်။

နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်၊ အောင်လက်မှတ်ထောက်ခံချက်မူရင်း/မိတ္တူများပါရှိရမည်။

ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

အကျင့်စရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်ပါရှိရမည်ဖြစ်သည်။

သတ်မှတ်အရည်အချင်းပြည့်မီသူများ၏ အမည်စာရင်းအား သက်ဆိုင်ရာအလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ဆက်သွယ်တောင်းခံဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အဆိုပါအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများမှပေး ပို့သည့်သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများကိုသာ အရည်အချင်းစိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများမှ ပေးပို့သည့် အရည်အချင်းသတ်မှတ်ချက်နှင့်ပြည့်မီသူများသည် သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်ရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ တွဲဖက်ပြည်နယ်ရုံးများမှ သတ်မှတ်သည့်ရက်တွင် သတ်မှတ်အရည်အချင်းများအတွက် အထောက်အထားမူရင်း၊ မိတ္တူများဖြင့် သွားရောက်ရန်လိုအပ်သည်။

အရည်အချင်းစစ်စာမေးပွဲဖြေဆိုရာတွင် စက်မှုကျွမ်းကျင်-၃၊ အငယ်တန်းစာရေးနှင့်လက်မှုကျွမ်းကျင်-၅ရာထူးများအတွက် ရေးဖြေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများကိုလည်းကောင်း၊ ဒု-လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးအတွက် ရေးဖြေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းနှင့် လက်တွေ့ကျွမ်းကျင်မှုစစ်ဆေးခြင်း ကိုလည်းကောင်း၊ လုံခြုံရေး-၅ရာထူးအတွက်လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်း စစ်ဆေးသွားမည်ဖြစ်သည်။

ရာထူးအလိုက်မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဝန်ကြီးဌာနနှင့်ရုံးဆိုင်ရာဗဟုသုတ၊ ပြည်တွင်းအထွေထွေဗဟုသုတ၊ ပြည်ပအထွေထွေဗဟုသုတ၊ ဖြေဆိုရမည့်ရာထူးလုပ်ငန်း၏ ဗဟုသုတရေးဖြေ ဖြေဆိုရမည့်ဖြစ်သည်။

ကျွမ်းကျင်မှုစစ်ဆေးခြင်းအတွက် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်သည်။

လူတွေ့စစ်ဆေးခြင်းအတွက် ပညာအရည်အချင်း၊ ကိုယ်ရည်ကိုယ်သွေးကောင်းမွန်မှု၊ သွက်လက်ဖြတ်သားမှုနှင့် ထိုးထွင်းဉာဏ်ရှိမှု၊ လုပ်ငန်းဆိုင်ရာလေ့လာဆည်းပူးမှုကောင်းခြင်း၊ အထွေထွေဗဟုသုတပြည့်စုံခြင်းစသည့်ရေးဖြေစစ်ဆေးခြင်းကို (၂၂.၃.၂၀၁၈)ရက် (ကြာသပတေးနေ့)၊ (၁၀း၀၀)နာရီမှ (၁၂း၀၀)နာရီထိရုံးချုပ်၊ နေပြည်တော်ရုံး၊ သက်ဆိုင်ရာတိုင်းဒေသကြီးရုံး၊ ပြည်နယ်တွဲဖက်ပြည်နယ်ရုံးများတွင်လည်းကောင်း၊

လူတွေ့စစ်ဆေးခြင်းကို (၂၃.၃.၂၀၁၈)ရက်(သောကြာနေ့)၊ (၁၀း၀၀)နာရီမှ ပြီးဆုံးသည်အထိရုံးချုပ်၊ နေပြည်တော်ရုံး၊ သက်ဆိုင်ရာတိုင်းဒေသကြီးရုံး၊ ပြည်နယ်၊ တွဲဖက်ပြည်နယ်ရုံးများတွင်လည်းကောင်း

ကျွမ်းကျင်မှုစစ်ဆေးခြင်းကို

(၁)ကျင်းပမည့်ရက်-(၂၃.၃.၂၀၁၈)ရက်(သောကြာနေ့)

(၂)ကျင်းပမည့်အချိန်- (၁၃း၀၀)နာရီမှပြီးဆုံးသည်အထိ

(၃)ကျင်းပမည့်နေရာ-ရုံးချုပ်၊ နေပြည်တော်ရုံး၊ သက်ဆိုင်ရာတိုင်းဒေသကြီးရုံး၊ ပြည်နယ်၊ တွဲဖက်ပြည်နယ်များတွင် ဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး(စီမံ)

| | |
|---|---|
| ညွှန်ကြားရေးမှူး(စီမံ) | ၀၆၇-၄၀၅၀၉၈ |
| | ၀၆၇-၄၀၅၁၉၈ |
| နေပြည်တော်ရုံး | ၀၆၇-၅၁၀၀၆၂ |
| တိုင်းဒေသကြီးရုံး(ရန်ကုန်) | ၀၁-၈၅၆၂၇၅၇ |
| တိုင်းဒေသကြီးရုံး(မန္တလေး) | ၀၂-၇၁၈၇၀ |
| တိုင်းဒေသကြီးရုံး(ပဲခူး) | ၀၅၂-၂၂၃၀၈၆၆ |
| | ၀၅၂-၂၂၂၁၂၂၄ |
| တိုင်းဒေသကြီးရုံး(စစ်ကိုင်း)မုံရွာ | ၀၇၁-၂၅၇၁၀ |
| ပြည်နယ်ရုံး(တောင်ကြီး) | ၀၈၁-၂၁၂၃၈၄၈ |
| ပြည်နယ်ရုံး(မော်လမြိုင်) | ၀၅၇-၂၀၂၄၀၃၉ |
| တိုင်းဒေသကြီးရုံး(မကွေး) | ၀၆၃-၂၀၂၃၇၃၀ |
| | ၀၆၃-၂၀၂၅၁၂၈ |
| တိုင်းဒေသကြီးရုံး(ထားဝယ်) | ၀၅၉-၂၀၂၁၁၈၈ |
| တိုင်းဒေသကြီးရုံး(သန်လျင်) | ၀၄၂-၂၄၅၁၃ |
| | ၀၄၂-၂၄၄၈၅ |
| ပြည်နယ်ရုံး(မြစ်ကြီးနား) | ၀၇၄-၂၅၂၀၂၆၁ |
| ပြည်နယ်ရုံး(ဘားအံ) | ၀၅၈-၂၂၁၆၁ |
| ပြည်နယ်ရုံး(စစ်တွေ) | ၀၄၃-၂၂၈၁၄ |
| ပြည်နယ်ရုံး(ဟားခါး) | ၀၇၀-၂၁၀၉၂ |
| ပြည်နယ်ရုံး(လွိုင်ကော်) | ၀၈၃-၂၂၂၂၄၇၇ |

စသည့်ဖုန်းနံပါတ်များသို့ တိုက်ရိုက်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ သိရသည်။

ကျော်ကျော်

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com

၂၁ - ၃ - ၂၀၁၈ (ဗုဒ္ဓဟူးနေ့)



# "အားကိုးပါရစေ MPT"

MPT ADSL လိုင်းပျက်တာ၊ အင်တာနက်နှေးတာတွေအတွက် Complainတင်ချင်ရင်အရင်ကဖုန်းနံပါတ် "၆၅၀၈၇၀"ကို ဆက်လိုက်တာနဲ့ တာဝန်ကျတဲ့သူနဲ့ တိုက်ရိုက်ပြောပြခွင့်လို့ရသလို သူတို့ကလည်းချက်ခြင်း ဆောင်ရွက်ပေးလို့ အဆင်ပြေခဲ့ပါတယ်။

ခုတော့ MPT ADSLလိုင်းပျက်တာ၊ အင်တာနက်နှေးတာတွေအတွက် Complain တင်ချင်ရင်အရင်ကလို ဖုန်းနံပါတ် "၆၅၀၈၇၀"ကို ဆက်လို့ တာဝန်ရှိသူနဲ့ တိုက်ရိုက်ပြောလို့မရတော့ပါဘူး။ မပြီးနိုင်မစီးနိုင်တဲ့ ကြော်ငြာတွေနားထောင်ရတယ်။ ဟိုဂဏန်းနှိပ်ပါ ဒီဂဏန်းနှိပ်ပါနဲ့ လိုရင်းမရောက်၊ အော်မရေတာနဲ့ပြောတော့လည်း သူတို့ကိုရှင်းပြလို့က နားမလည်ပါးမလယ်။ နောက်ဆုံးအဖြေက ကွန်ပလိန်းတင်ပေးပါ့မယ်၊ လိပ်စာပြောပါ၊ ဖုန်းနံပါတ်ပြောပါ၊ အမည်ပြောပါနဲ့မေးလို့ကမဆုံး အဖြေကမရ။ အရင်ကဆို ပြောပြလိုက်တာနဲ့ သူတို့ကသဘောပေါက်တော့ချက်ခြင်း ဖြေရှင်းပေးနိုင်ခဲ့တယ်။

မနေ့က ADSLလိုင်းမကောင်းလို့ ကွန်ပလိန်းတင်ထားတယ်။ ခုချိန်ထိလိုင်းကမကောင်းဘူး၊ အကျိုးအကြောင်းလည်း မဆက်သွယ်လာဘူး။ ဒီနေ့ထပ်ပြီးတော့ ဖုန်းနံပါတ် "၆၅၀၈၇၀"ကိုဆက်ပြီး အကျိုးအကြောင်းမေးကြည့်တယ်လိုရင်းမရပါ။ ကွန်ပလိန်းတင်ပေးထားပါတယ်။ စောင့်ပေးပါတဲ့ဘယ်လောက်စောင့်ပေးရမလည်းဆိုတော့(၇)ရက်တစ်ပါတ်စောင့်ပါတဲ့၊ ခုခေတ်က ICT ခေတ်၊ နည်းပညာခေတ်ကြီးမှာ တစ်စက္ကန့်လေးတောင်မှ ကွန်ယက်ပြတ်တောက်ခံရလို့မရတဲ့ခေတ်၊ နိုင်ငံတော်ကလည်း e-goverment စနစ်ကိုဖော်ဆောင်နေချိန်မှာ အဓိကကျတဲ့ ဆက်သွယ်ရေးကွန်ယက်မပြတ်ပို့တော့လိုအပ်ပါတယ်။

MPTက ဝန်ဆောင်မှုပေးနေတဲ့ အင်တာနက်ကွန်ယက်များ ပြတ်တောက်မှုများဖြစ်ပေါ်လာပါက အချိန်နှင့်တပြေးညီ ဖြေရှင်းပေးနိုင်မည့် ကျွမ်းကျင်သူများစုဖွဲ့တာဝန်ချထားသင့်ပြီး ၎င်းအဖွဲ့နှင့်တိုက်ရိုက်ဆက်သွယ်ရရှိနိုင်မည့်တယ်လီဖုန်းလိုင်းများ တပ်ဆင်ပေးခြင်း၊ လူမှုကွန်ယက်စာမျက်နှာဖွင့်လှစ်ထားရှိ သင့်တယ်လို့ထင်ပါတယ်။ "အားကိုးပါရစေ MPT ရေ"

စိုးမြင့်ဆွေ



# ရန်ကုန်-မန္တလေးသင်္ကြန် အထူးရထား ပြေးဆွဲပေးမည်

ခရီးသွားပြည်သူများနှင့် နေရပ်ပြန်ဝန်ထမ်းများ အဆင်ပြေစေရန် ပုံမှန်ရထားများအပြင် ရန်ကုန်-မန္တလေးခရီးစဉ်အတွက် သင်္ကြန်အထူးရထားပြေးဆွဲပေးမည် ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

"သင်္ကြန်အထူးရထား ပြေးဆွဲဖို့စီစဉ်နေပြီး နှစ်စဉ်နှစ်တိုင်းပြေးဆွဲခဲ့တာဖြစ်ကြောင်း သင်္ကြန်ရက်မတိုင်ခင်စပြေးပေးပြီးနောက် ရုံးပြန်မဖွင့်ခင်ဆွဲပေးမှာ ဖြစ်ကြောင်း သင်္ကြန်ကာလအတွင်း အထူးရထားအဖြစ် ရန်ကုန်-မန္တလေးအထူးရထားကို အဓိကထားပြေးဆွဲပေးမည်ဖြစ်ပြီး ဝန်ထမ်းများသီးသန့်အတွက် ရန်ကုန်-နေပြည်တော်ခရီးစဉ်ကို ပြေးဆွဲပေးမည်ဖြစ်ကြောင်း ရန်ကုန်-မန္တလေးခရီးအတွက် သင်္ကြန်ပွဲတော်ရက်မတိုင်ခင် ငါးရက်နှင့် သင်္ကြန်ပွဲတော်အပြီး ငါးရက်တို့တွင် အထူးရထားပြေးဆွဲပေးရန် လျာထားကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

လက်မှတ်ဈေးနှုန်းများအနေနှင့် ပုံမှန်အတိုင်းရောင်းချရန် ဆောင်ရွက်ထားပြီး ရိုးရိုးတန်းကျပ် ၄၆၅၀၊ အထက်တန်းကျပ် ၉၃၀၀ ၊ အိပ်စင်ကျပ် ၁၂,၇၀၀တို့ဖြစ်ကြောင်း၊ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် အမြန်ရထားခြောက်စင်း၊ စာပို့ရထားနှစ်စင်းနှင့် ရန်ကုန်-နေပြည်တော်အစုန်အဆန်လေးစင်းဖြင့် ပြေးဆွဲလျက်ရှိကြောင်း မြန်မာ့မီးရထား၊ တိုင်း-၇(သွားလာပို့ဆောင်ရေးဌာန)ထံမှ သိရသည်။

ကျော်ကျော်

# ရန်ကုန်မြို့ရှိ စာတိုက် ၃ခုတွင် မိတ္တူကူးဝန်ဆောင်မှုပေးမည်



ရန်ကုန်စာတိုက်ကြီးအပါအဝင် ကျောက်တံတားနှင့် ရန်ကုန်တက္ကသိုလ်စာတိုက်တွေမှာ ဖေဖော်ဝါရီလကစ၍ မိတ္တူကူးစက်များထားရှိပြီး မိတ္တူကူးခြင်းဝန်ဆောင်မှုများကို စာတိုက် ၃ခုတွင် စတင်လုပ်ဆောင်နေပြီဖြစ်သည်။

စာတိုက်ဝန်ဆောင်မှုကို အသုံးပြုတဲ့ပြည်သူများအနေဖြင့် မိမိတို့၏ အရေးကြီးစာရွက်စာတမ်းများအပြင် အခြားအရေးကြီးပစ္စည်းများ ပေးပို့ရာတွင်မှတ်ပုံတင်၊ နိုင်ငံကူးလက်မှတ်အထောက်အထား ပြေစာမိတ္တူလိုအပ်ပြီး အဆိုပါပေးပို့မှုများတွင် အနီးနားပတ်ဝန်းကျင်ရှိ မိတ္တူဆိုင်တွေမှာ သွားရောက်ကူးယူရပြီး အချိန်ကုန်လူပင်ပန်းဖြစ်ရသည်။ ယခုအခါ မြန်မာ့စာတိုက်လုပ်ငန်းနှင့် ဂျပန်နိုင်ငံ (Ministry of Internal Affairs and Communications) တို့အကြား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်မှ စီမံချက်တစ်ခုအဖြစ် Fuji Xeroxမှ မြန်မာ့စာတိုက်နှင့် ပူးပေါင်းကာအများပြည်သူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ယခုအစီအစဉ်ကို စတင်ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးမန်နေဂျာဦးသောင်းနိုင်စိုးက ပြောသည်။

ယခုအသုံးပြုသည့်စက်သည် ဂျပန်ဖြစ်မိတ္တူကူးစက်ဖြစ်ပြီး ကူးခ A3, A4 Legal ၅၀ကျပ်၊ A3 Legal Colour ၅၀၀ကျပ်၊ A3 Legal ၇၀၀ကျပ်သတ်မှတ်ထားကြောင်းလည်း သိရသည်။ ဂျပန်နိုင်ငံအနေဖြင့် ၂၀၁၄ခုနှစ်မှစတင်ကာ မြန်မာ့စာတိုက်ဖွံ့ဖြိုးရေးအတွက် နည်းပညာအကူအညီများပေးလျက်ရှိပြီး၊ ကနဦးအနေဖြင့် ရန်ကုန်တက္ကသိုလ်အပါအဝင်တက္ကသိုလ် (၈)ခုရှိ ကျောင်းသား/ကျောင်းသူ (၈၀၀၀)ကျော်အတွက် လက်ကမ်းကြော်ငြာများ ပေးဝေကာ၊ မြန်မာ့စာတိုက်၏ အသုံးဝင်မှုနှင့် အရေးပါပုံကို Japan Specialisအများကို ကိုယ်တိုင်ကျောင်းသား/သူတစ်ဦးချင်းစီအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တွင် လက်ရှိအသုံးပြုနေသော စာတိုက်ပုံးများအစားဂျပန်နိုင်ငံ၏ နောက်ဆုံးပေါ် ရာသီဥတုနှင့် သဘာဝဘေးဒဏ်ခံနိုင်သည့်စာတိုက်ပုံးသစ်များဖြစ်သည့် နည်းပညာမြင့်စာတိုက်ပုံးများဖြင့် ပြောင်းလဲတပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

ယခုအခါမြန်မာ့စာတိုက်လုပ်ငန်းက တက္ကသိုလ်ကျောင်းသား/သူများ တစ်နေရာတည်းတွင် အစဉ်ပြေ စွာဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်တက္ကသိုလ်အတွင်း ကမာရွတ်စာတိုက်တွင် ငွေပို့/ငွေလွှဲလုပ်ငန်းများစာနှင့် ပို့စ်ကတ်၊ အစားအသောက်နှင့် လက်ဆောင်ပစ္စည်းများပေးပို့/ လက်ခံခြင်းများ တစ်နေရာတည်းတွင် တက္ကသိုလ်ကျောင်းသား/ကျောင်းသူများအစဉ်ပြေစွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်းလည်း သိရသည်။

လှမျိုး ဆ.သ.ရ

# မြန်မာ့စာတိုက်လုပ်ငန်းက တံဆိပ်ခေါင်းများ ရေရှည်တည်တံ့စေရေး ဆောင်ရွက်မည်


မြန်မာ့စာတိုက်လုပ်ငန်းက လွတ်လပ်ရေးမတိုင်မီကာလထုတ် မြန်မာစာပို့တိုက်ထုတ်တံဆိပ်ခေါင်းနှင့် ၁၉၄၈ခုနှစ်လွတ်လပ်ရေးရပြီးကာလနောက်ပိုင်းတွင် မြန်မာ့စာတိုက်လုပ်ငန်းက နိုင်ငံတော်၏အရေးကြီးနေ့ထူး နေ့မြတ်များအပါအဝင်၊ သာသနာတော်ဆိုင်ရာနေ့ထူးနေ့မြတ်များ၊ ရတုအထိမ်းအမှတ်အခမ်းအနား၊ အားကစား၊ ကျန်းမာရေးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ နေ့ထူးများအပါအဝင် အာဆီယံတည်ထောင်ခြင်းနှစ်ပြည့်အခမ်းအနားများအတွက် အထိမ်းအမှတ်တံဆိပ်ခေါင်းများကိုထုတ်ဝေလျက်ရှိသည်။ အဆိုပါ တံဆိပ်ခေါင်းများတွင် အစဉ်သုံးတံဆိပ်ခေါင်းနှင့် အထိမ်းအမှတ်အခမ်းအနားအတွက် အထူးထုတ်ဝေသည့် (အထူးထုတ်) တံဆိပ်ခေါင်းဟူ၍ ထုတ်ဝေလျက်ရှိကြောင်းသိရသည်။


ယင်းတံဆိပ်ခေါင်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျဆောင်ရွက်သွားမည်ဟု မြန်မာ့စာတိုက်လုပ်ငန်းက သိရသည်၊ ယခုနှစ်ဧပြီလကစ၍ စက်တင်ဘာလအတွင်း မြန်မာ့စာတိုက်လုပ်ငန်း၊ ဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေမှာ ဖော်ပြထားသည်။

ဆက်လက်၍ မြန်မာ့စာတိုက်လုပ်ငန်းအနေနဲ့ ခေတ်အဆက်ဆက်အသုံးပြုခဲ့တဲ့ အစဉ်သုံးတံဆိပ်ခေါင်းများနှင့် အထူးတံဆိပ်ခေါင်းတွေ ရေရှည်တည်တံ့နိုင်စေရန်အတွက် တံဆိပ်ခေါင်းကို ဒေါင်တွေမှာ၊ လိုအပ်တဲ့၊ လုံခြုံရေးကိရိယာများနှင့် စက်ပစ္စည်းများတပ်ဆင်အသုံးပြုဆောင်ရွက်သွားမယ်လို့ ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ်အတွင်း နေပြည်တော်မှာ တံဆိပ်ခေါင်းဂိုဒေါင်ဆောက်လုပ်ပြီး၊ လိုအပ်တဲ့ လုံခြုံရေးကိရိယာတွေ တပ်ဆင်ပြီး၊ မြန်မာ့စာတိုက်လုပ်ငန်းရဲ့ရေရှည်ထိမ်းသိမ်းရမည့် လုပ်ငန်းမှာတစ်ခုဖြစ်ကြောင်း သိရသည်။

လှမျိုး-ဆ.သ.ရ











# ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာနခွဲအသီးသီးတွင် ရေယာဉ်အန္တရာယ်ကင်းရှင်းရေး ဇာတ်တိုက်လေ့ကျင့်မှု (Drill Exercise) များ အပတ်စဉ်ဆောင်ရွက်လျက်ရှိ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းဌာနမှ ပြည်နယ်၊ တိုင်းဒေသကြီးရှိ ရေကြောင်းဌာနခွဲရုံးအသီးသီးတွင် မိုးမကျမီ ရေယာဉ်များအန္တရာယ်ကင်းရှင်းရေးစီမံချက်များဖြင့် ဇာတ်တိုက်လေ့ကျင့်မှုသင်တန်းများဖွင့်လှစ်ပို့ချစေပြီး ရေကြောင်းဌာနခွဲအသီးသီးမှ လ/ထရေကြောင်းဌာနမှူးချုပ်များ ကိုယ်တိုင်ဦးဆောင်၍ ရေယာဉ်လိုက်ဝန်ထမ်းများနှင့်အတူ ရေယာဉ်များပေါ်တွင် ရေယာဉ်အန္တရာယ်ကင်းရှင်းရေးစီမံချက်ပါ ဆောင်ရွက်ရမည့်အချက် (၁၂) ချက်အား ဖေဖော်ဝါရီလ စတုတ္ထပတ်မှစတင်၍ တစ်ပတ်လျှင် (၂)မျိုးကို ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ၁၈၆၅မှ စတင်လုပ်ကိုင်ခဲ့သည့်ဧရာဝတီဖလိုလီတာကုမ္ပဏီ I.F.C အား၁၉၄၈ ခုနှစ်၊ ဇွန်လ (၁)ရက်တွင် နိုင်ငံပိုင်အဖွဲ့အစည်းအဖြစ်မြန်မာနိုင်ငံအနှံ့ရှိ မြစ်ကြီး၊ မြစ်ငယ်များနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ဒေသခံပြည်သူများအား ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအား ဝန်ဆောင်မှုပေးခဲ့သည်မှာယနေ့တိုင်ဖြစ်သည်။

ပို့ဆောင်ရေးဌာနခွဲ ၆ခုမှာ ဧရာဝတီဌာနခွဲ၊ ချင်းတွင်းဌာနခွဲ၊ မြစ်ဝကျွန်းပေါ်ဌာနခွဲ၊ ကုန်စည်ဌာနခွဲ၊ သံလွင်ဌာနခွဲ၊ ရခိုင်ဌာနခွဲနှင့် သင်္ဘောကျင်း ၆ခုမှာ ဒလသင်္ဘောကျင်း၊ ဒဂုံဆိပ်ကမ်းသင်္ဘောကျင်း၊ မုတ္တမသံလွင်သင်္ဘောကျင်း၊ စစ်တွေသင်္ဘောကျင်း၊ ရတနာပုံသင်္ဘောကျင်း၊ မုံရွာသင်္ဘောကျင်းများဖြင့် စုဖွဲ့တည်ဆောက်ဝန်ဆောင်မှုပေးလျက်ရှိသည်။ လမ်း၊ တံတားများတိုးချဲ့ကောင်းမွန်လာမှုသည် ရေကြောင်းပို့ဆောင်ရေးအား အဝိုင်းအတာတစ်ခုအထိ ပြောင်းလဲစေသည်ဟုဆိုကြသော်လည်း ကမ္ဘာ့ကုန်သွယ်မှု၏ အဓိကလမ်းကြောင်းသည် ရေကြောင်းပို့ဆောင်ရေးဖြစ်သည်။

ကုန်းပေါ်တွင် စက်သုံးဆီ ၄ဂါလံသုံးစွဲလုပ်ဆောင်ပြီးစီးသည့်အလုပ်သည် ရေကြောင်းတွင် ၁ဂါလံထည့်သွင်းညီမျှသည်ဟု ပညာရှင်များက တွက်ချက်ပြောကြားကြသည်။

စက်ရုံပစ္စည်းများ၊ စီမံကိန်းဆောက်လုပ်ရေးပစ္စည်းများကဲ့သို့ ကြီးမားလေးလံသည့်ကုန်များကို ရေကြောင်းပို့ဆောင်ရေးဖြင့် တစုတစည်းတည်းသယ်ဆောင်နိုင်ပြီး၊ တနေရာတည်းအရောက်ပို့ဆောင်နိုင်သည်။သယ်ဆောင်သည့်အချိန်ကာလခြားနားမှုရှိသော်လည်း ကုန်ကျစရိတ်နှင့် ပျက်စီးဆုံးရှုံးမှုလွန်စွာသက်သာနည်းပါးစေသည့်အကျိုးကို ရရှိစေသည်။

ပြောင်းလဲလာသည့်ကုန်စည်ပို့ဆောင်မှုကိုအားဖြည့်နိုင်ရန် မြစ်တွင်းကုန်သေတ္တာပို့ဆောင်ရေးအတွက် ကြိုတင်ပြင်ဆင်လျှက်ရှိသကဲ့သို့ ဝန်ကြီးဌာန၏ အစီအမံဖြင့် ကုန်းတွင်းကုန်သေတ္တာဆိပ်ကမ်း (Dry Port)များတည်ဆောက်လျက်ရှိသည်ကိုလည်း သတင်းကောင်းပေးလိုပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် Safety, Service, Image ဟူသည့်လုံခြုံစိတ်ချရခြင်း၊ ဝန်ဆောင်မှုကောင်းခြင်း၊ လုပ်ငန်းအသွင်အပြင်ကောင်းမွန်ခြင်းကို လုပ်ငန်းဆောင်ပုဒ်အဖြစ် ခံယူဖြည့်ဆည်းပြင်ဆင်ဆောင်ရွက်လျှက်ရှိသည်။

Safety တွင် ရေယာဉ်လုံခြုံရေး၊ ခရီးသည်လုံခြုံရေးဟူ၍ရှိရာ ရေယာဉ်နှင့် ခရီးသည်လုံခြုံရေးအတွက်ရာသီအလိုက်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ လိုက်နာဆောင်ရွက်မှုကို ကြီးကြပ်စစ်ဆေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်လျှက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းဌာနခွဲအသီးသီးမှ လ/ထရေကြောင်းဌာနမှူးချုပ်နှင့် ဝန်ထမ်းများစုပေါင်း၍ ရေယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ခရီးသည်များရေထဲသို့ ကျသွားပါက ရေယာဉ်ဝန်ထမ်းများမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဦးစွာဆောင်ရွက်ပြီးပါက ခရီးသည်အား ရှေးဦးသူနာပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ်ကျရောက်ပါက မီးငြိမ်းသတ်ခြင်း၊ ရေယာဉ်အန္တရာယ်များကျရောက်လာပါက ခရီးသည်များအားအသိပေးလှုံ့ဆော်မှုများကို ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင် မော်လမြိုင်-သံလွင်ဌာနခွဲတွင်လည်းကောင်း၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် မုံရွာမြို့၊ ချင်းတွင်းဌာနခွဲတွင်လည်းကောင်း၊ မတ်လ(၅)ရက်နေ့တွင် မန္တလေးမြို့၊ ဧရာဝတီဌာနခွဲနှင့် စစ်တွေမြို့ရခိုင်ဌာနခွဲတွင်လည်းကောင်း၊ မတ်လ (၈)ရက်နေ့နှင့် (၁၃)ရက်နေ့များတွင် ရန်ကုန်မြို့ရှိ၊ မြစ်ဝကျွန်းပေါ်ဌာနခွဲနှင့် ကုန်ပို့ဆောင်ရေးဌာနခွဲတို့တွင် ဇာတ်တိုက်လေ့ကျင့်မှု (Drill Exercise) များဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဇာတ်တိုက်လေ့ကျင့်ရာတွင် ရေယာဉ်နှင့် ဝန်ထမ်းများလေ့ကျင့်ခြင်း၊ ခရီးစဉ်တလျှောက် သရုပ်ပြခြင်း၊ ခရီးသည်များအားပါဝင်ဆောင်ရွက်ခြင်းများ ပြုလုပ်လျှက်ရှိ ကြောင်းသိရှိရသည်။

တင်မောင် - ပို့/ဆက်

# သူရ မချစ်ပို



ခင်မိခြည်








နွေရာသီရောက်လာပြီဖြစ်သည့်နှင့်အညီ မြန်မာနိုင်ငံ၏ နေရာဒေသတော်တော်များများတွင် အပူဒဏ်ကို သိသာစွာခံစားလာရပြီဖြစ်သည်။ သို့သော်ပြင်ဦးလွင်မြို့လေးကတော့ အပူရှောင်ရာအေးချမ်းလှပသည့်မြို့လေးတစ်မြို့ဖြစ်သည်။ ထိုသို့အေးချမ်းလှပသည့်မြို့လေး၏ တစ်နေရာတွင် အေးချမ်းစွာတည်ရှိနေသည့် အုပ်ဂူနီနီလေးတစ်လုံးရှိလေသည်။ သို့သော်ထိုအုတ်ဂူနီနီလေးမှာ သာမန်အုတ်ဂူတစ်လုံးတော့မဟုတ်။ ပြင်ဦးလွင်မြို့ဟုဆိုလျှင် ထိုအုပ်ဂူနီနီလေး၏အကြောင်းတစ်စုံတစ်ရာကို ချန်လှန်းထားပါက ပြီးပြည့်စုံလိမ့် မည်မဟုတ်ချေ။

ပြင်ဦးလွင်မြို့ မန္တလေး–လားရှိုးကားလမ်းအနီးရပ်ကွက်ကြီး(၁)၊ထုံးဘိုရပ် ကတ္တရာလမ်းအနက်ရောင်ဖျော့ဖျော့ရှိသည့်အာဇာနည်လမ်းမထက်တွင် ထိုအုတ်ဂူနီနီလေးရှိနေပါသည်။ အုတ်ဂူထက်တွင် ထိုအုတ်ဂူလေး၏ အမည်ရှင်ဖြစ်သည့် "သူရမချစ်ပို" ဟုရေးထိုးထားပြီး အုတ်ဂူ၏ဘယ်ဘက်တွင်တော့ လေ့ကျင့်ရေး အင်ဂျင်နီယာတပ်ရင်းတပ်ကြပ်လှမောင်၏ဇနီး သူရမချစ်ပိုအသက်(၄၂)နှစ် ၁၃၁၁ခုနှောင်းတန်ခူးလဆန်း (၁၁)ရက်သောကြာနေ့–၁၉၄၉ခုနှစ် ဧပြီလ(၈)ရက်နေ့တွင်နိုင်ငံတော်အတွက် အသက်စွန့်လှူခဲ့သည်ဟု လည်းကောင်း အုတ်ဂူ၏ညာဘက်တွင်

" ရဲရေးရောက်သော်၊ရွံ့ကြောက်မဲ့တွန်
နိုင်ငံဝန်း၌၊ဂုဏ္ဍဏ်ယက္ခ
နာဂခြင်္သေ့၊ရင်ဆိုင်တွေ့လည်း
ခွာ၍မတွန့်၊အသက်စွန့်လေ့ " ရှင်မဟာရဋ္ဌသာရ၏ ကဗျာကိုရေးထိုးထားသည်ကိုတွေ့ရသည်။ ထိုအုတ်ဂူနီနီလေးဘေးပတ်လည်တွင်ကား သူမကိုဂုဏ်ပြုထားသည့် နှင်းဆီပန်းလေးများကို တွေ့ရမည်ဖြစ်ပြီး ထိုနှင်းဆီပန်းလေးများကာ ညှိုးခြောက်၍နေပြီဖြစ်သည်။ သို့သော်"သူရမချစ်ပို" ဆိုသည့် သူမ၏သမိုင်းကာ ညှိုးခြောက်ခြင်းမရှိ၊ နိုင်ငံတော်မှပင်သူရဘွဲ့ချီးမြှင့်ပေးထားသည့် တည်ဦးတည်သော အမျိုးသမီးအဖြစ်ကမ္ဗည်းတင်နေပြီဖြစ်သည်။

"သူရမချစ်ပို"ဟူသည် လွတ်လပ်ရေးရပြီးစ နိုင်ငံရေးမငြိမ်သက်ချိန်တွင် မေမြို့ (ပြင်ဦးလွင်မြို့)ကိုကာကွယ်ရန်အတွက် နေ့ပိုင်းတွင် သတင်းထောက်လှမ်းခြင်း ညပိုင်းတွင်တိုက်ခိုက်ရေးတွင် ကိုင်တိုင်ပါဝင်ဖြင့် အသက်ပေးခဲ့သူ ထားဝယ်သူအမျိုးသမီးလေး"မချစ်ပို" ဖြစ်လေသည်။

မချစ်ပိုကို ၁၉၀၇ခုနှစ်တွင် မွေးဖွားခဲ့ပြီးထားဝယ်မြို့တွင် ကြီးပြင်းခဲ့သည်။ မချစ်ပိုသည် ထားဝယ်သူပီပီစကားပြောလျှင် အသံဝဲဝဲနှင့် အသားကမဖြူမညို မျက်နှာကျမှာ လေးထောင့်စပ်စပ်၊ အရပ်အမောင်းမှာ ငါးပေသုံးလက်မခန့်ရှိသည့် ချစ်စရာကောင်းသော အမျိုးသမီးတစ်ဦးဖြစ်သည်။

၁၉၄၉ခုနှစ် ဖေဖော်ဝါရီလ ၂၁ရက်နေ့တွင် ကေအင်ဒီအိုအဖွဲ့များသည် မေမြို့ (ပြင်ဦးလွင်မြို့)ကို အလစ်အငိုက် စီးနင်းသိမ်းပိုက်လိုက်နိုင်ခဲ့သည်။ ထိုစဉ်ကမေမြို့ရှိ အမှတ် (၁)စစ်မြေပြင် အင်ဂျင်နီယာတပ်ခွဲ (ဘီအီး)နှင့် အမှတ် (၂)စစ်မြေပြင်အင်ဂျင်နီယာ တပ်ခွဲတို့မှအရာရှိစစ်သည်များသည် ဗိုလ်မှူးထင်ပေါ်နှင့် ဗိုလ်ကြီးဘဖြူတို့၏ ခေါင်းဆောင်မှုဖြင့် ရသမျှလက်နက်ခဲယမ်းများ သိမ်းဆည်းပြီး လားရှိုးဘက်သို့ ဆုတ်ခွာသွားခဲ့ကြသည်။

ဆုတ်ခွာသွားသော တပ်များသည် လားရှိုးဘက်တွင် ပြန်လည်စုဖွဲ့ပြီး မေမြို့သို့ ပြန်လည်ချီတက်ခဲ့သည်။ ရေချမ်းအိုးဘက်တွင် တိမ်းရှောင်နေကြသော ဘီအီးတပ်မှ အရာရှိစစ်သည်များနှင့် ကျန်တပ်ပေါင်းစုံမှ တပ်ဖွဲ့ဝင်များလည်း ဘီအီးတပ်တွင် လာရောက်စုပေါင်းခဲ့ကြသည်။ သို့ဖြင့် ဖေဖော်ဝါရီလ ၂၄ရက်တွင် မေမြို့ကို ပြန်လည်တိုက်ခိုက်ရာ ဘီအီးတပ်ကုန်း (ယခုအင်ဂျင်နီယာတပ်) နေရာကို ပြန်လည်ရရှိပြီး လက်နက်ခဲယမ်းများကိုပါ ရရှိလိုက်သည်။ မြို့တွင်းဆက်လက်တိုက်ခိုက်သော တပ်ဖွဲ့ များသည်လည်း မေမြို့–လားရှိုးလမ်းတစ်လျှောက် မြို့မ ရုပ်ရှင်ရုံထိ သိမ်းပိုက်လိုက်နိုင်ခဲ့သည်။

ဖေဖော်ဝါရီလ ၂၄ရက်တွင် ခြေကုတ်စခန်းများရရှိပြီး ဆက်လက်ဖြစ်ပွားခဲ့သော တိုက်ပွဲများမှာ မြို့တွင်းတိုက်ပွဲ

ရန်သူသတင်းကိုယူနိုင်ရန်အတွက် ခမောက်တစ်လုံးဆောင်၊ တုတ်တစ်ချောင်းကိုင်ကာ နွားကျောင်းသူယောင်ဆောင်၍ သွားခဲ့သည် နွားလေးငါးဆယ်ကောင်ပါသဖြင့်လည်း မချစ်ပိုကို နွားကျောင်းနေသည် ဟုသာ ရန်သူကထင်နေခဲ့ ......

ကျွန်မလုံချည်ကြီးနဲ့သွားလာရတာလှုပ်ရှားလို့သိပ်မလွယ်ဘူး။ ကျွန်မဘောင်းဘီဝတ်မယ်။ ပြီးတော့လက်ပစ်ဗုံးက နေရာတိုင်းသုံးလို့မရဘူး။ သေနတ်နဲ့ဆိုပိုကောင်းမယ်။ နေ့ဘက်မှာ ကျွန်မထောက်လှမ်းထားတဲ့နေရာတွေကို ညဘက်မှာ ကျွန်မရှင်တို့နဲ့အတူ လိုက်တိုက်မယ် ......

သဏ္ဍာန်ဖြစ်ခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် ခြေကုတ်စခန်းများကိုအားပြုပြီး အဖွဲ့ငယ်များလွှတ်ကာ အပြန်အလှန်တိုက်ခိုက်ကြခြင်းဖြစ်သည်။ ထိုသို့သောအခြေအနေမျိုးတွင် ရန်သူ့သတင်းထောက်လှမ်းရေးတာဝန်ကို ယူလိုက်သူမှာ "မချစ်ပို" ဆိုသော မိန်းကလေးတစ်ဦးပင်ဖြစ်သည်။

မချစ်ပိုတစ်ယောက် မေမြို့ရှိ ဘီအီးတပ်သို့ရောက်ရှိခဲ့ပုံမှာ မချစ်ပို၏ မောင်ဖြစ်သူတစ်ဦးမှာ ဘီအီးတပ်ထဲသို့ဝင်သွားသည်ဟု ကြားရသဖြင့် လိုက်ရာရင်းမေမြို့ရှိ ဦးကြွယ်–ဒေါ်ပုတို့ အိမ်တွင်နေဖြစ်သွားသည်။ ထို့နောက်တွင် ဦးကြွယ်တို့နှင့်ရင်းနှီးသော ဘီအီးတပ်မှ တပ်ကြပ်လှမောင်နှင့် အိမ်ထောင်ပြုလိုက်သည့် တပ်ကြပ်လှမောင်မှာ ထမင်းချက်တာဝန်ယူထားသော်လည်း အခြေအနေပေးလျှင် တိုက်ခိုက်သည့်အဖွဲ့တွင် ပါသွားပြန်သည်။

ထိုစဉ်က အင်ဂျင်နီယာတပ်ဖွဲ့များက လေ့ကျင့်ရေးတပ်ကုန်းမှနေ၍ ရင်ဆိုင်ထားသည်။ တစ်ဖက်နှင့်တစ်ဖက်အဖွဲ့ငယ်များဖြင့် အပြန်အလှန်သွားရောက်ပစ်ခတ်ကြရင်းမှ တစ်နေ့တွင် တပ်ကြပ်လှမောင်အားသေနတ်မှန်ပြီးဒဏ်ရာရလာခဲ့သည်။ ထိုအဖြစ်ကြောင့် တပ်ကြပ်လှမောင်၏ ဇနီးဖြစ်သူမချစ်ပိုမှာ မခံချင်စိတ်များတဖွားဖွားပေါ်လာရာ "ငါ့လင်ကို မှန်အောင်ပစ်တဲ့သူတွေကိုငါ ကိုယ်တိုင်ပြန်ချမယ်"

"ကဲ – မချစ်ပို ခင်ဗျားတာဝန်ယူနိုင်မယ်ဆိုရင် ခင်ဗျားကို မိန်းမထောက်လှမ်းရေးလုပ်ခိုင်းရမှာပဲ၊ ရန်သူရဲ့ လက်နက်ကြီးတွေ၊ စက်သေနတ်တွေပစ်တဲ့နေရာကို ကျွန်တော်တို့ သိချင်တယ်။ ခက်တာက ဘီအေဒီတီကုန်းဘက်ကို ထွက်လိုက်ရင် ယောက်ျားမှန်သမျှကို ရန်သူကဖမ်းတယ်၊ ပစ်တယ်။ ခင်ဗျားတို့ မိန်းမတွေကျတော့ ဟိုဘက်ဒီဘက်ကူးပြီး ဈေးရောင်းနေကြတာတွေလည်းရှိတော့ ရိပ်မိမှာ မဟုတ်ဘူး။ မချစ်ပိုဘယ်လိုသဘောရသလဲ"

မချစ်ပိုသည် နဂိုကတည်းကပင် တည်ငြိမ်ပြတ်သားသော သဘာဝရှိသည့်အလျောက် သူမနှင့်ကိုက်ညီမည့် အလုပ်ကို လက်ခံလိုက်ဖြစ်သည်။

"ဖြစ်ပါတယ်။ စစ်သားမယားဟာ စစ်သမီးဘဲပေါ့၊ ရန်သူက အရေးသာသွားရင် တိုင်းပြည်ပြိုကွဲသွားနိုင်တယ်။ ဒီတော့ တတ်သမျှရန်သူအင်အားလျော့နည်းအောင်လုပ်ရမယ်။ ကျွန်မကို ဓားတိုတချောင်းပေးပါ၊ ပြီးတော့ လက်ပစ်ဗုံးလဲပေးထား။ ကျွန်မကို ကိုလှမောင်သင်ပေးထားလို့ လက်ပစ်ဗုံးကောင်းကောင်းပစ်တတ်ပါတယ်"ဟုဆိုလေသည်။

အမျိုးသမီးတစ်ဦးဖြစ်သော်လည်း မချစ်ပိုသည် အာဇာနည်သူရဲကောင်းစိတ်မျိုးဖြင့် တိုက်ပွဲဝင်ရန်ဆုံးဖြတ်ချက်အခိုင်အမာချနိုင်သူဖြစ်သည်။

မချစ်ပိုသည် ကေအင်ဒီအိုများတပ်စွဲထားသော လေ့ကျင့်ရေးတပ်ကုန်း၊ ဆေးတပ်ကုန်းများဘက်သို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်ကာ ရန်သူသတင်းထောက်လှမ်းရေးကို လုပ်ဆောင်ခဲ့လေသည်။ ရန်သူသတင်းကိုယူနိုင်ရန်အတွက် ခမောက်တစ်လုံးဆောင်၊ တုတ်တစ်ချောင်းကိုင်ကာ နွားကျောင်းသူယောင်ဆောင်၍ သွားခဲ့သည် နွားလေးငါးဆယ်ကောင်ပါသဖြင့်လည်း မချစ်ပိုကိုနွားကျောင်းနေသည် ဟုသာ ရန်သူကထင်နေခဲ့သည်။

မချစ်ပိုသည် နွားကျောင်းရင်းဖြင့် ရန်သူလက်နက်ကြီးပစ်ကူနေရာများ၊ စက်သေနတ်ချထားသည့် နေရာများကိုမှတ်လာခဲ့သည်။ ရန်သူအဖွဲ့ငယ်သုံးလေးဦးနှင့်တွေ့၍ အခွင့်သာသည့်အခါမျိုးတွင် လက်ပစ်ဗုံးကိုအသုံးပြုသည်။ ထိုသို့တိုက်ခိုက်ခံရဖန်များလာသောအခါ ရန်သူများစိတ်ဓာတ်ချောက်ချားဖြစ်လာရသည်။ ဗုံးကွဲသံကြား၍ ထလိုက်ပြန်လျှင်လည်း မချစ်ပိုကို မီလိုက်သည်ဟူ၍ မရှိဖြစ်လာသည့်အခါတွင် ကိုယ်ယောင်ဖျောက်ပြေးသည်ဟုထင်ကြပြီ။ ဤသို့ဖြင့် မချစ်ပို၏ အကူအညီဖြင့် ရန်သူအတော်များများကို ထိခိုက်ကျဆုံးစေခဲ့သည်။

မချစ်ပိုက သူရသတ္တိအပြည့်ဖြင့် ထိုသို့လုပ်ဆောင်ရင်းမှတစ်ဆင့်တက်၍ အရေးဆိုလာပြန်သည်။ သူမအရေးဆိုမှုမှာ နေ့ဘက်တွင် သတင်းထောက်လှန်ပေးရုံသာမကညဘက်တွင် ရန်သူကိုနှိမ်နင်းရာတွင်လည်း ကိုယ်တိုင်ပါဝင်ခွင့်ကိုလည်း တောင်းဆိုခြင်းဖြစ်သည်။

"ကျွန်မလုံချည်ကြီးနဲ့ သွားလာရတာလှုပ်ရှားလို့သိပ်မလွယ်ဘူး။ ကျွန်မဘောင်းဘီဝတ်မယ်။ ပြီးတော့လက်ပစ်ဗုံးက နေရာတိုင်းသုံးလို့မရဘူး။ သေနတ်နဲ့ဆိုပိုကောင်း မယ်။ နေ့ဘက်မှာ ကျွန်မထောက်လှမ်းထားတဲ့နေရာတွေကို ညဘက်မှာ ကျွန်မရှင်တို့နဲ့အတူလိုက်တိုက်မယ်"

မချစ်ပို၏ တင်ပြချက်ကိုရဲဘော်များက ဗိုလ်ကြီးဘဖြူထံသတင်းပို့ပေးလိုက်သည်။ ထို့နောက် ရိုင်ဖယ်နှင့်တော့ မကောင်းပါဘူးဟုဆိုကာ ခြောက်လုံးပြူးထုတ်ပေးလိုက်သည်။

နေ့ခင်းဘက်တွင် မချစ်ပိုဝင်ရောက်ထောက်လှမ်းထားသော လက်နက်ကြီးနေရာများကို မိမိတပ်ဖွဲ့မှနောက်ပိုင်းမှ မော်တာဖြင့်ပစ်ပြီး ဦးနှိမ်ပေးထားသည်။ မချစ်ပိုတို့အဖွဲ့က ရန်သူခံစစ်စည်းထဲသို့ အတင်းထိုးဖောက်ဝင်ရောက်သွားကြသည်။ ရန်သူတွေ ခေါင်းမထောင်ဘဲ ဖြစ်နေချိန်တွင် မိမိစစ်သည်များက လှံစွပ်ဖြင့်တက်ထိုးဖို့ ကြိုးပမ်းကြသည်။ သို့သော် မချစ်ပိုကလက်မခံ။

"ကျွန်မလက်ပစ်ဗုံးနဲ့ သွားထုမယ်" ဆိုပြီး လိုမ့်မှောက်ကာ ချဉ်းကပ်သွားခဲ့သည်။ မချစ်ပိုအပစ်မခံရအောင် စစ်သည်များက ကာပစ်ပစ်ပေးရင်း ယောင်ပြလှုပ်ရှားမှုများပြုလုပ်ပေးကြသည်။ ရန်သူ့စက်သေနတ်သံများ ရပ်စဲသွားသည်။ မချစ်ပိုလက်စွမ်းခဲ့ပြီဖြစ်သည်။

ပြန်အထွက်တွင် မချစ်ပိုကိုလိမ့်မှောက်၍ ဆုတ်ခဲ့ရန်ပြောသော်လည်း နားမထောင်၊ မတ်တတ်ရပ်ပြီးပြန်လာခဲ့သည်။ ထို့ကြောင့်ပင် ရန်သူ့သေနတ်သံနှင့်အတူ မချစ်ပိုဗိုက်ကို လက်နှင့်ဖိကာလဲကျသွားလေသည်။ သို့သော်မချစ်ပိုသည် သတ္တိကောင်းလှသူဖြစ်သည်။ ဒဏ်ရာရသည့်တိုင် ညည်းညူခြင်းမရှိ ဗိုက်ကိုအဝတ်ဖြင့်ပတ်ပြီး ဖိထားလိုက်သည်။ ရဲဘော်များ မချစ်ပိုကိုပွေ့ပြီးမြို့ထဲဘက်သို့ခေါ်သွားကြသည်။ တစ်ယောက်ကပြေး၍ နယူးဆေးတိုက်မှ ဆရာဝန်ကို သွားခေါ်သည်။ ဒေါက်တာဘရင်လိုက်လာပြီး မချစ်ပိုကိုကားဖြင့် တင်ကာဆေးတိုက်သို့ခေါ်ပြီးညတွင်းချင်း ခွဲစိတ်ကုသပေးသည်။

ကေအင်ဒီအိုအဖွဲ့များက မသင်္ကာသဖြင့် ဆေးတိုက်ကိုလာစစ်ကြသည်။

"ခုနကကားနဲ့ ထွက်သွားတာခင်ဗျားတို့ လူနာသွားတင်တာလား"

"မဟုတ်ပါဘူး၊ လူနာသွားကြည့်ရုံကြည့်တာ၊ မင်းတို့ပစ်ခတ်နေကြလို့ ငါကြာကြာမကုရဲတာနဲ့ ပြန်လာတာ။ အိမ်ထဲမှာ ငါ့သမီးတွေပဲရှိတယ်။ မင်းတို့ ရှုတ်ရှုတ်မလုပ်နဲ့ ပြန်ကြ" ဒေါက်တာဘရင်က မင်သေသေဖြင့်ပောက်လွှတ်သောကြောင့် လက်နက်ကိုင်အဖွဲ့များ ပြန်သွားကြသည်။ မချစ်ပို၏ ဒဏ်ရာကို ဖယောင်းတိုင်မီးဖြင့်ပင် ခွဲစိတ်ကုသပေးကြသည်။ ဒဏ်ရာက ၁၅ချက်လောက်ချုပ်ရသည်။ မချစ်ပိုသည် ထိုဆေးတိုက်မှာပင် တစ်ပတ်လောက် ပုန်းအောင်းကာ ဆေးကုသခံနေခဲ့သည်။ ထို့နောက်အနာမကျက်သေးမီ မချစ်ပိုက ပြန်ချင်လှပြီဆိုသောကြောင့် ဦးကြွယ်တို့အိမ်သို့ မချစ်ပိုကိုလိုက်ပို့ပေးကြသည်။

ထိုအချိန်က ကေအင်ဒီအိုအဖွဲ့မှ စောဘစံဆိုသူမှာ ထုံးဘိုရပ်ထဲမှ မချစ်ပုဆိုသူကို ယူထားသည်။ အရပ်ထဲမှ တခြားမိန်းကလေးများမှာလည်း စောဘစံနှင့်ချစ်ပုတို့ ဆက်နွယ်မှုကြောင့် ဖျက်ဆီးခံခဲ့ရသည်။ "ချစ်ပု"၏လက်ထောက်ချမှုကြောင့် ရန်သူအဖွဲ့ကို အထိနာအောင်တိုက်ခိုက်ခဲ့သော မိန်းကလေးမှာ မချစ်ပိုဖြစ်မှန်းသိသွားကြသည်။

ထို့ကြောင့် မချစ်ပို၏လှုပ်ရှားမှုကို စောင့်ကြည့်နေကြသည်။ ဆေးတိုက်မှဆင်းပြီးဦးကြွယ်၏ အိမ်တွင်ပုန်းခိုနေသောမချစ်ပို၏ သတင်းကို ကေအင်ဒီအိုအဖွဲ့ရသွားကြ

» စာ-၁၀

ရေအရင်းအမြစ်ဟူသည် မိမိတို့နိုင်ငံကမိမိတို့ပြည်သူပြည်သားများအတွက် အမွေပေးထားသည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်ပေသည်။ ထိုသဘာဝအရင်းအမြစ်ကို ဝိုင်းဝန်းထိန်းသိမ်းကြမှသာထာဝစဉ်အသုံးပြုနိုင်ကြမည်လည်းဖြစ်သည်။ ထိုသို့ထိန်းသိမ်းကြရာတွင် နိုင်ငံတော်၏ ဒုတိယသမ္မတအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြို့တော်ဝန်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှဝန်ကြီးများ၊ ကျွမ်းကျင်ပညာရှင်များစသည်ဖြင့် နိုင်ငံတော်မှ ပြည့်စုံခိုင်မာသည့် ကော်မတီတစ်ရပ်ကို အမျိုးသားရေအရင်းအမြစ်ကော်မတီအမည်ဖြင့် ဖွဲ့စည်းလုပ်ဆောင်ထိန်းသိမ်း ပေးလျှက်ရှိပါသည်။ ထို့ကြောင့် အဆိုပါကော်မတီမှဆောင်ရွက်နေမှုများကို ပြည်သူများကျယ်ပြန့်စွာသိရှိစေရန်အတွက် ယင်းကော်မတီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးထွန်းလွင်ဦးနှင့် တွေ့ဆုံမေးမြန်းဖော်ပြပေးလိုက်ပါသည်။







အမျိုးသားရေအရင်းအမြစ်ကော်မတီကို စတင်ဖွဲ့စည်းဖြစ်ခဲ့တဲ့ခုနှစ်နဲ့ ဒီကော်မတီမှာပါဝင်တဲ့သူတွေကို မိတ်ဆက်ပေးပါဦးဆရာ။

အမျိုးသားရေအရင်းအမြစ်ကော်မတီဆိုတာ မြန်မာနိုင်ငံမှာရေကဏ္ဍနဲ့ပတ်သက်ပြီး အမြင့်ဆုံးဖွဲ့စည်းထားတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ၂၀၁၃ ဇူလိုင်လ ၂၅ ရက်နေ့ကဖွဲ့စည်းပြီးတော့ ယခုအစိုးရလက်ထက်မှာ ၂၀၁၆ ခုနှစ် ဇွန်လ ၂၀ရက်မှာ ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီရဲ့ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတကဆောင်ရွက်ပြီးတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ပါတယ်။ ကော်မတီမှာအဖွဲ့ဝင် ၃၉ ဦးရှိပါတယ်။ ဒီမှာ အစိုးရဘက်ကတာဝန်ရှိပုဂ္ဂိုလ်များအပါအဝင်အတွင်းရေးမှူးရုံး၊ အကြံပေးအဖွဲ့၊ ရေနဲ့ပတ်သက်တဲ့ဌာနဆိုင်ရာကျွမ်းကျင်ပညာရှင်များ စသည်ဖြင့်ပါဝင်ပါတယ်။

ဆရာတို့အမျိုးသား ရေအရင်းအမြစ်ကော်မတီကနေဦးဆောင်ပြီး ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကိုလည်း ရှင်းပြပေးပါဦးရှင်။

အမျိုးသား ရေအရင်းအမြစ်ကော်မတီကနေပြီးတော့ ဦးဆောင်ပြီး ဆောင်ရွက်နေတဲ့လုပ်ငန်းတွေရှိပါတယ်။ ဒီလုပ်ငန်းတွေထဲမှာ ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲရေးစီမံကိန်း (AIRBM) လို့ခေါ်ပါတယ်၊ စီမံကိန်းဟာ ၂၀၁၅ ကနေ ၂၀၂၀ ပြည့်နှစ်အထိ ဆောင်ရွက်ရမယ့်လုပ်ငန်းလုပ်ဆောင်မယ့်အစီအစဉ်တစ်ခုဖြစ်ပြီး ဒေါ်လာသန်း ၁၀၀ ကမ္ဘာ့ဘဏ်ချေးငွေနဲ့ ဆောင်ရွက်လျှက်ရှိပါတယ်။အဲ့ဒီစီမံကိန်းမှာအပိုင်းသုံးပိုင်းပါပါတယ်။ လုပ်ငန်းခွဲကရေအရင်းအမြစ်စီမံခန့်ခွဲမှုအဖွဲ့အစည်းများ၊ သတင်းအချက်အလက်နဲ့ အထောက်အကူပြုစွမ်းအင်တည်ဆောက်ခြင်း၊ မြစ်ဝှမ်းတစ်ခုလုံးရဲ့အခြေအနေလေ့လာခြင်း၊ မြစ်ဝှမ်းတစ်ခုလုံးရဲ့ ပင်မစီမံချက်ရေးဆွဲခြင်းအဖွဲ့အစည်းဆိုင်ရာလေ့လာသုံးသပ်မှု၊ လက်ရှိမှာတော့ကမ္ဘာ့ဘဏ်ရဲ့လုပ်ထုံးလုပ်နည်းများနဲ့အညီ ပုံစံရေးဆွဲခြင်း၊ဆောင်ရွက်မယ့်အဖွဲ့အစည်းတွေရွေးချယ်ခြင်း စသည်ဖြင့် ဆောင်ရွက်နေပါတယ်။ စီမံကိန်းလုပ်ငန်းခွဲ (၂) ကအဓိကကမိုးလေဝသနဲ့ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကို အထောက်အကူပြုဖို့ဖြစ်ပါတယ်၊ အဓိကက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကို အကဲခတ်တဲ့ပစ္စည်းကိရိယာများကို ခေတ်မီစေခြင်းဖြစ်တယ်။ ဒီအဆောက်အဦတွေမှာ လက်ရှိသုံးနေတာတွေရှိတယ်။ နောင်တိုးတက်လာမယ့်ပစ္စည်းတွေနဲ့ စုစည်းအသုံးပြုနိုင်စေဖို့ဆောင်ရွက်လျှက်ရှိပါတယ်။ စီမံကိန်း(၃)ကတော့ဧရာဝတီမြစ်ဝှမ်းမှာမန္တလေးမြို့ကနေ မြောက်ဦးမြို့အထိ ၁၉၀ကီလိုမီတာရေကြောင်းအကွာအဝေးရှိတဲ့အပိုင်းကို မြှင့်တင်ခြင်းပါ။ ရေလမ်းကောင်းမွန်ဖို့နဲ့ ရေလမ်းကြောင်းအတွက်ရေလမ်းညွှန်အမှတ်အသားတပ်ဆင်ခြင်း ဆောင်ရွက်မယ့်လုပ်ငန်းစဉ်တွေဖြစ်တယ်။ ၂၀၁၆ ခုနှစ်ဩဂုတ်လအတွင်းမှာလည်း မြစ်ဝှမ်းအခြေအနေလေ့လာတဲ့အကြိုညှိနှိုင်းပွဲဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် Water Law ပေါ်ထွက်ဖို့အတွက်လုပ်နေပါတယ်။ အထူးပြုပြီးပြောချင်တာကတော့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမဟာဗျူဟာလေ့လာမှုအတွက် ပြီးခဲ့တဲ့ ၂၀၁၆ခုနှစ်ကစပြီး ဆောင်ရွက်ခဲ့ပါတယ်။ နယ်သာလန်ရဲ့အကူအညီနဲ့ လုပ်ခဲ့ပါတယ်။ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာဖြစ်ပေါ်လာမယ့် ရေစီမံခန့်ခွဲမှုတွေနဲ့ခံစားနေရတဲ့ ရေကြီးရေလျှံ၊ ရေရှားပါးမှုပြသနာတွေကို အထူးပြုပြီး ဘယ်လိုဆောင်ရွက်မလဲဆိုတာကို နှစ်ရှည်၊ နှစ်လတ်စီမံကိန်းတွေမှာ ဘယ်လိုလုပ်ဆောင်မယ်ဆိုတာတွေကို မူတည်ပြီးရေးဆွဲလုပ်ဆောင်နေတာဖြစ်ပါတယ်။

ရေဥပဒေပေါ်ထွက်လာဖို့အတွက် ဆောင်ရွက်နေတယ်ဆိုတာက ဘယ်အဆင့်အထိရောက်ပြီဆိုတာရယ် ဒီဥပဒေက ဘယ်လောက်အထိအရေးကြီးတယ်ဆိုတာကိုလည်းရှင်းပြပေးပါဦး။

ရေဥပဒေက မူကြမ်းအဆင့်ရောက်နေပါပြီ။ ဒီဥပဒေမှာ ပြည်သူတွေဗဟိုပြုတဲ့ အကြံဉာဏ်တွေပါဝင်နိုင်ဖို့တွက် ဒေသ ၆ခုမှာ ပြည်သူလူထုနဲ့တွေ့ဆုံမှုတွေလုပ်ပြီးပါပြီ။ နောက်ပြီးကျွမ်းကျင်ပညာရှင်တွေ အပါအဝင်ဒီဥပဒေကို ကမ္ဘာ့အဆင့်အတန်းနဲ့ညီအောင် ကမ္ဘာ့အဆင့်အတန်းနဲ့ညီတဲ့ ဥပဒေတစ်ရပ်ပေါ်ထွက်ဖို့အတွက် လူထုဆွေးနွေးပွဲတွေနဲ့ ဆောက်ရွက်နေတာပါ။ ရေဥပဒေအင်မတန်မှအရေးကြီးတဲ့ကိစ္စဖြစ်တယ်။ ရေဟာနိုင်ငံသားတိုင်းခံစားခွင့်ရှိတဲ့ အရင်းအမြစ်တစ်ခုလည်းဖြစ်တယ်၊ ဒီဟာကနောင်အရှည်တည်တံ့ဖို့အတွက် ထိန်းသိမ်းရမှာဖြစ်ပါတယ်။ ဧရာဝတီမြစ်ကြီးက အထက်ကနေပင်လယ်ထဲအထိဆိုရင် တိုင်းဒေသကြီးတွေကိုဖြတ်ရတယ်။ ဒီဥပဒေမှာဆိုရင် ဘယ်တိုင်းဒေသကဖြင့်ရေချိုဘယ်လောက်ခံစားသင့်သလဲ မြစ်ဝကျွန်းပေါ်ဒေသဘယ်လောက်ခံစားမလဲ၊ ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ကြမလဲ စတဲ့ထိန်းသိမ်းရမယ့်တာဝန်တွေလည်းပါမယ်။ လိုက်နာရမယ့်စည်းကမ်းတွေပါမယ်။ ရေဥပဒေဟာဖွဲ့စည်းပုံခြေခံဥပဒေလိုလည်းဖြစ်ပါတယ်။ ရေကရှားလာဖို့ပဲရှိတယ်။ ပေါလာဖို့မရှိဘူး။ ဒ့ါကြောင့်ဒီအရင်းအမြစ်တွေကိုထိန်းသိမ်းဖို့ စီမံခန့်ခွဲနိုင်ဖို့ ဥပဒေတစ်ရပ်လိုပါတယ်။ လက်ရှိအမျိုးသားအဆင့်ရေမူဝါဒကို ၂၀၁၄ ခုနှစ်တွင်ထုတ်ပြန်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဖြည့်စွက်ထုတ်ပြန်ခဲ့ပါတယ်။

ဆရာတို့ကော်မတီအနေနဲ့ ပြီးခဲ့တဲ့နှစ်မှာလည်း အာရှ-ပစိဖိတ်ရေညီလာခံကို ဆောင်ရွက်ခဲ့တယ်ဆိုတော့ ဒါနဲ့ပတ်သက်ပြီးလည်းသိချင်ပါတယ်ဆရာ။

ဒီညီလာခံက ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၁ရက်နဲ့ ၁၂ ရက်မှာ ကျင်းပနိုင်ခဲ့တာပါ။ နိုင်ငံပေါင်း(၄၈)နိုင်ငံကိုဖိတ်ကြားပြီးတော့ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့တာပါ။ ၂၀၁၈ ခုနှစ်မှာတော့ ဘရာဇီးနိုင်ငံမှာကမ္ဘာ့ရေဖိုရမ်ကို ကျင်းပမှာဖြစ်ပါတယ်။ ဒီမှာတော့ မြန်မာနိုင်ငံအနေနဲ့ အာရှ - ပစိဖိတ်ဒေသကိုကိုယ်စားပြုပြီးတော့ဒေသရဲ့ လိုအပ်နေတဲ့အချက်အလက် ရေနဲ့ဆိုင်တဲ့အားသာချက်တွေဖြစ်ပေါ်နိုင်တဲ့အကြောင်းအရာတွေကို တင်ပြသွားမှာဖြစ်ပါတယ်။ အာရှ-ပစိဖိတ်ရေညီလာခံရဲ့ပထမအကြိမ်ကို ဂျပန်နိုင်ငံ၊ဒုတိယအကြိမ်ကို ချင်းမိုင်မှာကျင်းပခဲ့ပါတယ်။ တတိယအကြိမ်ဖြစ်တဲ့ ၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံမှာကျင်းပခဲ့ပြီး ယခင်ပွဲတွေနဲ့ နှိုင်းယှဉ်ရင်လူဦးရေအများဆုံးတက်ရောက်ခဲ့ (၇၀၀) ခန့်တက်ရောက်ခဲ့ပါတယ်။ ယင်းအခမ်းအနားတွင် ရန်ကုန်ကြေညာစာတမ်းကို သဘောတူထုတ်ပြန်နိုင်ခဲ့ပါတယ်။ ရေနဲ့ပတ်သက်ပြီးပွဲကြီးတစ်ခုကို အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။

မတ်လ ၂၂ ရက်မှာကျရောက်မယ့်ကမ္ဘာ့ရေနေ့အခမ်းအနားအတွက် ဆရာတို့ရဲ့ အမျိုးသားရေအရင်းအမြစ်ကော်မတီကလုပ်ဆောင်မှုကို ပြောပြပေးပါဦးရှင်။

၂၀၁၈ ခုနှစ်ကမ္ဘာ့ရေနေ့ အခမ်းအနားကိုလည်း ဖေဖော်ဝါရီ ၂၂ ရက်က နေပြည်တော်မှာ အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ပါတယ်။ ကမ္ဘာ့ရေနေ့ကို နှစ်စဉ်မတ်လ ၂၂ ရက်ကို သတ်မှတ်ထားပါတယ်။ ဒီနိုင်ငံမှာတော့ ၂၀၁၄ ခုနှစ်ကစပြီး ကမ္ဘာ့ရေနေ့အခမ်းအနားကိုဦးဆောင်ပြီးကျင်းပခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်ကမ္ဘာ့ရေနေ့အခမ်းအနားကိုတော့ ဖေဖော်ဝါရီ ၂၂ရက်မှာ ကျင်းပခဲ့ပါတယ်။နိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ ရေကဏ္ဍမှပါဝင်ပြီးအထောက်အကူရအောင်ဆိုပြီး ရည်ရွယ်ချက်နဲ့ဖော်ထုတ်ပြီးတော့ဆွေးနွေးပွဲတွေဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ရေနေ့အထူးပြုအကြောင်းအရာကတော့ "Nature for Water" (ရေအတွက်သဘာဝပတ်ဝန်းကျင်)ဖြစ်ပြီး မြန်မာနိုင်ငံရဲ့ အထူးပြုအကြောင်းအရာကတော့ "Water for Nation Building" ဖြစ်ပါတယ်။

ဆရာတို့ရဲ့ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီရဲ့ရှေ့လုပ်ငန်းစဉ်တွေကိုလည်းသိချင်ပါတယ်ရှင်၊

ဆက်လက်လုပ်ဆောင်သွားမယ့်အရာတွေကို အကြမ်းဖျင်းပြောရမယ်ဆိုရင်တော့ ရေဥပဒေကြမ်းပြုစုခြင်း၊ သံလွင်မြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ဝှမ်းဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြစ်ရေအရေအသွေးတိုင်းတာစစ်ဆေးခြင်းနှင့် ရေထုညစ်ညမ်းမှုကာကွယ်ရေးအတွက် သက်ဆိုင်ရာသက်ဆိုင်ရာအဖွဲ့အစည်းများကြား ဆက်လက်ဖြန့်ဝေပေးပို့ခြင်း၊ ဆည်ရေလှောင်တမံများ၏ ရေဝေရေလဲသစ်တောစိုက်ခင်းများ စိုက်ပျိုးထိန်းသိမ်းခြင်း၊ သဘာဝရေထွက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်စာရင်းကောက်ယူပြီး ဦးစားပေးအဆင့်အလိုက် ကာကွယ်ထိန်းသိမ်းခြင်း၊ ၂၀၁၇ ခုနှစ် Water Dayမှာ ချမှတ်ခဲ့တဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ အမျိုးသားမိုးရေကန်လှူပ်ရှားမှုကို ဆက်လက်ဆောင်ရွက်ခြင်း၊ လူငယ်ပညာရှင်များ လေ့ကျင့်မွေးထုတ်ရေးအစီအစဉ်ဆောင်ရွက်ခြင်း၊ ရေနဲ့ဆက်နွယ်တဲ့ ဝန်ကြီးဌာနတွေနဲ့ ရေအခြေခံအဆောက်အဦးဆိုင်ရာ အချက်အလက်များစုဆောင်းခြင်းတို့ဖြစ်ပါတယ်။ ဒ့ါအပြင် ရေအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ တိုးတက်လာတဲ့ ခေတ်နဲ့အညီ ရေစီမံခန့်ခွဲမှုတွေကို အထိရောက်ဆုံးအသုံးချနိုင်ဖို့အတွက်ကောင်းမွန်သန့်ရှင်းတဲ့ရေကို ပြည်သူတွေရရှိဖို့အချက်အလက်တွေအပေါ် မူတည်ပြီးဆောင်ရွက်ပေးလျှက်ရှိပါတယ်ခင်ဗျာ။

ဟုတ်ကဲ့ပါဆရာ။ အခုလိုမျိုးဆရာတို့ရဲ့ အမျိုးသားရေအရင်းအမြစ်ကော်မတီကနေပြီး ဆောင်ရွက်နေတာတွေ ဆက်လက်လုပ်ဆောင်သွားမှာတွေကို ပြည့်ပြည့်စုံစုံရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဆရာ။

## နည်းပညာ သိမှတ်ဖွယ်ရာများ

ထွန်းသက်ကို

## ဆင်းမ်ကတ်နှစ်ခု အသုံးပြုနိုင်မယ့် iPhone Adapter



iPhone မှာ ဆင်းမ်ကတ်တစ်ခုပဲထည့်လို့ရတာမို့ ဆင်းမ်ကတ်နှစ်ခုသုံးပြီး iPhone ကိုင်ချင်တဲ့သူတွေအတွက် နောက်ထပ်ဟန်းဆက်မလိုဘဲသုံးလို့ရမယ့်Adapter ဖြစ်ပါတယ်။ IKOS Dual SIM Adapter ကိုဖုန်းတစ်လုံးသုံးသလိုသုံးနိုင်မှာဖြစ်ပြီး Lock iPhone တွေကို လည်း Phone Function ပြန်လည် အသုံးပြုနိုင်စေမှာဖြစ်ပါတယ်။

ဆင်းမ်ကတ်ကို Nano Sim အရွယ်ဖြတ်ပြီး iKOS Adapter အတွင်း ထည့်သွင်းအသုံးပြုရမှာဖြစ်ပါတယ်။ iKOS App ကိုတော့ iOS App Store ကနေiPhone/iPad အတွင်းကို Download ဆွဲပြီးထည့်ရမှာဖြစ်ပါတယ်။ iKOS app ကို Account Register လုပ်ပြီး iKOS Dual SIM adapter ကို Bluetooth နဲ့ ချိတ်ကာ iPhone နဲ့ ပေ ၃၀ အကွာအထိ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဖုန်းအဝင်အထွက်ကို iPhone ကနေလုပ်ရမှာ ဖြစ်ပြီး၊ ဘတ်ထ္ထရီကို stand by တစ်ပတ်အထိအချိန် ကြာမြင့်စွာအသုံးပြုနိုင်မှာပါ။ ၇၅၀၀၀ ကျပ်နဲ့ Dr.Mac ဖုန်း ၀၉ ၇၉၈၆၆၆၆၆၁၄ ကို ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ ထွန်းသက်ကို

## မိမိကွန်ပျူတာမှာ Wifi ချိတ်ဆက်တုန်းက Password ကို အလွယ်တကူ ဘယ်လိုကြည့်မလဲ

Password ဆိုတာ စိတ်ထဲမှာမှတ်ထားရတဲ့အရာတစ်ခုမို့ မေ့သွားတတ်တဲ့အခိုက်အတန့်တွေရှိပါတယ်။ ကိုယ့်ကွန်ပျူတာမှာ Wifi ချိတ်တဲ့ Password ကို ဆော့ဖ်ဝဲတွေမသုံးဘဲနဲ့ အလွယ်တကူသိနိုင်ဖို့ နည်းလမ်းတစ်ခုကို ဖော်ပြပေးချင်ပါတယ်။

အရင်ဆုံး Start menu button ကို နှိပ်ပြီး Command promt ကို Run administrator နဲ့ဖွင့်ရမှာဖြစ်ပါတယ်။ အဲဒီနောက် Command promt ကိုရောက်သွားပါလိမ့်မယ်။ အဲဒီကိုရောက်တဲ့အခါ netsh wlan show profiles ဆိုပြီး ရိုက်ထည့်လိုက်ပါ။ အဲဒီမှာကိုယ်ချိတ်ဆက်ခဲ့ဖူးတဲ့ Wifi တွေကိုကြည့်နိုင်မှာဖြစ်ပါတယ်။ အသုံးပြုသူရဲ့ Profiles မှာကိုယ့်ကွန်ပျူတာမှာသုံးတဲ့ အင်တာနက် Provider နာမည်နဲ့ ကွန်ပျူတာနာမည်အရင်ပေါ်မှာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ Command promt ထဲမှာ netsh wlan show profile (all user profile မှာပေါ်နေတဲ့ ကိုယ်အသုံးပြုတဲ့ ကွန်ပျူတာရဲ့နာမည်) keyclear ဆိုပြီးရိုက်ထည့်လိုက်ပါ။ ဥပမာအားဖြင့် All user profile မှာ maung maung ဆိုပြီးပေါ်နေတယ်ဆိုရင် netsh wlan show profile maung maung ဆိုပြီးရိုက်ထည့်ရမှာဖြစ်ပါတယ်။ အဲဒီနောက်မှာ တွေ့ရမယ့်အချက်အလက်တွေထဲက Key Contact ဆိုတဲ့နေရာမှာ Wifi ချိတ်ဆက်တုန်းက passwordကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

ထွန်းသက်ကို

## MCB နှင့် ချိတ်ဆက်၍ Samsung ဖုန်းများအရစ် ကျဝယ်နိုင်တော့မည်




Samsung နှင့် မြန်မာနိုင်ငံသားများဘဏ်တို့လက်တွဲလျှက် Sam sung မိုဘိုင်းဖုန်းများကိုပြည်သူများ အားလုံးပိုမိုလွယ်ကူစွာနှင့်တွင်ကျယ်စွာအသုံးပြုနိုင်ရန်အတွက် အရစ်ကျပေးချေစနစ်ဖြင့် ရောင်းချနိုင်ရန်နားလည်မှုစာချုပ်ကို မတ်လ ၆ ရက်တွင် ချုပ်ဆိုခဲ့သည်။

မြန်မာနိုင်ငံသားများဘဏ်သည် ၁၉၉၂ ခုနစ်တွင် စတင်တည်ထောင် ခဲ့ပြီး (၂၅)နှစ်ကျော်တိုင်ပြည်သူများအားဘဏ်လုပ်ငန်းဝန်ဆောင်မှုအား ပေးလျှက်ရှိပြီး ရန်ကုန်စတော့အိတ် ချိန်း YSX တွင်ပထမဆုံးစာရင်းရေးသွင်းသည့် Listed Bank တစ်ခုလည်းဖြစ်ကြောင်း Samsung နှင့် လက်တွဲ၍ မြန်မာနိုင်ငံအတွင်း mobile phone များအားပြည်သူများပိုမို လွယ်ကူစွာဝယ်ယူသုံးစွဲအောင် ဝန်ဆောင်မှုပေးမည့် အစီအစဉ်အပြင် ယခုကဲ့သို့ဈေးကွက်အတွင်း အမှန်တကယ်လိုအပ်လျှက်ရှိသည့် Consumer Electronics များအား လည်းထပ်မံအရစ်ကျဝန်ဆောင်မှုပေးနိုင်ရန် ပြင်ဆင်လျှက်ရှိကြောင်း မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ဘဏ်အားပိုမိုတိုးတက်ပြောင်းလဲစေရန်နှင့် ဈေးကွက်အတွင်း ပိုမိုနေရာ ယူနိုင်လာရန်အတွက်လက်ရှိ ပြုပြင်ပြောင်းလဲမှုခရီးစဉ်တွင် ယခုကဲ့သို့ Strategic partner များဖြင့် လက်တွဲ၍ retail market အပြင် မြန်မာ့စီးပွားရေးတိုးတက်နိုင်မာရန်အခြေခံကျသည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများအားလည်း ပိုမိုတွင်ကျယ်လာစေရန်အတွက်လည်း ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိမြန်မာနိုင်ငံ၏ retail lending တွင်စိန်ခေါ်မှုများစွာရှိနေသေးသော်လည်း MCB အနေဖြင့်ဘဏ်လုပ်ငန်းစဉ်များအား ယခုအရစ်ကျချေးငွေနှင့်အသင့်တော်ဆုံးဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ထား ပြီး Samsung နှင့်ပူးပေါင်း၍ မကြာမီအချိန်အတွင်း Samsung ဖုန်းအမျိုးမျိုးအား အသက်သာဆုံးနှင့် အကောင်းဆုံးအရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည့် အစီအစဉ်အားရန်ကုန်မန္တလေးနှင့် အခြားမြို့ကြီးများရှိ Samsung officer reseller/reteiler ဆိုင်များတွင်ဝယ်ယူရရှိနိုင်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

» ၈ - ၈

သည်။ စောဘစံခေါင်းဆောင်ပြီး လက်နက်ကိုင်လေးငါးဦးခန့် ဦးကြွယ်အိမ်ရှေ့သို့ ရောက်လာကြသည်။

"ကဲမချစ်ပိုခင်ဗျားရဲ့ လှုပ်ရှားမှုတွေ အားလုံးကိုအတိအကျသိထားပြီးပြီ၊ ငြင်းဖို့မကြိုးစားပါနဲ့။ ခင်ဗျားကြောင့်ကျုပ်တို့အဖွဲ့တွေ အတော်အထိနာကုန်ပြီ။ ဒီတော့ခင်ဗျားကျုပ်တို့နောက်ကိုလိုက်ခဲ့ပါ"

"အေးငါလိုက်ခဲ့မယ်" မချစ်ပိုကသတ္တိကြောင်စွာဖြင့် ထွက်ပြေးဖို့မကြိုးစား။ ဓားတိုကိုသာ ဝှက်ပြီးယူလိုက်သည်။ အာဂသတ္တိရှင် အမျိုးသမီးလေးပင်။

ထိုရက်ပိုင်းများမှာ အင်ဂျင်နီယာတပ်ဖွဲ့များ မေမြို့တွင်မရှိပါ။ မန္တလေးသို့ ဆင့်ခေါ်ခြင်းခံရသဖြင့် ပြန်လည်ဆုတ်ခွာသွားကြပြီဖြစ်ရာ ဇနီး၊ သားသမီးများကိုကြည့်မထားနိုင်တော့။ မိသားစုဝင်များမှာ ပုန်းအောင်းနေခဲ့ကြရသည်။ မချစ်ပိုမှာ ဒဏ်ရာမပျောက်ကင်းသေးသဖြင့် ကျန်ရစ်ခဲ့ရာမှ အဖမ်းခံလိုက်ရခြင်းဖြစ်သည်။ ကေအင်ဒီအိုအဖွဲ့များကလည်း သာမန်မိသားစုဝင်များကို စိတ်မဝင်စားပေ။ မချစ်ပိုကိုသာလိုလားကြသည်။ ထို့ကြောင့်ပင် မချစ်ပိုကို သဲကြီးမဲကြီးလိုက်ရှာနေခဲ့ကြခြင်း ဖြစ်သည်။

မချစ်ပိုကိုစောဘစံက သူ့မယား "ချစ်ပု"အိမ်သို့ဖမ်းခေါ်သွားသည်။ ရောက်သည်နှင့် မချစ်ပိုကိုဖမ်းချုပ်ပြီး သူမ၏ အံသွားများကို ဓားဖြင့်ကလန့်ထုတ်ရန်ကြိုးစားကြသည်။ မချစ်ပိုသည် အံသွားအပို(အံပွား)ပါသူတစ်ဦးဖြစ်သည်။ အံပွား၏ အကျိုးကြောင့် တော်ရုံတန်ရုံဓားသေနတ်ပြီးသည့် သဘောရှိသည်။ အံပွားကြောင့် သူမကိုယ်တိုင်သာလုံခြုံမှုရှိသည်မဟုတ်၊ မချစ်ပိုနောက်ကလိုက်သူကြသူများသည်လည်း ကျည်ဆန်ထိမှန်ခြင်းမရှိ။ မချစ်ပိုသည် ကျည်ကွယ်သဖွယ်ဖြစ်နေခြင်းကြောင့်လည်း သူတို့အဖွဲ့ဝင်များ လှုပ်ရှားတိုက်ခိုက်ကြတိုင်း တော်ရုံတန်ရုံမထိမှန်ဘဲအောင်မြင်မှုရခဲ့ကြသည်ဟု ယုံကြည်ကြသည့်အတွက်ကြောင့်ပင် မချစ်ပို၏ အံသွားကိုထုတ်ရန်ကြိုးစားကြခြင်းဖြစ်သည်။

မချစ်ပိုကို ရိုးရိုးသတ်လို့သေမည်မဟုတ်ဟု နားလည်ထားကြသည်။ ထို့ကြောင့် မချစ်ပိုကို ဖမ်းခေါ်လာပြီး အိမ်ထဲအဝင်တွင် အခန်း၀ဌ မီးနေသည်ထမီကိုကပ်ရိုက်ထားသည်။ မချစ်ပိုကို ဘုန်းနိမ့်အောင်လုပ်ကြသည်။ ထို့ထက်ပို၍သေချာအောင်မချစ်ပို၏ အံသွားကိုနုတ်ဖို့ကြိုးစားကြခြင်းဖြစ်သည်။

"အောင်မလေးတို့ကိုဓားနဲ့ ပြန်ထိုးတယ်ဟ" အံသွားကို နုတ်ဖို့ကြိုးစားနေကြသူများအော်ဟစ်ပြီး ပြိုလဲကျသွားပြန်သည်။ မချစ်ပိုကား နောက်ဆုံးအချိန်တွင်ပင်သူမ၏သတ္တိကို ပြသနိုင်သူတစ်ဦးဖြစ်သည်။

စောဘစံမခံရပ်နိုင်ဖြစ်ကား သေနတ်ဆွဲ၍ ယူလိုက်သည်။ ဆူညံသောသေနတ်သံများထွက်ပေါ်လာပြီး မချစ်ပိုလဲကျသွားတော့သည်။ မချစ်ပိုသည် ဒဏ်ရာပြင်းထန်စွာရနေသော်လည်း အသက်ကတော်တော်နှင့်မထွက်၊ အသက်ပြင်းသည်ဟု ပြောစမှတ်ပြုခံရသည်။ သို့နှင့် အသက်ထွက်လောက်ပြီထင်တော့မှ အလောင်းကို ဝိုင်းမကြပြီး ရေတွင်းထဲသို့ ပစ်ချလိုက်ကြသည်။ ပိုမိုသေချာစေရန်အတွက် အပေါ်မှအုတ်ခဲကျိုးများ၊ ပန်းအိုးကွဲများပစ်ချပြီး ဖို့ထားလိုက်ကြသည်။ မချစ်ပိုသည် ၈-၄-၄၉ရက်နေ့တွင် အသက် (၄၂) နှစ် အရွယ်တွင်ကျဆုံးခဲ့ရပေသည်။

မချစ်ပိုကျဆုံးသောနေ့ရက်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံတပ်များက မန္တလေးမြို့ကိုပြန်လည်သိမ်းပိုက်ပြီးဖြစ်၍ မြို့သိမ်းအောင်ပွဲအခမ်းအနားပြုလုပ်သောနေ့နှင့် တိုက်ဆိုင်ခဲ့သည်။ မန္တလေးမြို့ကို စစ်ကိုင်းဘက်မှနေ၍ အစိုးရတပ်များက ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရာတွင် ဗိုလ်မှူးထင်ပေါ် ဦးစီးသောဘီအီးတပ်ဖွဲ့သည် အဓိကတိုက်ခိုက်ရေးတပ်အဖြစ်ဖြင့် ဧပြီလ ၂ရက်တွင် မန္တလေးတောင်ကိုတက်သိမ်းခဲ့သည်။ မန္တလေး နန်းမြို့တွင်းသို့ ဆက်လက်တိုက်ခိုက်ပြီးဧပြီလ ၆ရက်တွင် မန္တလေးမြို့ကို ဝင်ရောက်သိမ်းပိုက်ကာ ပြည်ထောင်စုအလံ ကို လွှင့်ထူခဲ့ရာ မန္တလေးမြို့လူထုမှ "တပ်မတော်ကွ" ဟု ကြွေးကြော်ပြီး ဩဘာပေးခဲ့ကြသည်။ ထိုမြင်ကွင်းကိုမချစ်ပို သိမြင်မသွားသော်လည်း မချစ်ပိုကျေနပ်နေလိမ့်မည်မှာ သေချာပါသည်။

မချစ်ပို၏ အလောင်းကို သုံးလေးရက်အကြာတွင် ပြန်ဖော်သောအခါ ပုပ်သိုးနံစော်ခြင်းမရှိဟုဆိုသည်။ ၁၆-၄-၄၉ ရက်တွင် ဗိုလ်မှူးကြင်နှင့်တကွ ရဲဘော်များသည် မန္တလေး- မေမြို့ကားလမ်းကိုစစ်ဆေးရင်းမှ ရောက်လာကြပြီး မချစ်ပို၏ အလောင်းကို စစ်အခမ်းအနားဖြင့် သင်္ဂြိုလ်ခဲ့ကြသည်။ အမိန့်စာကို ဦးထွန်းအုံက ဖတ်ပေးခဲ့သည်။

မချစ်ပို၏ အုတ်ဂူကိုအစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ၁၉၆၀ပြည့်နှစ်တွင် မေမြို့အင်ဂျင်နီယာတပ်၌ ဗိုလ်မှူးတင်မောင် (သိပ္ပံမှူးတင်)တပ်မှူးဖြစ်သောအခါ မချစ်ပို၏ အုတ်ဂူလေးကို ပြန်လည်မွမ်းမံခဲ့သည်။

အာဇာနည်မချစ်ပို၏ စွမ်းစွမ်းတမံဆောင်ရွက်မှုများကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်က ၁၉၅၀ခုနှစ် လွတ်လပ်ရေးနေ့တွင် "သူရ"ဘွဲ့ကို ချီးမြှင့်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် တစ်ဦးတည်းသော သူရဘွဲ့ရ အမျိုးသမီးတစ်ဦးအဖြစ်လည်း ယနေ့တိုင်ရပ်တည်နေဆဲဖြစ်ပါသည်။ သို့ရာတွင် "သူရ" မချစ်ပို (ကျဆုံး)ရရှိသော "သူရ" ဘွဲ့သည်တပ်မတော် သမိုင်းတစ်လျှောက်လုံးတွင် တိုက်ပွဲဝင်နေသောစစ်သည်များ၏ မိသားစုများကိုကိုယ်စားပြုလျှက်ရရှိနေသည်။

"သူရမချစ်ပို" ၏ အုတ်ဂူနီနီလေးက ပြင်ဦးလွင်မြို့ ထုံးဘိုရပ်ထဲတွင် ယနေ့တိုင် တည်ရှိနေဆဲဖြစ်ပါသည်။ ထိုအုတ်ဂူနီလေးသည် မေမြို့ကို ချစ်သော၊ မေမြို့တိုက်ပွဲတွင် ဦးဆောင်မှုပေးခဲ့သော အင်ဂျင်နီယာ တပ်ဖွဲ့၏ သမိုင်းကိုသော်လည်းကောင်း အမျိုးသမီးတစ်ဦး၏ သူရသတ္တိကိုသော်လည်းကောင်းပြောပြ ပေးနိုင်သည့် သမိုင်းပုံရိပ်တစ်ခုအဖြစ်တည်ရှိနေရာ သူမကိုလာရောက်ဂုဏ်ပြုကြသည့် နှင်းဆီပန်းလေးများညှိုးခြောက်ခဲ့သော်လည်း သူမ၏သမိုင်းကား ထာဝရညှိုးခြောက်သွားမည်မဟုတ်ပါကြောင်း "သူရမချစ်ပို" ကိုဂုဏ်ပြုရေးသားဖော်ပြလိုက်ပါသည်။



# ကလေးငယ်နှင့် အရေးပေါ်



အိမ်မှာကလေးရှိလျှင် အရေးပေါ် အသက်ကယ်နည်းကိုသိထား၊ လေ့ကျင့်ထားလျှင်ကောင်းသည်။ အရေးပေါ်လူနာတင်ကား မလာခင် ဆေးရုံမရောက်ခင် အသက်ကယ် နည်းသုံးနိုင်သည်။

အရုပ်နှင့် ၃-၄ခါကျင့်ထားပြီး ပြန်လေ့ကျင့်လျှင် လိုအပ်သည့်အခါ ကိုယ့်ကလေး သူများကလေးကိုကယ်တင်နိုင်ပါသည်။

**ကလေးရုတ်တရက် သတိလစ်လျှင်**

ပုံ(၁) ကလေးပါးစပ်ထဲအစာ၊ သွေး၊ အန်ဖတ်ရှိမရှိကြည့်ပါ။ ရှိလျှင် လက်သန်းသုံး၍ အသက်ရှူလမ်းကြောင်း ပွင့်ရန် အမြန်ဖတ်ထုတ်ပါ။ ကလေးကိုကျောတွင် လှဲချသောပုံစံထားပါ။

ပုံ(၂) ကလေး အသက်ရှူမရှူသိရန် နှာဝတွင်သင့်ပါးကိုလေတိုးမတိုး စစ် ပါ။ရင်ဘတ်လှုပ်ရှားမှုရှိမရှိကြည့်ပါ။

ပုံ(၃) ကလေးအသက်ရှူလျှင် အနားမှ လူကိုအရေးပေါ်လူနာတင် ကားခေါ်ခိုင်းပါ။ လမ်းတလျှောက်ကလေး အသက်ရှူမရှူ ပုံမှန်စစ်သွားပါ။

အဆင့်(၄) ကလေး အသက်မရှူလျှင် အနားမှ လူကိုအရေးပေါ်လူနာတင် ကားခေါ်ခိုင်းပါ။ ကိုယ်ပိုင်ကားက ပိုမြန်လျှင်မောင်းမည်သူကိုအော်ခေါ်ပါ။

ပုံ(၅) တချိန်တည်းတွင်အသက်ကယ်ဖို့စတင်ပါ။ လက်ချောင်း (၂) ချောင်းသုံး၍ကလေးရင်ဘတ်အလယ်တွင် ရင်အုံအနက် ၃ပုံ ၁ ပုံဝင်အောင် ၁၈ စက္ကန့်အတွင်း အချက် ၃၀ ဖိပါ။ (တစ်မိနစ် အကြိမ် ၁၀၀နှုန်း)

ပုံ(၆) အချက် ၃၀ ဖိပြီးလျှင် ကလေးခေါင်းကို အနောက်သို့အနည်းငယ် စောင်းပေးပါ။ မေးစေ့ကိုမပါ။ အသက် တစ်ချက်ရှူသွင်းပြီး ထိုလေကိုကလေး ပါးစပ်နှင့် နှာခေါင်းကို ငုံ၍ ဖြည်းညှင်း ငြင်သာစွာ မှုတ်ထည့်ပေးလိုက်ပါ။ ကလေးရင်ဘတ် မြင့်တက်လာလျှင် သင်ထည့်ပေးသောလေက ကလေးအဆုတ်ထဲ ရောက်ရှိကြောင်းပြသည်။

ပုံ(၇) အရေးပေါ်ဌာနသို့မရောက်မချင်း နာရီဝက်ကြာအောင်အချက် ၃၀ ဖိပြီး လေ ၂ ချက်မှုတ်ထည့်ခြင်းကို တစ်လှည့်စီ ဆက်တိုက်လုပ်သွားပါ။ လမ်းတွင်ကလေးသတိပြန်လည်လျှင်(သို့) အသက်ပြန်ရှူလျှင်ရပ်ပါ။

သင်ဖိသောလက် ၂ ချောင်းက ကလေးနှလုံးကိုဖိ၍ဦးနှောက်ထဲသွေးပို့ပေးမည်။ သင်ပေးသောလေမှအောက်စီဂျင်ကိုကလေးရနေမည်။ သွေးနှင့်အောက်စီဂျင်ယာယီဖြည့်ပေးခြင်းဖြင့် ကလေးအသက်ရှင်အောင် ကူညီသည်။

မြတ်မင်းဇင်

# သင်္ကြန်ကာလမတိုင်မီထွက်ရှိမည့် တေးသံရှင် သာဂိဆိုသည့် "ဂိတို့ဆိုတဲ့သင်္ကြန်တေး" အမ်တီဗွီအခမ်းအနားကျင်းပ




တေးသံရှင်သာဂိဆိုသည့် "ဂိတို့ဆိုတဲ့သင်္ကြန်တေး" ကို ရန်ကုန်မြို့ Orchid Hotel မတ်လ ၃ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သည်။ တေးသံရှင်သာဂိဆိုတဲ့ "ဂိတို့ဆိုတဲ့သင်္ကြန်တေး" အမ်တီဗွီကို လှိုင်းတေးသံသွင်းမှုဖြန့်ချိရန်စီစဉ်ထားပြီး တေးသံရှင်သာဂိကိုယ်တိုင် ရေးသားသီဆိုထားသည့် သင်္ကြန်တေးသီချင်းသစ် ခြောက်ပုဒ်ပါဝင်ထားကြောင်း သိရသည်။ ယင်းတေးအယ်လ်ဘမ်၏ အမ်တီဗွီကို ဒါရိုက်တာရဲမြင့်လွင်က ပုံဖော်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"တေးသံရှင်သာဂိက ပြည်ပမှာနေထိုင်နေတဲ့သူဖြစ်ပြီး သူကမြန်မာနိုင်ငံကို ချစ်မြတ်နိုးသလို ရိုးရာသင်္ကြန်ကိုလည်း ချစ်မြတ်နိုးသူဖြစ်တာကြောင့် သင်္ကြန်တေးသီချင်းတွေဖန်တီးတာပါ။ သူကအချိန်သိပ်မပေးနိုင်တဲ့အတွက် သင်္ကြန်အမ်တီဗွီလေးကို ကျွန်တော်တို့ဖန်တီးပေးဖို့ ပြောလာတာကြောင့် ဖန်တီးပေးဖြစ်တာပါ။ ရိုးရာသင်္ကြန်ရဲ့ အငွေ့အသက်တွေနဲ့ ထုံမွှမ်းပြီးရိုက်ကူးတင်ဆက်ထားတယ်။ မြန်မာရိုးရာသင်္ကြန်ကို ချစ်မြတ်နိုးသူတွေအတွက် အမှတ်တရနားဆင်ခံစားနိုင်မယ့် အမ်တီဗွီဖြစ်တယ်" ဟု ၎င်းက ပြောသည်။

ဂိတို့ဆိုတဲ့ သင်္ကြန်တေးအမ်တီဗွီတွင် သရုပ်ဆောင် ဆုပန်ထွာ၊ သျှီလာ၊ ရွှေဖြူ၊ ခင်ဆုသျှင်၊ ဖြူဖြူထွေး တို့ပါဝင် သရုပ်ဆောင်ထားသည်။ သင်္ကြန်ကာလမတိုင်မီတွင် သင်္ကြန်အကြိုတေးစီးရီးများ ထွက်ရှိလေ့ရှိရာ၌ ယခုအယ်လ်ဘမ်သည်လည်း သင်္ကြန်အကြိုထွက်ရှိလာသော အယ်လ်ဘမ်ဖြစ်သည်။

T.Z

# YBS ကားများ သင်္ကြန်ကာလတွင် ယာဉ်စီးခ ပိုမိုမတောင်းခံပဲ ယာဉ်စီးရေ ၁,၀၀၀ ခန့် ပြေးဆွဲရန် စီစဉ်




YBS ကားများ သင်္ကြန်ကာလအတွင်း ယာဉ်အစီးရေ ၈၀၀ မှ ၁ထ၀၀၀ ကြားပြေးဆွဲနိုင်ရန် စီစဉ်နေပြီး၊ ပြီးခဲ့သည့် ၂၀၁၇ သင်္ကြန်ကာလက YBS ယာဉ်အစီးရေ၏ ၃၀ ရာခိုင်နှုန်းခန့် ပြေးဆွဲနိုင်ရန် စီစဉ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။

"လက်ရှိတွင် ယာဉ်လိုင်းအားလုံးရဲ့ အစီးရေသုံးပုံတစ်ပုံလောက် ပြေးဆွဲနိုင်ကြောင်း၊ မနှစ်က အတိုင်းပြေးဆွဲနိုင်အောင်လုပ်ပေးဖို့ ပြင်ဆင်နေကြောင်း၊ YBS (၂၁) ယာဉ်လိုင်းအနေဖြင့် လက်ရှိပြေးဆွဲနေသည့်ယာဉ်အစီးရေ၏ ၃၀ ရာခိုင်နှုန်းပြေးဆွဲမည်ဟု တင်ပြထားကြောင်း အဆိုပါယာဉ်လိုင်းတာဝန်ခံမှ ပြောသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော YBS ယာဉ်လိုင်း ၉၂ လိုင်းရှိပြီးယာဉ်အစီးရေ ၅,၀၀၀ ခန့်ရှိကြောင်း၊ သင်္ကြန်ကာလပြေးဆွဲသည့် YBS ယာဉ်လိုင်းမှ ကားများအနေဖြင့် ယာဉ်စီးခပိုမိုတောင်းခံခြင်းမရှိစေရန် တိုင်းအစိုးရက ညွှန်ကြားထားကြောင်း၊ယင်းအပြင် ယာဉ်လိုင်းတာဝန်ခံများထံမှပြေးဆွဲနိုင်မည့် ယာဉ်အရေအတွက်ကောက်ခံထားကြောင်းသိရသည်။

ပိုးအိမ်

# နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၏ ယာယီခရီးစဉ်အတွင်း ဆက်သွယ်ရေးပစ္စည်းများ အသုံးပြုပါက ယာယီလိုင်းနှုန်းစဉ်အသုံးပြုခွင့် လျှောက်ထားရန်လိုအပ်



ခရီးသွားကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသား ခရီးသွား ဧည့်သည်များ၏ ယာယီခရီးစဉ်အတွင်း ဆက်သွယ်ရေးပစ္စည်းများ အသုံးပြုပါက ယာယီလိုင်းနှုန်းစဉ် အသုံးပြုခွင့်ကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရယူဆောင်ရွက်ရန် လိုအပ်ကြောင်း အသိပေးထားသည်။

နိုင်ငံခြားသားခရီးသွား ဧည့်သည်များသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ခွင့်ပြုထားသော ခရီးသွားကုမ္ပဏီများ၏စီစဉ်မှုဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း၊ ကိုယ်ပိုင်မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့်သော်လည်းကောင်း အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတဆင့် မြန်မာနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်လျက်ရှိပြီး ခရီးစဉ်အတွင်း ၎င်းတို့နှင့်အတူတစ်ပါတည်းယူဆောင်လာသည့် ဆက်သွယ်ရေးပစ္စည်းများကို အသုံးပြုလျက်ရှိသည်။

အဆိုပါ ဆက်သွယ်ရေးပစ္စည်းများသည် ဆက်သွယ်ရေးဥပဒေနှင့် လိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေများအရ လိုင်းနှုန်းအသုံးပြုခွင့်ရယူအသုံးပြုရန်လိုအပ်သည်။ အချို့ကုမ္ပဏီများမှာ၎င်းတို့၏စီစဉ်မှုဖြင့် လာရောက်သည့်နိုင်ငံခြားသားခရီးသွားဧည့်သည်များ၏ မြန်မာနိုင်ငံအတွင်းလည်ပတ်သည့် ယာယီခရီးစဉ်အတွင်း လိုင်းနှုန်းစဉ်အသုံးပြုခွင့် လျှောက်ထားမှုမရှိဘဲ ဆက်သွယ်ရေးပစ္စည်းများအား အသုံးပြုလျက်ရှိကြောင်းဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ အကြောင်းကြားစာပေးပို့လာသည်။

သို့ဖြစ်၍ ခရီးသွားကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ၏ ယာယီခရီးစဉ်အတွင်း ဆက်သွယ်ရေးပစ္စည်းများ အသုံးပြုပါက ယာယီလိုင်းနှုန်းစဉ်အသုံးပြုခွင့်ကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရယူဆောင်ရွက်ရန်လိုအပ်ပါကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ခရီးသွားကုမ္ပဏီများသို့ အသိပေးထားသည်။

အိမ်စည်

# ပညာရေးနှင့် လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အူရီဒူးမှ ကျပ် ၁ဘီလျံကျော် ပံ့ပိုးကူညီနိုင်ရန် ရည်မှန်းထား

အူရီဒူးမြန်မာက ပညာရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် "မိနစ်များများပြောလေ အူရီဒူးက များများလှူပေးလေ"ဆိုသည့် လူမှုအကျိုးပြုအစီအစဉ်ကာလပြီးဆုံးသည့်အခါတွင် ကျပ်ငွေ ၁ ဘီလျံကျော်ဖြင့် ပံ့ပိုးကူညီလှူဒါန်းနိုင် ရန် ရည်မှန်းထားကြောင်း သတင်းထုတ်ပြန်ထားသည်။

"မိနစ်များများပြောလေ အူရီဒူးက များများလှူပေးလေ"ဆိုသည့်ခေါင်းစဉ်ဖြင့်ပြုလုပ်ဆောင်ရွက်သော လူမှုအကျိုးပြုလုပ်ငန်းသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ချို့တဲ့နွမ်းပါးသောကလေးငယ်များ၏ ပညာရေးကိုကူညီထောက်ပံ့ပေးရန် ရည်ရွယ်ထားကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ကလေးသူငယ်ပေါင်း (၃)သိန်းကျော်၏ ပညာရေးအတွက် တာဝန်ယူစောင့်ရှောက်သင်ကြားပေးလျှက်ရှိသည်။

အူရီဒူးမြန်မာ၏ CEO ဖြစ်သော Mr. Vikram Sinha က "ပညာရေးကိုမြှင့်တင်ပေးခြင်းဖြင့် ကလေးများအတွက်၊ လူမှုပတ်ဝန်းကျင်အတွက်နဲ့ တိုင်းပြည်အတွက်ပါ သိသိသာသာဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးနိုင်ပါတယ်။ ကလေးတွေပညာသင်ကြားနိုင်ခွင့် မမျှတမှုကို ဖယ်ရှားပေးနိုင် ဖို့အထောက်အပံ့ရရှိအောင် ရန်ပုံငွေမတည်လှူဒါန်းနိုင်ဖို့အတွက် အူရီဒူးကို ကူညီလှူဒါန်းခွင့်ရအောင် ပူးပေါင်းပါဝင်ကူညီပေးကြတဲ့ မေတ္တာစေတနာတရားပြည့်ဝလှတဲ့ မြန်မာပြည်သူတွေရဲ့ ရက်ရောမှုအတွက် တကယ်ကိုလေးစားမိပါတယ်။ အူရီဒူးကနေ မတည်လှူဒါန်းငွေများဟာဆိုရင် မြန်မာနိုင်ငံက ကျေးလက်ဒေသတွေမှာ နေထိုင်ကြတဲ့ ပညာသင်ကြားရေးမှာအခက်အခဲဖြစ်နေတဲ့ ကလေးငယ်တွေအတွက် အခက်အခဲအတားအဆီးတွေကို ဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ကြောင့် အူရီဒူးဆင်းကတ်အသုံးပြုသူများအနေဖြင့် ပြည်တွင်းရှိ မည်သည့်ဖုန်းကိုမဆိုခေါ်ဆိုပါက ၁မိနစ်ပြည့်တိုင်း အူရီဒူးမှ ၁ကျပ်လှူဒါန်းပေးသည့် လူမှုအကျိုးပြုလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ကြောင်း၊ အူရီဒူးမှ အဆိုပါအစီအစဉ်ကို မကွေးတိုင်းဒေသကြီးတွင် ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ(၄)ရက်နေ့က စတင်ပြီး အကောင်အထည်ဖော်ခဲ့ကြောင်း၊ ဆက်လက်၍ စက်တင်ဘာလတွင်ပင် ဧရာဝတီတိုင်းဒေသကြီး၌ စတင်အကောင်အထည်ဖော်ခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၌လည်းကောင်း၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၌လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌လည်းကောင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အဆိုပါ လူမှုအကျိုးပြုအစီအစဉ်ကို ဒေသတစ်ခုစီအတွက် ပြုလုပ်ပေးရန်အတွက် ရက်ပေါင်း (၉၀)သတ်မှတ်ပေးထားသည်။

အူရီဒူး၏ ကူညီလှူဒါန်းမှုကို လက်ခံမည့်အဖွဲ့အစည်းဖြစ်သည့် ပညာရေးနှင့် လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျှက်ရှိသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (သို့) လူငယ်ဖွံ့ဖြိုးရေးကျောင်းတို့ကို သက်ဆိုင်ရာဒေသဆိုင်ရာအစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်ရန်အချက်များအပေါ် မူတည်ပြီး စနစ်တကျရွေးချယ်ခဲ့သည်။ အူရီဒူးအနေဖြင့်ကျပ်ငွေ သိန်း ၂၆၀၀ကျော်ဖြင့် ကနဦးလှူဒါန်းမှုအခမ်းအနားများကို မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စာသင်ဆောင်ဆောက်လုပ်ရန်နှင့် ကွန်ပြူတာသင်တန်းခန်းမဆောက်လုပ်ရန်အတွက် လှူဒါန်းခဲ့သည့်အပြင် ကွန်ပျူတာများ၊ ပရင်တာများ၊ စကင်နာများအပါအဝင် အူရီဒူး၏ မြန်ဆန်လှသည့် အင်တာနက်ကိုပါ ချိတ်ဆက်လှူဒါန်းပေးသည်။

"အဆိုပါ လူမှုအကျိုးပြုလုပ်ငန်းသည် မြန်မာနိုင်ငံရဲ့ပညာရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍအတွက် အထူးအာရုံထားပြီး မဟာဗျူဟာချမှတ်ပြီး လုပ်ဆောင်ပေးတာဖြစ်ကြောင်း၊ နွမ်းပါးချို့တဲ့တဲ့ ကလေးတွေကို ကိုယ့်အားကိုယ်ကိုးတဲ့သူ၊ အသိပညာပြည့်ဝသူ၊ လုပ်ပိုင်ခွင့်အခွင့်အလမ်းများရရှိတဲ့ ကျောင်းသားဘဝကို ရရှိဖို့ ရည်ရွယ်ချက်နဲ့ ပံ့ပိုးကူညီပေးတာဖြစ်ကြောင်း၊ ကျွန်တော်တို့အနေနဲ့ မြန်မာပြည်သူလူထုတွေ တိုးတက်ကောင်းမွန်တဲ့ဘဝတွေ ပိုင်ဆိုင်ခွင့်ရရှိဖို့အတွက် လူထုဖွံ့ဖြိုးတိုးတက်ဖို့အပါအဝင် ရေရှည်တည်တံ့တဲ့ လူမှုပတ်ဝန်းကျင်နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဟု Mr. Vikram Sinha မှ ထပ်လောင်းပြောကြားခဲ့သည်။

ကျော်ကျော်

# အပူအပင်ကင်းစွာ အပန်းဖြေနိုင်မည့် ဒေတာအစီ




တယ်လီနောအသုံးပြုသူများ အပူအပင်ကင်းစွာအပန်းဖြေနိုင်မည့်အကောင်းမွန်ဆုံးသော ဖျော်ဖြေရေးဆိုင်ရာအတွေ့အကြုံများရရှိခံစားနိုင်စေရေးအွန်လိုင်းရုပ်ရှင်များနှင့် တေးသီချင်းများအား ကြည့်ရှုနားဆင်နိုင်မည့်ဖျော်ဖြေရေးဒေတာ အစီအစဉ်သစ် "Telenor Music & Video"ကိုမတ်လ၁၇ရက်နေ့တွင် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဤအစီအစဉ်ကို ရယူထားခြင်းဖြင့် တယ်လီနော၏မိတ်ဖက်အက်ပလီကေးရှင်းများပေါ်မှ တေးသီချင်းနှင့် ရုပ်ရှင်ပေါင်းများစွာကိုဈေးနှုန်းအသက်သာဆုံးဖြင့်ကြည့်ရှုခံစားနားဆင်နိုင်ကြမည်ဖြစ်သည်။

"မြန်မာပြည်သူတွေ သီချင်းတွေနဲ့ဗီဒီယိုတွေကိုနှစ်ခြိုက်ကြတယ်လို့ ကျွန်တော်တို့သိထားပါတယ်။ စမတ်ဖုန်းအသုံးပြုမှုပိုမိုများပြားလာတာနဲ့ နိုင်ငံတဝန်း ကွန်ရက်ရရှိမှုပိုမိုကျယ်ပြန့်လာတာတွေကြောင့် ဒစ်ဂျစ်တယ်ဖျော်ဖြေရေးဝန်ဆောင်မှုတွေကိုလည်း ပိုပြီးလက်လှမ်းမီလာကြပါပြီ။ အသုံးပြုသူတွေနှစ်ခြိုက်တဲ့ ဒစ်ဂျစ်တယ်ဖျော်ဖြေရေး ဝန်ဆောင်မှုတွေကိုပေးအပ်နိုင်ဖို့ဆုံးဖြတ်ထားတာနဲ့အညီ နိုင်ငံတကာနဲ့ပြည်တွင်းထိပ်တန်းဝန်ဆောင်မှုပေးနေတဲ့ ကျွန်တော်တို့ရဲ့မိတ်ဖက် YouTube၊ Pyone Play၊ iflix နဲ့ JOOX တို့နဲ့လက်တွဲပူးပေါင်းပြီး ဆန်းသစ်မှုအရှိဆုံးနဲ့ အကောင်းမွန်ဆုံးဖျော်ဖြေရေးဝန်ဆောင်မှုတစ်ခုကို အသုံးပြုသူအပူအပင်ကင်းစွာအပန်းဖြေနိုင် စေဖို့အသက်သာဆုံးဈေးနှုန်းနဲ့ယနေ့ စတင်မိတ်ဆက်လိုက်ပါတယ်။ "Tel enor Music & Video"အစီအစဉ်ကနေတဆင့် ၄၅ မိနစ်ကြာအွန်လိုင်းဗီဒီယိုဒါမှမဟုတ် ၆ နာရီကြာသီချင်းတွေကိုငွေကျပ် ၄၅၀ နဲ့ရယူခံစားနိုင်တော့မှာဖြစ်ပါတယ်"ဟုတယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိ ချုပ် Joslin Mythrong ကပြောကြားသည်။

တယ်လီနောမြန်မာ၏ Prepaid အသုံးပြုသူများအားလုံးရယူနိုင်မည့် "Telenor Music & Video"ဒေတာအစီအစဉ်တစ်ကြိမ်လျှင် ပရိုမိုးရှင်းဈေးနှုန်းဖြစ်သည့် ၄၅၀ ကျပ်ဖြင့် ၄၅ မိနစ်ကြာဗီဒီယိုကြည့်ရှုခြင်းသို့မဟုတ် ၆နာရီကြာ သီချင်းနားထောင်ခြင်းတို့ပြုလုပ်ရန်လုံလောက်သည့် ဒေတာပမာဏ ၃၀၀ MB ရရှိမည်ဖြစ်ပြီးအစီအစဉ်သည်တစ်ကြိမ်ရယူပါက ၇ ရက်ကြာသက်တမ်းရှိမည်ဖြစ်ပြီး ရရှိသည့်ဒေတာပမာဏ ကုန်ဆုံးသွားသည့်အချိန်တွင်ပုံမှန်နှုန်းထားများ အတိုင်းကောက်ခံသွားမည်ဖြစ်သည်။

အသုံးပြုသူများအနေဖြင့် *979*2*7*1# သို့ဖုန်းခေါ် ဆို၍ဖြစ်စေ၊ ၅၀၀

# MPT ဝန်ထမ်းများစုပေါ် ဆေးရုံများတွင် စု




MPT ဝန်ထမ်းများစုပေါင်း၍ မတ်လ (၈)ရက်နေ့ လူမှုအကျိုးပြုလုပ်ငန်းအဖြစ် အမျိုးသားသွေးလှူဘဏ် နှင့် ဆေးရုံများတွင် MPT ဝန်ထမ်းပေါင်း (၄၀၀)ကျော်ကစုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သွေးသည်လူ့ခန္ဓာကိုယ်အတွက် အလွန်အရေးကြီးသည့်ကဏ္ဍတစ်ခုအဖြစ်တည်ရှိပြီး၊ မတော်တဆအဖြစ်အပျက်များအပါအဝင်၊ အရေးပေါ် ခွဲစိတ်ကုသ

# အူရီဒူးမှ နိုင်ငံတကာအမျိုးသမီးများနေ့ကို ဂုဏ်ပြုဟောပြောပွဲကျင်းပ

အူရီဒူးမြန်မာသည်နိုင်ငံတကာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် "ဘဝနှင့်လုပ်ငန်းယှဉ်တွဲတိုးတက်ဖွံ့ဖြိုးရန်" ဟူသည့်ခေါင်းစဉ်ဖြင့်ဟောပြောပွဲကျင်းပပြုလုပ်ခဲ့သည်။ မတူညီသောနောက်ခံအခြေအနေများကို ဖြတ်သန်းလာကြပြီး သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် အောင်မြင်မှုကိုရရှိပိုင်ဆိုင်ထားကြသော အတုယူအားကျစရာကောင်းသည့်အမျိုးသမီး(၃)ဦးကို ဖိတ်ကြားပြီးရန်ကုန်မြို့ရှိ အူရီဒူးမြန်မာရုံးချုပ်၌မတ်လ(၇)ရက်နေ့က အဆိုပါဟောပြောပွဲကိုအခမ်းအနားကိုကျင်းပခဲ့သည်။

ဟောပြောပွဲအခမ်းအနားသို့ တက်ရောက်ဟောပြောပေးသူများမှာ Ms.Bowman, Director of Myanmar Centre for Responsible Business ၊ တစ်ချိန်ကရုပ်ရှင်ငွေကြယ်ပွင့်တစ်ဦးဖြစ်ခဲ့ပြီး လူမှုရေးလုပ်ငန်းများတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သော ဒေါ်ဆွေဇင်ထိုက်နှင့်မကြာသေးခင်က တရိန်ထိုးအောင်မြင်ခဲ့သောရုပ်ရှင်တစ်ကားဖြစ်သည့် "ဥပါယ်တံမျှင် "ကိုဖန်တီးသူ ဒါရိုက်တာခရစ္စတီးနားခီတို့ဖြစ်ပြီး ဘဝတစ်လျှောက်နှင့်လုပ်ငန်းဆောင်ရွက်ရာကာလများတွင်ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကိုဖြေရှင်းပုံ၊ အတားအဆီးများကိုဖြတ်ကျော်ခဲ့ပုံနှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက်အခွင့်အလမ်းများကို မည်သို့ရယူခဲ့ပုံစသည့်အကြောင်းအရာများကိုဟောပြောခဲ့သည်။

အူရီဒူးမြန်မာ၏ Chief Human Resources Officer ဖြစ်သူ Ms. Cecile Umana မှ"မိမိရဲ့မိသားစု၊ လူ့ပတ်ဝန်းကျင်နဲ့လုပ်ငန်းလုပ်ကိုင်ရာအဖွဲ့အစည်းအတွက် အမြဲတမ်းတစ်ထောင့်တစ်နေရာကနေ ပါဝင်လုပ်ဆောင်ပေးခဲ့ကြတဲ့ အမျိုးသမီးတိုင်းကိုလေးစားတဲ့အတွက် အထူးဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံတကာအမျိုးသမီးများနေ့ကို ကျင်းပပြုလုပ်တာဖြစ်ပါတယ်။ နောက်ခံ၊ အလုပ်အကိုင်နဲ့ရာထူးတွေကိုထည့်သွင်းမစဉ်းစားဘဲ အရှိကိုရှိတိုင်းခြုံငုံကြည့်လိုက်ရင် ကျွန်မတို့အမျိုးသမီးအားလုံးမှာ ကမ္ဘာကြီးကိုတိုးတက် ကောင်းမွန်လာအောင်ပြောင်းလဲပေးနိုင်တဲ့ အခွင့်အလမ်းတွေရှိပါ တယ်။ အူရီဒူးမြန်မာမှာအမျိုးသမီးဝန်ထမ်းဦးရေ ၅၀%ရှိတဲ့ အပြင် အများစုဟာလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်တဲ့အပိုင်းမှာ တာဝန်ယူထားတာဖြစ်တဲ့အတွက် ကျွန်မတို့အနေနဲ့တကယ်ကိုဂုဏ်ယူရပါတယ်။ ဒီနေ့မှာလာရောက်ဟောပြောသူတွေကလဲ မြန်မာနိုင်ငံမှာအောင်မြင်ကျော်ကြားနေသူအချို့ထဲကဖြစ်ပြီး အူရီဒူးမိသားစုဝင်တွေဗဟုသုတတိုးပွားပြီးစိတ်ဓာတ်တက်ကြွလာအောင် စေ့ဆော်ဟောပြောပေးခဲ့ပါတယ်"ဟုပြောကြားခဲ့သည်။

အူရီဒူးကနေထူးခြားတဲ့လုပ်ငန်းအမျိုးအစားကို ပြုလုပ်ပေးထားပြီးငွေတန်ဖိုးရပ်တည်မှုတွေဖြစ်သည့်ဂရုစိုက်ခြင်း၊ ဆက်သွယ်ခြင်းနှင့်စိန်ခေါ်ခြင်းတို့ကိုတိုးမြှင့်လုပ်ဆောင်သွားမှာဖြစ်သည့်အပြင် တစ်ချိန်တည်းမှာပင်မြန်မာနိုင်ငံသူနိုင်ငံသားများ တိုးတက်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်းသိရသည်။

ကျော်ကျော်



## အစဉ်သစ်မိတ်ဆက်




သို့ MVP ဟုစာတိုပေးပို့ခြင်းဖြင့်ဖြစ်စေ အစီအစဉ်ကိုရယူသုံးစွဲနိုင်မည်ဖြစ်သည်။ အစီအစဉ်တစ်ခုထက်ပို၍ ဝယ်ယူထားပါကသက်တမ်းရှိသရွေ့ ထပ်ပေါင်းအသုံးပြုနိုင်မည်ဖြစ်ကြောင်း ယခင်အစီအစဉ်အဟောင်းသက်တမ်းကုန်ဆုံးသွားသည့် အချိန်မှစ၍ ၇ ရက်ကာလအတွင်း Music & Videoအစီအစဉ်အသစ်တစ်ခုအား ထပ်မံဝယ်ယူပါကကျန်ရှိနေသေးသည့် ဒေတာလက်ကျန်ပမာဏများအား ပေါင်းထည့်ပြီးဆက်လက်အသုံးပြုနိုင်မည်ဖြစ် ကြောင်းသိရသည်။ ကျော်ကျော်

## နွေရာသီဒစ်ဂျစ်တယ်နည်းပညာသင်တန်းများ နိုင်ငံတစ်ဝန်းတွင်စတင် ဖွင့်လှစ်




နိုင်ငံတစ်ဝန်းရှိအလယ်တန်းနှင့်အထက်တန်း ကျောင်းသားကျောင်းသူပေါင်း ၂၅,၀၀၀ခန့်အားကွန်ပျူတာအခြေခံကျွမ်းကျင်မှုနှင့် အင်တာနက်အားဘေးကင်းစွာအသုံးပြုနိုင်မည့်အချက်များအား နွေရာသီကျောင်းပိတ်ရက်တွင် သင်ကြားပေးမည့် ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများအား တယ်လီနောမြန်မာနှင့်၎င်း၏မိတ်ဘက်အဖွဲ့အစည်းများက မတ်လ၈ရက်ကစတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါနွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများ ဖွင့်ပွဲအခမ်းနားအား နေပြည်တော်တွင်ကျင်းပပြုလုပ်ခဲ့ပြီး ဖဲကြိုးဖြတ်ဖွင့်ပွဲအခမ်းအနားသို့ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲနဲ့ အတူတယ်လီနောမြန်မာ၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr.Erilk Telimann နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ခဲ့သည်။

“တယ်လီနောအနေနဲ့မြန်မာနိုင်ငံတွင်း ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှု ပိုမိုကောင်းမွန်လာဖို့စွမ်းစွမ်းတမံကူညီဆောင်ရွက်နေခဲ့သလို အခုလည်းနွေရာသီဒစ်ဂျစ်တယ်နည်းပညာ သင်တန်းကျောင်းတွေကနေတစ်ဆင့် နိုင်ငံတော်အစိုးရကြိုးပမ်းဆောင်ရွက်နေတဲ့ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာစေဖို့နဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့လူမှုဖွံ့ဖြိုးတိုးတက်မှုတွေမှာ တစ်စိတ်တစ်ပိုင်း အကူအညီပေးသွားနိုင်ဖို့ရည်ရွယ်ပါတယ်။ ဒီအစီအစဉ်ဟာအရွယ်ငယ်သေးပေမယ့် ကျောင်းသားကျောင်းသူတွေဒီဂျစ်တယ်နည်းပညာနဲ့ပတ်သတ်ပြီး စိတ်ဝင်စားမှုပိုမိုမြင့်တက်လာရေး အကူအညီပေးသွားနိုင်မှာဖြစ်ပြီး ရေရှည်မှာမြန်မာနိုင်ငံတစ်ဝန်းပြည်နယ်နှင့်တိုင်းအသီးသီးကဒီဂျစ်တယ်နည်းပညာတတ်မြောက်မှု ကွာဟချက်လျော့ချနိုင်ဖို့ကြိုးပမ်းမှုကိုလည်း တစ်စိတ်တစ်ပိုင်းအကူအညီပေးသွားနိုင်မှာဖြစ်ပါတယ်”ဟု တယ် လီနောမြန်မာအမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr.Erilk Telimann ကပြောကြားသည်။

မြန်မာနိုင်ငံတွင်းဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှု ပိုမိုကောင်းမွန်စေရန်ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်သွားမည့် အဆိုပါနွေရာသီဒစ်ဂျစ်တယ်နည်းပညာသင်တန်းများသည် ကျေးလက်နှင့်မြို့ပြအကြားဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှုကွာဟချက်ကို လျော့ကျသွားစေရန်ဆောင်ရွက်နေသည့်တယ်လီနောမြန်မာ၏ လူထုအကျိုးပြုလုပ်ငန်းများအနက်တစ်ခုဖြစ် ပြီး ဤစီမံကိန်းကိုပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖွင့်လှစ်သွားမည် ဖြစ်ပြီး KMD, Fricsson, Irrawaddy Green Tower နှင့် Myanmar ICT for Development Organization (MIDO) တို့က ပူပေါင်းပါဝင်ထောက်ပံ့ပေးထားကြောင်း သိရသည်။ ကျော်ကျော်

## ...ါင်း၍ သွေးလှူဘဏ်နှင့် ...ပေါင်းသွေးလှူဒါန်း




ရသည့် ခွဲစိတ်ကုသမှုများအတွက် အသက်ဆုံးရှုံးမှုမှကာကွယ်ရန်အတွက် မရှိမဖြစ်လိုအပ်ပြီး၊ ယခုကဲ့သို့သွေးလှူဒါန်းခဲ့သည့်သွေးလှူရှင်စေတနာရှင်များကြောင့် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ကြောင်း၊ ဖြူစင်သောနှလုံးသားနှင့် သွေးလှူဒါန်းပေးခဲ့ကြသည့် သွေးလှူရှင် (၇၀)ကျော် အတွက် ကျေးဇူးတင်ကြောင်း၊ တစ်နိုင်ငံလုံးရှိဆေးရုံများတွင် MPT ဝန်ထမ်းပေါင်း (၄၀၀)ကျော်က ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ နီးစပ်ရာဆေးရုံများတွင် စုပေါင်းသွေးလှူဒါန်းခဲ့သည့် MPT ဝန်ထမ်းများအတွက်လည်း ဂုဏ် ယူဝမ်းမြောက်မိကြောင်း၊ မိမိတို့အမျိုးသားသွေးဌာနအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပေးပြီး၊ အများပြည်သူအတွက် အမှန်တကယ်လိုအပ်သည့်လူမှုအကျိုးပြုလုပ်ငန်းများတွင် စုပေါင်းပါဝင်ကူညီပေးခဲ့ကြသည့် MPT ဝန်ထမ်းများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ အမျိုးသားသွေးဌာန၊ ဒုညွှန်ချုပ်ပါမောက္ခ Dr. သီတာအောင်ကပြောကြားသည်။ ဆက်လက်၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အသက်တွေကယ်ဖို့၊ သွေးလှူဒါန်းချင်တယ်ဆိုရင် www.donatebloodmyanmar.org လိပ်စာမှာ ဝင်ရောက်ကြည့်ရှုကြဖို့ တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ MPT-KSGM ဒုတိယအထွေထွေ မန်နေဂျာဦးမိုးသူရက MPT သည် ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သည်နှင့်အညီ သုံးနှစ်တာကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများတွင် ကျပ်သိန်းပေါင်း ၄၅၀၀ကျော်သုံးစွဲလှူဒါန်းမှုပြုခဲ့ပြီး၊ ယခုအမျိုးသားသွေးလှူဘဏ်တွင် (၄)ကြိမ်မြောက်နှင့် တစ်နိုင်ငံလုံးအနေဖြင့် တတိယအကြိမ်တွင် သွေးအိတ်ပေါင်း (၁၀၀၀)ကျော်လှူဒါန်းပေးနိုင်ပြီဖြစ်၍ လူမှုအကျိုးပြုလုပ်ငန်းများမှ နှလုံးသားထဲကမြန်မာဆောင်ပုဒ်နှင့်အညီ ရှေ့ဆက်လက်ပြီး မိမိတို့ MPT ဝန်ထမ်းများ၊ အများပြည်သူအကျိုး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်ကို ပြောကြားခဲ့ကြောင်းသိရသည်။ လှမျိုး/ T.Z

## MPT က ဒေတာ Package နှုန်းထားများ ပြောင်းလဲသတ်မှတ်




MPT ကဒေတာ Package နှုန်းထားတွေကို မတ်လ ၈ ရက်နေ့ကစတင်၍ ပြောင်းလဲသတ်မှတ်လိုက်ပြီး Social Pack, Night time Data Pack, Daily Data Pack နဲ့ Data Carry တို့ရဲ့ နှုန်းထားတွေကို ပြောင်းလဲသတ် မှတ်ခဲ့ပြီး၊ ယခုအခါယခင်ကထက်ဈေးနှုန်းသက်သာပြီး ဆွေသဟာ၊ ရှယ်ပြော၊ ရွှေစကားအစီအစဉ်ရယူသုံးစွဲသူတွေကို MPTသတင်းထုတ်ပြန်ချက်အရသိရသည်။

MPT ၏လူမှုကွန်ယက်အသုံးပြုသူများအနေနဲ့ Applications များ ဖြစ်တဲ့ Facebook, Messenger, Viber, Line နဲ့ Instagram applications တွေကို ဒေတာ 150 MB ကို တစ်ရက် ၁၆၉ ကျပ် 800 MB ကို တစ်ပတ်အတွင်း ၈၉၉ ကျပ် 3200 MB ၁ လအတွက် ၃၄၉၉ ကျပ် ဖြင့်ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းအပြင် Daily Data Pack-150 MB ကို ၂၉၉ ကျပ်နဲ့ ဝယ်ယူနိုင်မည်ဖြစ်သည်။ပြောင်းလဲလာတဲ့ MPT ၏နှုန်းထားအသေးစိတ်ကို MPT ၏ နှုန်းထားအသေးစိတ်ကို MPT ၏ ဝဘ်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းလည်းသိရသည်။

လှမျိုး-ဆ.သ.ရ

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်
## Sixth CBTA Joint Committee Meeting (6 th JCM) အစည်းအဝေးတက်ရောက်










ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ၊ ဟန်္နိုင်းမြို့တွင် မတ်လ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပသည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံအများအပြား Sixth CBTA Joint Committe Meeting (6 th JCM) အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးပထမနေ့တွင် "The 2nd Meeting of the Deliberation on the Expansion of Prot- ocol 1" ကိုလည်းကောင်း၊ ဒုတိယနေ့တွင် "Meeting of the Senior Officals of National Transport Facilitation Committee နှင့် "The Sixth Joint Committee Meeting for the Cross Border Transport Facilitation Agreement ဆိုင်ရာများ အားဆွေးနွေးခဲ့ကြောင်းသိရသည်။

MOTC

# ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး




ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် မတ်လ (၄)ရက်နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်ဦးတင်ထွန်း၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးထွန်းလွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျှက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေနှင့် ဆောင်ရွက်လျှက်ရှိသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများလုပ်ဆောင်နေမှု အခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ရွှေဦးစွာဒက္ခိဏသီရိမြို့နယ်၊ ဒိုးနွယ်ကျေးရွာပလွေးချောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ကြည့်ရှုရာရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးထွန်းနိုင်ဝင်းမှ Steel Basket အခြေပြုကျောက်စီနံရံ အလျား(၁၂၀၀)ပေနှင့် သံခြင်းရေကာတို (၁၁)ခု၊သောင်စွယ်ဖြတ်ခြင်းလုပ်ငန်း (၁)ခုကိုဆောင်ရွက်လျက်ရှိပြီး ၆၅% ခန့်ပြီးစီးနေပြီဖြစ်ပြီးလုပ်ငန်းများကို မတ်လတွင်ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းလုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီးအချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်ကြရန်မှာကြားခဲ့ပါသည်။

ထို့နောက်လယ်ဝေးမြို့နယ်၊ စည်ပိုင်ကျေးရွာပလွေးချောင်းရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်း Steel Basket အခြေပြုကျောက်စီမြေထိန်းနံရံအလျား(၉၉၀)ပေ တည်ဆောက်နေမှုနှင့် ပုဗ္ဗသီရိမြို့နယ်၊ ကုလားရွာကျေးရွာ ဆင်သေကျောင်းရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း မျှောတိုင်တန်း Geotube အခြေထိန်းကာရစ်ကွက်အလျား (၁၆၀၀)ပေ၊ Pilot Channel အလျား(၁၀၀၀) ပေတူးဖော်ပြီးစီးမှုနှင့် မျှောတိုင်တန်း Geobag ဖြည့်ရေကာတို (၅)ခုရာနှုန်းပြည့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာ၌ဒေသခံများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးကမိမိတို့အစိုးရတာဝန်ယူခဲ့သည့် (၂)နှစ်တာကာလအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းပေါင်း (၄၀၀)ကျော်ကိုနိုင်ငံတော်မှငွေကြေးအကုန်အကျခံပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနှင့်လည်း ကမ်းပြိုထိန်းသိမ်းရေး လုပ်ငန်းများတွင်လိုအပ်သည့် နည်းပညာများပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မြစ်ချောင်းများတိမ်ကောပျက်စီးမှုမရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းယခုဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေဖြင့် ကောင်စီနယ်မြေအတွင်းမှ ယခုဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း(၆)ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

တင်မောင်-ပို့/ဆက်

# PHOTO NEWS










ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မတ်လ ၁၇ ရက်နေ့လည်က ရန်ကုန်မြို့ပတ်ရထားလမ်း ကြည့်မြင်တိုင်ဘူတာမှ လက်ယာရစ် RBE ရထားဖြင့် သမိုင်းဘူတာဈေးပြုပြင်နေမှုများ၊ သံလမ်းအဆင့်မြှင့်တင်ခြင်းနှင့် မြို့ပတ်ဘူတာရုံများ အဆင့်မြှင့်တင် နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျော်ကျော်

# အိန္ဒိယနိုင်ငံမှ YDM-4 စက်ခေါင်း (၁၈)ခေါင်း၊ မြန်မာ့မီးရထားသို့ လွှဲပြောင်းပေးအပ်









ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားနှင့် အိန္ဒိယနိုင်ငံ RITES Ltd.တို့စာချုပ်ချုပ်ဆိုဝယ်ယူခဲ့သည့် YDM-4 စက်ခေါင်း (၁၈)ခေါင်းလွှဲပြောင်းပေးအပ်ပွဲကို မတ်လ ၁၉ရက်၊ နံနက်ပိုင်းက နေပြည်တော်ဘူတာတွင် ကျင်းပခဲ့ရာပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့သည်။

စာချုပ်ချုပ်ဆိုဝယ်ယူခဲ့သည့် စက်ခေါင်း (၁၈)ခေါင်းသည် မြန်မာ့မီးရထားသို့ ၂၀၁၇ခုနှစ်၊ ဇူလိုင်လက ပထမအသုတ်စက်ခေါင်း (၆)ခေါင်း၊ ၂၀၁၇ခုနှစ်၊ နိုဝင်ဘာက ဒုတိယအသုတ်စက်ခေါင်း(၆)ခေါင်း၊ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလက နောက်ဆုံးအသုတ်စက်ခေါင်း(၆)ခေါင်း ရောက်ရှိခဲ့ပြီး၊ စက်အစိတ်အပိုင်းများ စစ်ဆေးခြင်းနှင့် စက်နှိုးစမ်းသပ်ခြင်း၊ စမ်းသပ်မောင်းနှင်ခြင်းများဆောင်ရွက်ပြီး မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင်လူစီးနှင့်ကုန်ရထားများ၌ ပြေးဆွဲနေပြီဖြစ်ပြီး၊ မြန်မာ့မီးရထား၏ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတွင်လိုအပ်နေသည့်စက်ခေါင်းလိုအပ်ချက်ကို အားဖြည့်အသုံးပြုနိုင်မည်ဖြစ်သည်။

ယခုအိန္ဒိယ စက်ခေါင်း (၁၈)ခေါင်းသည် ယခင်က စက်ခေါင်းများနှင့် နှိုင်းယှဉ်လျှင် ပိုမိုအားသာချက်များရှိပြီး၊ Micro Controller Based Control, Fuel Efficient ALCO အင်ဂျင်များတပ်ဆင်ထားပြီး Control Unit တွင်တယ်လီဖုန်း Sim Card များထည့်ထားပြီး စက်ခေါင်းရောက်ရှိနေရာ၊ မောင်းနှင်နေသည့်မိုင်နှုန်း အပါအဝင် စက်ခေါင်း၏အင်ဂျင်၊ Control ပိုင်းဆိုင်ရာ အခြေအနေကို မိခင်စက်ရုံမှတယ်လီဖုန်း Handset မှတဆင့် Download ဆွဲကြည့်ရှုစစ်ဆေးနိုင်ကြောင်း၊ စက်ခေါင်းစက်ရုံရောက်ရှိချိန်တွင် Control Unit နှင့် Laptop ကွန်ပျူတာဖြင့်ချိတ်ဆက်ပြီး စက်ခေါင်းနှင့်ပတ်သက်သည့် အချက်အလက်များရယူခြင်း၊ Fault Code များကြည့်ရှုပြင်ဆင်ပေးနိုင်ခြင်း အားသာချက်များရှိကြောင်း၊ ယခင်အိန္ဒိယစက်ခေါင်းများကဲ့သို့ မီးခိုးမဲအလွန်အကျွံထွက်သည့်အားနည်းချက်များအား Microcontroller မှတဆင့် အသေးစိတ်ထိန်းချုပ်ထားသည့်အတွက် မီးခိုးမဲအလွန်အကျွံမထွက်စေရန် ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင်တင်ဒါခေါ်ဝယ်ယူထားပြီးကျန်ရှိနေသေးသည့် စက်ပစ္စည်းနှင့် စက်ခေါင်း/တွဲအရန်ပစ္စည်းများကိုလည်း ၂၀၁၈ခုနှစ်၊ ၂၀၁၉ခုနှစ် ဘဏ္ဍာနှစ်အတွင်းရောက်ရှိမည်ဖြစ်၍ စက်ခေါင်းနှင့်တွဲများစွမ်းအားပြည့်ပြေးဆွဲ နိုင်ရေးအတွက်မြန်မာ့မီးရထားမှစွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

# PHOTO NEWS







၂၀၁၈ခုနှစ်၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားကိုတပေါင်းလပြည့်နေ့(မတ်လ ၁ရက်)မွန်းလွဲပိုင်းက နေပြည်တော်ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်တွင်ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီးဦးကျော်မျိုးနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးသာဦးနှင့် ဇနီးတို့ကဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအားဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကိုသဒ္ဓါကြည်ဖြူစွာ လောင်းလှူခဲ့ကြသည်။

ကျော်ကျော်

## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၏ဇနီး ဒေါက်တာဒေါ်ခင်သန်းအေးနှင့် ဝန်ကြီးဌာန မိသားစုများရင်ခွင်မဲ့ကလေးငယ် များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်လှူဒါန်း





ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၏ဇနီး ဒေါ်ခင်သန်းအေးနှင့်ဝန်ကြီးဌာနမိသားစုများမှရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အတွက်အလှူငွေကျပ်(၂၁)သိန်း(ကျပ်နှစ်ဆယ့်တစ်သိန်းတိတိ)ကို မတ်လ(၉)ရက်နေ့ နံနက်ပိုင်းတွင်လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမသို့သွားရောက် လှူဒါန်းခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၏ဇနီးက ဝန်ကြီးဌာနမိသားစုများမှလှူဒါန်းရခြင်း အကြောင်းအရင်းအား ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးဦးစိုးအောင်က ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရင်ခွင့်မဲ့ကလေးငယ်များအတွက် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်း၍ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာ့မီးရထား

# နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ဂုဏ်ကိုဖော်ဆောင်နိုင်တဲ့ ထူးချွန်ထက်မြက်တဲ့ နိုင်ငံသားကောင်း လူငယ်များဖြစ်အောင် ကြိုးစားကြ














ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ အရာရှိလောင်းဒီပလိုမာသင်တန်းအမှတ်စဉ် (၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် (၇)နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်္ဘောကုမ္ပဏီများ၊ ရေကြောင်းဘက်ဆိုင်ရာသင်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိလောင်းများ၏ မိဘ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာစစ်ရေးပြတပ်ခွဲများနှင့် ကျောင်းဆင်းတပ်ခွဲများမှ ပြည်ထောင်စုဝန်ကြီးအား အလေးပြုခြင်း၊ တန်းအပ်ခြင်းများဆောင်ရွက်ကြသည်။ ထို့နောက် အခမ်းအ

စာ- ၂၀ »

## PHOTO NEWS





ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်အား KARASAWA JICA ဌာနေကိုယ်စားလှယ်ဦးဆောင်ပြီး ဂျပန်သံရုံးစီး ပွားရေးသံမှူး TAKAMI နှင့် အဖွဲ့က မြန်မာ့မီးရထားအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်မည့်အချက်များကို ရန်ကုန်ဘူတာကြီးစခန်းသာ၌ မတ်လ ၁၇ရက် ညနေကလာ ရောက်တွေ့ဆုံရှင်းလင်းခဲ့သည်။

ကျော်ကျော်








ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း (မိတ္ထီလာ)၊ ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦး ကျောင်းအတွင်းလိုက်လံကြည့်ရှုနေစဉ်။

ဓာတ်ပုံ - ကျော်ကျော်

# ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း အပိုင်း (၃)

### အလုပ်သင်စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာ (အထူး) သင်တန်း

**ရည်ရွယ်ချက်-**

စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနတွင် လက်ရှိအသစ်ခန့်အပ်ထားသော ဝန်ထမ်းငယ်များထဲမှ စက်မှုနှင့်လျှပ်စစ်အခြေခံပညာရှိသော M.E၊ B.E၊ B.Tech ၊ A.G.T.I အဆင့်အောင်လက်မှတ်ရရှိသူများ (၁၂၀)ဦး ခန့်ရှိသည်။ စက်ခေါင်းနှင့် တွဲစက်ရုံကြီးများ တိုးချဲ့ဖွင့်လှစ်မည်ဖြစ်၍ လုပ်သားဖြင့်ဝင်ရောက်လာသူ၊ လက်ရှိစက်မှုကျွမ်းကျင်-၄၊ စက်မှုကျွမ်းကျင်-၅အဆင့်ရှိသူများအား လိုအပ်သောကြီးကြပ်ရေး ဝန်ထမ်းများအနေဖြင့် တစ်ဆင့်မြှင့်တာဝန်ပေးနိုင်ရန်အတွက် ရည်ရွယ်ကြောင်းသိရသည်။

**ရရှိမည့်အရည်အချင်း-**

ဒီဇယ်စက်ခေါင်းနှင့် တွဲဆိုင်ရာတည်ဆောက်မှု၊ မွမ်းမံထိန်းသိမ်းမှုအခြေခံများရရှိစေရန် ဒီဇယ်စက်ခေါင်းမောင်းနှင်မှု၊ လမ်းခရီးချို့ယွင်းမှုနှင့်ဆိုင်ရာအခြေခံများနားလည်စေရန်၊ သွားလာရေးနှင့် အချက်ပြဆိုင်ရာဥပဒေ၊ နည်းဥပဒေလုပ်ငန်းလမ်းညွှန်ချက်များနှင့် မတော်တဆမှုလျော့နည်းစေရေးအတွက် မတော်တဆမှုသဘောတရား၊ မတော်တဆမှုဖြစ်နိုင်သည့် အကြောင်းအရာနှင့် မတော်တဆမှုတို့သည် ကာကွယ်မှုရနိုင်ကြောင်းကို သိရှိနားလည်စေရန်နှင့် ဒီဇယ်စက်ခေါင်းနှင့် တွဲပြင်စက်ရုံများဆိုင်ရာစီမံခန့်ခွဲမှုအခြေခံများကို သိရှိနားလည်စေပြီး စက်ခေါင်းနှင့် တွဲပြင်ဆင်ထုတ်လုပ်သည့်စက်ရုံကြီးများတွင် တာဝန်ထမ်းဆောင်နိုင်ရန်ဖြစ်သည်။

**တက်ရောက်မည့်သူများ-**

သင်တန်းတက်ရောက်မည့်သူများသည် မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနတွင် တာဝန်ထမ်းဆောင်နေသည့် M.E။ B.E၊ B.Tech။ A.G.T.I အဆင့်အောင်လက်မှတ်ရရှိသူများ တက်ရောက်နိုင်သည်။

**ပို့ချပေးမည့်ဘာသာရပ်များ-**

သင်တန်းတွင်စက်ခေါင်းအခြေခံဘာသာရပ်၊အခြေခံ လျှပ်စစ်ဘာသာရပ်၊ လူစီးတွဲနှင့်ကုန်တွဲအခြေခံဘာသာရပ်၊ ရထားသွားလာရေးဆိုင်ရာနည်းဥပဒေများ ဘာသာရပ်၊ မတော်တဆမှုများ အစီရင်ခံခြင်းနှင့် စုံစမ်းစစ်ဆေးရေးနည်းဥပဒေများ ဘာသာရပ်၊ အလုပ်အမိန့်အမျိုးမျိုး၊ စတိုလုပ်ငန်းဘာသာရပ်နှင့် အခြေခံကွန်ပျူတာဘာသာရပ်တို့ကို သင်ကြားပို့ချပေးသည်။

### စက်ခေါင်းမောင်း (တွဲရှေ့)သင်တန်း

**ရည်ရွယ်ချက်-**

သင်တန်းသည်စက်ခေါင်းမောင်း (တွဲရှေ့)များအတွက် သတ်မှတ်ထားသောပညာရပ်များတတ်မြောက်စေရန် ရည်ရွယ်သည်။

**ရရှိမည့်အရည်အချင်း-**

သွားလာရေးနည်းဥပဒေဖြစ်သော အထွေထွေနှင့် နောက်ဆက်နည်းဥပဒေကောက်နုတ်ချက်များ၊ အချက်ပြလမ်းညွှန်ကောက်နုတ်ချက်များ၊ လုပ်ငန်းလမ်းညွှန်ကောက်နုတ်ချက်များ၊ စက်ခေါင်းသွားလာရေးညွှန်ကြားလွှာများကို သိရှိနားလည်စေရန် ဒီဇယ်စက်ခေါင်းများ လမ်းခရီးချို့ယွင်းမှုလျော့နည်းရေးအတွက် ရှောင်ကျဉ်ရမည့်အချက်များနှင့် ဆောင်ရွက်ရမည့်အချက်များကို ပိုမိုနားလည်သိရှိပြီး ပြုပြင်ထိန်းသိမ်းတတ်စေရန်နှင့် မတော်တဆမှုလျော့နည်းစေရေးအတွက် မတော်တဆမှုသဘောတရား၊ မတော်တဆမှုဖြစ်နိုင်သည့် အကြောင်းအရင်းနှင့် မတော်မတမှုသည် ကာကွယ်မှုရနိုင်ကြောင်းတို့ကိုသိရှိနားလည်ရန်ဖြစ်သည်။

**တက်ရောက်မည့်သူများနှင့် သင်ကြားဘာသာရပ်များ-**

မြန်မာ့မီးရထားမှ ရွေးချယ်စေလွှတ်ခြင်းခံရသော စက်ခေါင်းမောင်း-၅ (မီးထိုး)များ တက်ရောက်နိုင်ပြီး သင်တန်းတွင် ရထားသွားလာရေးနည်းဥပဒေများ ဘာသာရပ်၊ မတော်တဆမှုကာကွယ်တားဆီးရေးဘာသာရပ်၊ ဒီဇယ်စက်ခေါင်းအခြေခံဘာသာရပ်၊ ဒီဇယ်စက်ခေါင်းလမ်းခရီးချို့ယွင်းမှု (စက်မှု)ဘာသာရပ်၊ ဒီဇယ်စက်ခေါင်းလမ်းချို့ယွင်းမှု (လျှပ်စစ်)ဘာသာရပ်နှင့် RBEစက်ခေါင်းဘာသာရပ်တို့ကို သင်ကြားပို့ချပေးသည်။

### စက်ခေါင်းမောင်း (လက်ထောက်-၂)သင်တန်း

**ရည်ရွယ်ချက်-**

သင်တန်းသည် စက်ခေါင်းမောင်း (လက်ထောက်-၂) များအတွက် သတ်မှတ်ထားသောပညာရပ်များတတ်မြောက်စေရန် ရည်ရွယ်ကြောင်း သိရသည်။

**ရရှိမည့်အရည်အချင်း-**

စက်ခေါင်းမောင်း (လက်ထောက်-၂)သင်တန်းသည် သွားလာရေးနည်းဥပဒေဖြစ်သော အထွေထွေနှင့် နောက်ဆက်နည်းဥပဒေကောက်နုတ်ချက်များ၊ အချက်ပြလမ်းညွှန်ကောက်နုတ်ချက်များ၊ လုပ်ငန်းလမ်းညွှန်ကောက်နုတ်ချက်များ၊ စက်ခေါင်းသွားလာရေးညွှန်ကြားလွှာများကို သိရှိနားလည်စေရန်၊ ဒီဇယ်စက်ခေါင်းများ လမ်းခရီးချို့ယွင်းမှုလျော့နည်းရေးအတွက် ရှောင်ကျဉ်ရမည့်အချက်များနှင့် ဆောင်ရွက်ရမည့်အချက်များကို ပိုမိုနားလည်သိရှိပြီး ပြုပြင်ထိန်းသိမ်းတတ်စေရန်၊ မတော်တဆမှုလျော့နည်းစေရေးအတွက် မတော်တဆမှုသဘောတရား၊ မတော်တဆမှုဖြစ်နိုင်သည့် အကြောင်းအရာနှင့် မတော်တဆမှုသည် ကာကွယ်မှုရနိုင်ကြောင်းတို့ကိုသိရှိနားလည်မည်ဖြစ်သည်။

စာ- ၂၀ »






## မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဂျပန်သံအမတ်ကြီး H.E Mr.Tateshi HIGUCHI အားလက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မတ်လ(၇)ရက် နံနက်ပိုင်းတွင်တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့်မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးဖြစ်သူ H.E Mr.Tateshi HIGUCHI အားနေပြည်တော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ကြောင်းသိရသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနှင့်ဂျပန်နိုင်ငံတို့အကြားပူးပေါင်းဆောင်ရွက်လျက်ရှိသော ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း၊ ရန်ကုန်မြို့ပတ်ရထားအဆင့်မြှင့်တင်ရေး၊ ရန်ကုန်–မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာများ အားဆွေးနွေးညှိနှိုင်းအမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးနှင့်ဌာနအကြီးအကဲများ တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

တင်မောင်
ပို့/ဆက်



## 1ST ASEAN TELSOM - ATRC Leaders Retret Meeting and Related Meetings အစည်းအဝေးများကျင်းပ





ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် 1st ASEAN TELSOM - ATRC Leaders Retreat Meeting and Related Meetings အစည်းအဝေး များအား ၂၀၁၈ ခုနှစ်၊ မတ်လ ၇ရက်နှင့် ၈ရက်နေ့တွင် နေပြည်တော်၊ M Gallery Hotel တွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် ASEAN ICT Masterplan 2020 (ATM-2020) အရ ASEAN Telecommunications and Information Technology Senior Officals Meeting (TELSOM) အောက်၌ ၂၀၁၈–၂၀၁၉တွင်ဆောင်ရွက်မည့်စီမံကိန်းများ ၂၀၁၇ခုနှစ်စီမံကိန်းများ၏ ဆောင်ရွက်ပြီးစီးမှုများ၊ ၂၀၁၈ ခုနှစ်တွင် ASEAN Telecommunications Regulatory Council (ATRC) မှ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများ၊ အစီအစဉ်များလုပ်ငန်းများနှင့် ပတ်သက်၍ဆွေးနွေးပြီး၊ ၂၀၁၇ခုနှစ် နိုဝင်ဘာ ၂၉ရက်နေ့မှ ဒီဇင်ဘာ (၁)ရက်နေ့အထိ၊ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိုမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာဝန်ကြီးများ၊ အစည်းအဝေးမှ အတည်ပြုချမှတ်ခဲ့သည့်လုပ်ငန်းအစီအစဉ်များ၊ AIM 2020ကိုဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စများစသည်တို့ကို အဓိကထားဆွေး နွေးခဲ့ကြောင်း သိရသည်။

1st TELSOM - ATRC Leaders Retreat 2018 Meeting နှင့် ဆက်စပ်အစည်းအဝေးများအဖြစ် ၇ကြိမ်မြောက်အာဆီယံကွန်ရက်လုံခြုံရေးလုပ်ရှားမှု ကောင်စီအစည်းအဝေး (7th ASEAN Network Security Council Meeting) နှင့် မျိုးဆက်သစ်အခြေခံ ဆက်သွယ်ရေးဝန်ဆောင်မှုများစီမံ နေရာဒေသမရွေးမြန်နှုန်း မြင့်အင်တာနက် ဒစ်ဂျစ်တယ်ဂေဟစနစ်ရရှိရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Next Generation Universal Services toward Ubiquitous Broad band Eco-system (USO 2.0 workshop တို့ကိုပါ ၂၀၁၈ ခုနှစ်၊ မတ်လ ၆ရက်နေ့တွင် တစ်ဆက်တည်းကျင်းပပြုလုပ်ခဲ့ပါသည်။

1st ASEAN TELSOM ATRC Leaders Retreat 2018 Meeting မှာ ၂၀၁၈ခုနှစ်အတွက် ပထမအကြိမ်မြောက်အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ၊ အစည်းအဝေးများအားအလှည့်ကျတာဝန်ယူ၍ အိမ်ရှင်အဖြစ်ကျင်းပပေးခြင်းဖြစ်သည်ကိုသိရသည်။

လှမျိုး (ဆ.သ.ရ)

## ယာဉ်မောင်းနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၈)သင်တန်းဆင်း




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက် သွယ်ရေးကျောင်း၊ (မိတ္ထီလာ)၊ယာဉ်မောင်းနည်းပြသင်တန်းအမှတ်စဉ် (၁/၂၀၁၈)သင်တန်းဆင်းပွဲကိုမတ်လ ၉ရက်နေ့နံနက်ပိုင်းကအဆိုပါကျောင်းအောင်ဆန်းခန်းမတွင်ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင်ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်ကသင် တန်းဆင်းမိန့်ခွန်းပြောကြားပြီးသင်တန်းဆင်းလက်မှတ်ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိညွှန်ကြားရေးမှူးဒေါ်ပပလင်းမှ ယာဉ်မောင်းနည်းပြအသိအမှတ်ပြုလက်မှတ်များပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ တီဗီသင်တန်းကျောင်းမှ ၅ဦး၊ တီဗီ(ရန်ကုန်) သင်တန်းကျောင်းမှ ၃ဦး၊ အင်ကြင်းသင်တန်းကျောင်းမှ ၁ဦး၊ ဝမ်ပေါင် သင်တန်းကျောင်းမှ ၁ ဦး၊ CITCသင်တန်းကျောင်းမှ ၃ဦး၊ စုစုပေါင်း (၁၃)ဦးတက်ရောက်ခဲ့ပြီးသင်တန်း ကာလ ၃ ပတ်ကြာမြင့်ခဲ့ကြောင်းသိရသည်။

ကျော်ကျော်

## » စာ- ၁၇

နားသို့ တက်ရောက်လာကြသောပြည်ထောင်စုဝန်ကြီးနှင့် အတူ ဌာနအကြီးအကဲများ၊ ကျောင်းအုပ်ကြီးများနှင့် ဧည့်သည်တော်များမှ နိုင်ငံတော်အလံအားအလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးမှ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်၊ အရာရှိလောင်းဒီပလိုမာသင်တန်းအမှတ်စဉ် (၁၀)တွင် ထူးချွန်ဆုရရှိကြသည့် ကုန်သွယ်ရေကြောင်းအရာရှိလောင်း၊စံပြအရာရှိလောင်းဆုရအရာရှိလောင်း ဇင်မင်းဌေး၊ ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း စံပြအရာရှိလောင်းဆုရအရာရှိလောင်းဖြိုးဟိန်းကျော်၊ကုန်သွယ်ရေကြောင်းအရာရှိ လောင်း၊ စာပေထူးချွန်ဆုရအရာရှိလောင်း ဟိန်းထက်၊ ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း၊ စာပေထူးချွန်ဆုရအရာရှိလောင်းဖြိုးဟိန်းကျော်၊ အကောင်းဆုံးစစ်ရေးပြတပ်ခွဲဆုရ ဘရဏီတပ်ခွဲနှင့် မိဂသီတပ်ခွဲတို့အား အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးမှ ကျောင်းဆင်းမိန့်ခွန်းအားပြောကြားရာတွင် ရဲဘော်တို့ဒီနေ့ဟာမြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းအမှတ်စဉ် (၁၀)ရဲ့ သင်တန်းဆင်းတဲ့နေ့တစ်နေ့ဖြစ်တဲ့အတွက် သင်တန်းဆင်းမယ့်အရာရှိလောင်းများနှင့်သက်ဆိုင်ရာမိဘဆွေမျိုးများအနေနဲ့ ဂုဏ်ယူဝမ်းမြောက်ပျော်ရွှင်နေကြမှာဖြစ်သလို မြန်မာ နိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်အနေနဲ့လည်း အမှတ်တရနေ့တစ်နေ့ဖြစ်ပါတယ်။ အထူးသဖြင့်ဒီနေ့ဟာမြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကဏ္ဍအတွက် အင်အားသစ်များ မွေးဖွားသန့်စင်ပေးလိုက်တဲ့ မင်္ဂလာရှိတဲ့နေ့တစ်နေ့လည်းပဲဖြစ်ပါတယ်။ ဒီလိုနေ့မှာ ရေကြောင်းလောကသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ကြတဲ့ ရဲဘော်တို့အတွက် ဆင်ခြင်သတိပြုစရာ အချက်အနည်းငယ်ကိုမှာကြားလိုက်ချင်တယ်။

ယနေ့ခေတ် ကမ္ဘာလောကကြီးဟာ အရှိန်အဟုန်နဲ့ အလျင်အမြန် တိုးတက်ပြောင်းလဲနေတာကို ရဲဘော်တို့အားလုံးအသိပဲဖြစ်တယ်။ နည်းပညာပိုင်းမှာရော ရေကြောင်းလောကဘက်မှာပါ တိုးတက်ပြောင်းလဲမှုရှိနေတဲ့ အပြင် စိန်ခေါ်မှုအသစ်များလည်းရှိနေကြတယ်။ ကမ္ဘာ့ကုန်သွယ်ရေးလောကနှင့် ရေကြောင်းသွားလာရေးဆိုင်ရာကိစ္စများမှာ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO)က အဓိကဦးဆောင် ထိန်းသိမ်းတည့်မတ်ပေးနေတာပဲဖြစ်တယ်။ IMO အနေနဲ့ ယခုအခါမှာ ဘေးအန္တရာယ်ကင်းဝေးရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး၊ ဥပဒေရေးရာများ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ရေကြောင်းလုံခြုံရေးနှင့် ရေကြောင်းသွားလာရေးဆိုင်ရာ စွမ်းဆောင်ရည်ပြည့်ဝစေရေးကိစ္စများကိုပါ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာခဲ့တယ်။

ရဲဘော်တို့

လုပ်ငန်းခွင်မှာ ဘေးအန္တရာယ်ကင်းရှင်းစေဖို့နှင့် ကောင်းမွန်ထိ ရောက်တဲ့ရေကြောင်းသွားလာမှုဖြစ်ဖို့ဆိုရင် ရေယာဉ်များကို အဓိကတာဝန်ယူကိုင်တွယ်မောင်းနှင်နေကြတဲ့ ရေယာဉ်ဝန်ထမ်းများရဲ့လုပ်ငန်းပိုင်းဆိုင်ရာအရည်အသွေးပြည့်ဝမှု၊ ကျွမ်းကျင်ပိုင်နိုင်မှု (Professionalism and Competence) တို့အပေါ်မှာများစွာမူတည်နေပါတယ်။ Safe and Efficient Navigation ဖြစ်ဖို့အတွက် ရေကြောင်းဘက်ဆိုင်ရာလေ့ကျင့်သင်ကြားမှုအပိုင်းမှာ နိုင်ငံအားလုံးတပြေးညီ လိုက်နာဆောင်ရွက်နိုင်စေရန်အတွက် STCW (Standards of Training, Certificate and Watchkeeping for Seafarer) လို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် Conventation ကို IMOက ဦးဆောင်ရေးဆွဲကာထုတ်ပြန်ခဲ့တယ်။ ဒါ့အပြင် IMO အနေနဲ့ ရေ ကြောင်းဘက်ဆိုင်ရာသင်တန်းတစ်ခုချင်းစီအတွက် Model Course များကိုရေးဆွဲထုတ်ပြန်ထားတယ်။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ (DMA)အနေနဲ့လည်း သက်ဆိုင်ရာသင်တန်းသားများလိုအပ်တဲ့အရည်အသွေးပြည့်ဝစေဖို့အတွက် ညွှန်ကြားချက်များ ထုတ်ပြန်ကာစနစ်တကျသင်ကြားလေ့ကျင့်စေခဲ့တယ်သင်ကြားလေ့ကျင့်မှုပြီးတဲ့အခါ စစ်ဆေးမှုခံယူရပြီးအရည်အသွေးအပေါ်ကျေနပ်မှုရှိမှသာ COC (Certificate of Competency)လို့ခေါ်တဲ့ ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတဲ့စနစ်ကို လိုက်နာ ကျင့်သုံးစေခဲ့တယ်။ Competency ဖြစ်ဖို့အတွက် Knowledge and Understanding သာမက Skills အထိဖြစ်ဖို့လိုတယ်ဆိုတာကိုသိရှိထားကြဖို့လိုတယ်။

ရဲဘော်တို့

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်မှာတက်ရောက်ပညာသင်ကြားနေကြတဲ့ သင်တန်းသားများကို IMO ရဲ့လိုအပ်ချက်နှင့်အညီသင်ကြားလေ့ကျင့်မှုပေးနိုင်ဖို့အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း လိုအပ်တဲ့ဆရာ၊ ဆရာမများကိုဖြည့်ဆည်းပေးနေသည့်အပြင် သင်ကြားလေ့ကျင့်ရာမှာ လိုအပ်တဲ့ Simulator များကဲ့သို့သော သင်ထောက်ကူပစ္စည်းများ၊ အခြား Infrastruturesများကိုလည်း နိုင်ငံတော်ရဲ့ဘဏ္ဍာငွေများက ကျခံသုံးစွဲကာပံ့ပိုးဆောင်ရွက်ပေးလျက်ရှိတယ်။ ရေကြောင်းကောလိပ်ရဲ့စီမံခန့်ခွဲရေးကော်မတီအနေနဲ့လည်း လိုအပ်ချက်များကိုအတတ်နိုင် ဆုံးနှင့် အကောင်းဆုံးဖြစ်အောင်ကြိုးစားဖြည့်ဆည်း ဆောင်ရွက်ပေးနေတာကိုလည်းသိရပါတယ်။ ဒါ့ကြောင့်လည်းပဲ ISOစစ်ဆေးမှုတွေ၊ အပြည်ပြည်ဆိုင်ရာရေ ကြောင်းအဖွဲ့ချုပ် (IMO)ရဲ့ အရည်အသွေးစံချိန်စံ ညွှန်းစစ်ဆေးမှုများကိုကျော်လွှားနိုင်ခဲ့ပြီးဖြစ်တယ်။

ဒါ့အပြင် ယခုသင်တန်းဆင်းမယ့် အရာရှိလောင်းများအနေနဲ့လည်း Scholarship Program မှာ ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ကြပြီးဖြစ်သလိုတချို့ဆိုရင်ရွေးချယ်ခံ ရထားတာလည်းရှိနေတယ်။ ကျောင်းဆင်းကျောင်းသားများကို အရာရှိလောင်းအဖြစ်ခန့်အပ်ပြီး Training Record Book (TRB) နှင့်အညီလေ့ကျင့်ပေးဖို့အတွက် ရေကြောင်းကောလိပ်နှင့် သဘောတူလက်မှတ်ရေးထိုးထားကြတဲ့ ကုမ္ပဏီများရှိသလိုလက်မှတ်ရေးထိုးလိုကြတဲ့ ကုမ္ပဏီတွေလည်းရှိနေကြတာကို သိရတဲ့အတွက် အနာဂတ်မှာ ကျောင်းသားများအဖို့ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုကောင်းမွန်လာမှာဖြစ်တယ်။

ရဲဘော်တို့

ဝန်ကြီးဌာနအနေနဲ့ရော ရေကြောင်းကောလိပ်အနေနဲ့ပါ တတ်နိုင်စွမ်းသမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေသလို ကျောင်းဆင်းပြီးရင် နိုင်ငံတကာရေယာဉ်များမှာ အရာရှိလောင်းအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ကြမယ့် အရာရှိလောင်းများအနေနဲ့လည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ ဂုဏ်သိက္ခာ၊ မိမိတို့ကောလိပ်၏ဂုဏ်သတင်းကို တစ်ဖက်တစ်လမ်းက မြှင့်တင်ပေးနိုင်အောင်ကြိုးစားပေးကြဖို့ကိုလည်း အလေးအနက်ထားပြီးတော့ တိုက်တွန်းမှာကြားလိုပါတယ်။

မိခင်ကျောင်းတော်ကြီးဟာ (၂) နှစ်တာကာလမှာ လေ့ကျင့်သင်ကြား ပေးလိုက်တဲ့ပညာရပ်အသီးသီးကို အခြေခံလျက် လက်တွေ့နယ်ပယ်မှာ တာဝန်ထမ်းဆောင်ကြတဲ့အခါ လုပ်ငန်းဆိုင်ရာ အတတ်ပညာကျွမ်းကျင်ပိုင်နိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ တာဝန်ကျေပွန်မှု၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှု၊ အချိန်ကိုလေးစားတန်ဖိုးထားမှု၊ ဘာသာစကားကျွမ်းကျင်မှု၊ စတဲ့အချက်များကို အစဉ်သတိပြုလျက် အမြဲကြိုးစားလုပ် ကိုင်ဆောင်ရွက်ကြဖို့ကိုလည်းပဲ မှာကြားလိုတယ်။ ဒါမှသာလျှင် နောင်အနာဂတ်မှာ မြန်မာနိုင်ငံသားလူငယ်မျိုးဆက်သစ်များအတွက် နိုင်ငံတကာရေကြောင်းလောကမှာ နေရာပိုမိုရရှိလာမှာဖြစ်တယ်ဆိုတာကို သတိပြုကြဖို့လိုတယ်။

ရဲဘော်တို့ဟာ ယခုအခါသင်တန်းဆင်းကြပြီဖြစ်လို့ ပညာကိုဆက်လက်ပြီးလေ့လာသင်ယူစရာမလိုတော့ဘူးလို့တော့ ပေါ့ပေါ့ဆဆမနေကြဘဲမိမိတို့ရဲ့အရည်အသွေးကို အမြဲမြှင့်တင်နိုင်အောင်ကြိုးစားနေကြဖို့လိုတယ်။ ခေတ်ရဲ့လိုအပ်ချက်အရ Management Skillsနှင့် Leadership Skills တို့ကိုပါ သင်ယူလေ့လာထားကြရမယ်။ စဉ်ဆက်မပြတ် လေ့လာသင်ယူမှု (lifelong Learning)ကိုအမြဲမပြတ်လုပ်နေဖို့လိုတယ်။ ခေတ်ရေစီးကြောင်းနဲ့အမီလိုက်နိုင်ဖို့ ခေတ်နောက်မကျန်ရစ်ဖို့အမြဲကြိုးစားနေကြရမယ်။ ဒီနေ့ခေတ်မှာ လူငယ်များအနေနဲ့ Internet, Facebookတို့ကို အသုံးပြုရာမှာ မိမိဘဝအတွက်အကျိုးမပြုတဲ့ဘက်မှာ အချိန်ဖြုန်းမနေကြဘဲ အကျိုးရှိရှိ အသုံးချတတ်ကြဖို့တိုက်တွန်းလိုတယ်။ အထူးသဖြင့် အချို့ကျောင်းသားများဟာ စာအုပ်စာပေလေ့လာဖတ်ရှုကြတဲ့အပိုင်းမှာ အားနည်းလာတာကိုတွေ့နေရတယ်။ ခေတ်အခြေအနေအရ ပညာကိုလိုလိုလားလားရှာဖွေလိုသူအဖို့ အလွယ်တကူလေ့လာသင်ယူစရာအများကြီးရှိနေသလို လမ်းမှားကိုလည်းပဲ အလွယ်တကူရောက်သွားနိုင်တဲ့အတွက် မိမိကိုယ်မိမိထိန်းသိမ်းနိုင်စွမ်း (Self Control) ရှိဖို့အထူးပဲလိုအပ်ပါတယ်။ ဒါ့အ ပြင် မိမိကိုယ်မိမိယုံကြည်မှု(Confidence)ရှိဖို့ကိုလည်း မလွဲမသွေလုပ်ဆောင်နေကြရမှာဖြစ်တယ်။

ရဲဘော်တို့

ပင်လယ်ရေကြောင်းအတတ်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုကြမယ့် ရဲဘော်တို့အနေနဲ့ လှိုင်းလေကြားမှာ အလုပ်လုပ်ကြရမှာဖြစ်သလို ကျန်းမာကြံ့ခိုင်ဖို့နှင့် ဘေးအန္တရာယ် ကင်းရှင်းဖို့အတွက်လည်း အထူးဂရုစိုက်ကြဖို့ ထပ်မံသတိပေးမှာကြားလိုတယ်။ Safety First ဆိုတဲ့အတိုင်း ကျောင်းကလေ့ကျင့်သင်ကြားပေးထားတဲ့ Safety Rules တွေကို တိတိကျကျလိုက်နာဆောင်ရွက်ကြဖို့ အထူးလိုအပ်မှာဖြစ်တယ်။ မိမိကိုယ်ကိုမိမိတန်ဖိုးထားတတ်ဖို့နှင့် မိမိတို့ရဲ့ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်နိုင်ရန် အမြဲကြိုးစားအားထုတ်နေကြဖို့အထူးမှာကြားလိုတယ်။

ရဲဘော်တို့ကို နောက်ဆုံးအနေနဲ့မှာကြားလိုတာကတော့-

- နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ဂုဏ်ကိုဖော်ဆောင်နိုင်တဲ့ ထူးချွန်ထက်မြက်တဲ့ နိုင်ငံသားကောင်းလူငယ်များဖြစ်အောင်ကြိုးစားကြပါ။
- နိုင်ငံနှင့်လူမျိုး၏အကျိုး၊ မိမိကျောင်းတော်ကြီးရဲ့အကျိုးကို မိမိတို့တတ်စွမ်းတဲ့ဘက်က အစဉ်အမြဲသယ်ပိုးဆောင်ရွက်ပေးကြပါ။
- မိမိတို့နဲ့ သက်ဆိုင်တဲ့ပညာရပ်များကိုလည်း ခေတ်နှင့်အညီကျွမ်းကျင်တတ်မြောက်စေရန် စဉ်ဆက်မပြတ်လေ့လာသင်ယူကြပါ။
- မိမိကိုယ်ကိုမိမိယုံကြည်မှုရှိအောင်နှင့် ဘေးကင်းလုံခြုံမှုရှိအောင် အမြဲမပြတ်သတိပြုလျက် စည်းကမ်းနည်းလမ်းတကျ ကြိုးစားလုပ်ဆောင်ကြပါလို့ တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် မတ်လ ၁၈ရက်နေ့ ညနေ ၆နာရီတွင်မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်ရှိ စစ်ရေးပြကွင်းတွင်ပြုလုပ်သည့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၀)သင်တန်းမှ ကုန်သွယ်ရေကြောင်းအရာရှိလောင်း (၅၆)ဦး၊ ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း (၇၀)ဦးတို့အား မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီးကပ္ပတိန်ဇင်မောင်ထွန်းမှဘာသာရပ်ဆိုင်ရာဒီပလိုမာအောင်လက်မှတ်များအား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အဆိုပါ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် ၁၉၆၃ ခုနှစ်မှ ယနေ့အချိန်အထိ ရေကြောင်းအရာရှိလောင်း (၂၆၆၀)ဦးနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း (၂၆၁၅) ဦးအား လေ့ကျင့်သင်ကြားမွေးထုတ်ပေးခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးအား စစ်ရေးပြတပ်ခွဲနှင့် ကျောင်းဆင်းအရာရှိလောင်းတပ်ခွဲအသီးသီးတို့က စစ်ကြောင်းပုံပြချီတက်အလေးပြုခြင်းအား ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်း - တင်မောင် (ပို့/ဆက်)
ဓာတ်ပုံ - ကျော်ကျော်/ညွှန့်လွင်

## » စာ- ၁၈

**တက်ရောက်မည့်သူများနှင့် သင်ကြားဘာသာရပ်များ-**

သင်တန်းတွင် မြန်မာ့မီးရထားမှ ရွေးချယ်စေလွှတ်ခြင်းခံရသော စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှလုပ်သက် (၁)နှစ်ရှိပြီး (၁၀)တန်းအောင်မြင်ပြီးသော လုပ်သားများသာဖြစ်ပြီး အထွေထွေနှင့် နောက်ဆက်နည်း ဥပဒေ၊ အချက်ပြနည်းဥပဒေဘာသာရပ်၊ လုပ်ငန်းလမ်းညွှန်ဘာသာရပ်၊ စက်ခေါင်းသွားလာရေးညွှန်ကြားလွှာ၊ မတော်တဆမှုကာကွယ်တားဆီးရေး၊ ဒီဇယ်စက်ခေါင်းအခြေခံဘာသာရပ်၊ ဒီဇယ်စက်ခေါင်းလမ်းခရီးချို့ယွင်းမှု (လျှပ်စစ်)ဘာသာရပ်၊ တွဲအခြေခံဘာသာရပ်နှင့် RBE စက်ခေါင်းဘာသာရပ်တို့ကို သင်ကြားပို့ချပေး သည်။

**စက်မှုကျွမ်းကျင်-၄ (တွဲစစ်-၃) သင်တန်း ရည်ရွယ်ချက်-**

စက်မှုကျွမ်းကျင်-၄ (တွဲစစ်-၃)အတွက် သတ်မှတ်ထားသော ပညာရပ်များတတ်မြောက်စေရန် ရည်ရွယ်သည်။

**ရရှိမည့် အရည်အချင်း-**

သင်တန်းတက်ရောက်ပြီးပါက လူစီးတွဲနှင့် ကုန်တွဲများ၏ စစ်ဆေးပြုပြင်ခြင်းနှင့် တွဲသစ်များတည်ဆောက်ပုံတို့ကို သိရှိနားလည်စေမည်၊ အလုပ်အမိန့်များနှင့် လုပ်ငန်းလမ်းညွှန်ချက်များ သိရှိနားလည်စေမည်။ သတ္တုဗေဒဆိုင်ရာအခြေခံသဘောတရားများ၊ စက်မှုပုံဆွဲဆွဲခြင်းဆိုင်ရာအခြေခံသဘောတရားများ၊ စတိုပစ္စည်းများမှာကြားခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများ သိရှိနားလည်စေမည်။ မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှ ထုတ်ပြန်ထားသောတွဲများနှင့် ပတ်သက်သည့်ညွှန်ကြားချက်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအချက်များ နားလည်စေမည်ဖြစ်သည်။

**သင်တန်းတက်ရောက်မည့်သူများ-**

သင်တန်းသို့ မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနလက်အောက်ရှိ တွဲပြင်စက်ရုံများတွင် တာဝန်ထမ်းဆောင်နေသော ကူဘော်များ၊ တွဲပြင်ပညာသင်များ၊ တွဲပြင်လုပ်သားများအား အရည်အချင်းစစ်စာမေးပွဲစစ်ဆေး၍ သင်တန်းတက်ရောက်ရမည့်သင်တန်းသားအရည်အတွက်ပေါ်မူတည်ပြီး စာမေးပွဲအောင်ပြီးသူများထဲမှ တက်ရောက်ရမည်ဖြစ်သည်။

**သင်ကြားပို့ချသည့်ဘာသာရပ်များ-**

သင်တန်းတွင် အခြေခံပုံဆွဲဘာသာရပ်၊ အခြေခံသတ္တုဗေဒဘာသာရပ်၊ အလုပ်အမိန့်အမျိုးမျိုးနှင့် လုပ်ငန်းလမ်းညွှန်ဘာသာရပ်၊ စတိုပစ္စည်းများ မှာကြားထိန်းသိမ်းခြင်းဘာသာရပ်၊ လူစီးတွဲနှင့် ကုန်တွဲစစ်ဆေးပြုပြင်ခြင်းဘာသာရပ်၊ အခြေခံသင်္ချာဘာသာရပ်၊ အထွေထွေစက်တပ်ဆင်မှုဘာသာရပ်၊ လူစီးတွဲနှင့် ကုန်တွဲညွှန်ကြားလွှာများဘာသာရပ်နှင့် Auto Coupler များစစ်ဆေးပြုပြင်ခြင်းဘာသာရပ်များကို သင်ကြားပေးသည်။

**ဒုရုံပိုင် (အလုပ်သင်) သင်တန်း ရည်ရွယ်ချက်-**

သင်တန်းသည် သွားလာပို့ဆောင်ရေးဌာနစုတွင်ပါဝင်ပြီး ဒုရုံပိုင်တစ်ယောက်တတ်မြောက်ရမည့်ပညာရပ်များ တတ်မြောက်စေရန်ရည်ရွယ်ကြောင်း သိရသည်။

**ရရှိမည့်အရည်အချင်း-**

ဒုရုံပိုင် (အလုပ်သင်)သင်တန်းသည် မြန်မာ့မီးရထားဌာနရှိ သွားလာပို့ဆောင်ရေးနှင့် စီးပွားရေးဘက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည့်စုံစွာဖြင့် သင်ကြားတတ်မြောက်ခြင်း၊ ခေတ်စနစ်နှင့်အညီ ကွန်ပျူတာဘာသာရပ်၊ အင်္ဂလိပ်စကားပြောဘာသာရပ်၊ အုပ်ချုပ်မှုဘာသာရပ်များကို သင်ကြားတတ်မြောက်ရခြင်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြစ်သောပြည်သူ့ဆက်ဆံရေးဘာသာရပ်ကိုလည်း တတ်မြောက်မည်ဖြစ်သည်။

**တက်ရောက်မည့်သူများ-**

သင်တန်းသို့ မြန်မာ့မီးရထားမှ ရွေးချယ်စေလွှတ်ခံရသောအခြေခံပညာအထက်တန်းအောင်နှင့် အထက်ရှိသူများ (လုပ်သားနှင့် လုပ်သားမှူး၊ လမ်းခွဲကိုင်)အနက်မှ လုပ်သက်ကန့်သတ်ချက်၊ အခြေခံပညာအထက်တန်းအောင်နှင့် အထက်ပညာအရည်အချင်းရှိသူများကို အရည်အချင်းစစ်စာမေးပွဲများ ဖြေဆိုစေပြီး အောင်မြင်သူများကို ကျန်းမာရေးစစ်ဆေးမှုများခံယူရကြောင်း၊ ဆေးအဆင့်သတ်မှတ်ချက် (ဗ) အဆင့်ပြည့်မီသူများကိုသာ ရွေးချယ်သင်တန်းတက်ရောက်ရန် စေလွှတ်ခြင်းခံရသူများတက်ရောက်ရမည်ဖြစ်သည်။

**သင်ကြားပို့ချမည့်ဘာသာရပ်များ-**

သင်တန်းတွင် အထွေထွေနှင့် နောက်ဆက်နည်း ဥပဒေဘာသာရပ်၊ အချက်ပြနည်းဥပဒေဘာသာရပ်၊ လုပ်ငန်းလမ်းညွှန်ချက်များဘာသာရပ်၊ မတော်တဆမှုကာကွယ်တားဆီးရေးဘာသာရပ်၊ လူစီးနည်းဘာသာရပ်၊ ကုန်နည်းဥပဒေဘာသာရပ်၊ ပို့ဆောင်ရေးလက်စွဲနည်းဥပဒေဘာသာရပ်၊ ဘူတာငွေစာရင်းပြုစုခြင်း၊ (လူစီး)ဘာသာရပ်၊ ဘူတာငွေစာရင်းပြုစုခြင်း (ကုန်)ဘာသာရပ်၊ အခြေခံကွန်ပျူတာဘာသာရပ်၊ အင်္ဂလိပ်စကားပြောဘာသာရပ်နှင့် ပြည်သူ့ဆက်ဆံရေးဘာသာရပ်များကို သင်ကြားပို့ချပေးသည်။

ကျော်ကျော်
(ဆက်လက်ဖော်ပြပါမည်)

# ကားရောင်းခြင်း၊ ကားဝန်ဆောင်မှုပေးခြင်းနှင့် အပိုပစ္စည်းရောင်းခြင်း Mercedes-Benz 3 S Autohaus ရန်ကုန်မြို့တွင် ပထမဆုံးဖွင့်လှစ်




မြန်မာနိုင်ငံ၏ ပထမဦးဆုံးကားရောင်းခြင်း၊ ကားဝန်ဆောင်မှုပေးခြင်းနှင့် အပိုပစ္စည်းရောင်းခြင်း Mercedes Benz 3 S Autohaus အား ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် ပြည်လမ်းမပေါ်တွင် မတ် ၁၀ ရက်ကဖွင့်ပွဲပြုလုပ်ခဲ့သည်။

ပြီးခဲ့သည်နှစ်တွေထဲမှာ မြန်မာနိုင်ငံမှာ သိသာထင်ရှားတဲ့ပြောင်းလဲမှုတွေကို ကျွန်တော်တို့တွေ့မြင်ခဲ့ပြီးဖြစ်ကြောင်း အဓိကအားဖြင့်နိုင်ငံရဲ့ စီးပွားရေးဗဟိုချက်ဖြစ်တဲ့ ရန်ကုန်မြို့မှာ ဝယ်လိုအားလည်းကောင်းသလို ဝယ်ယူသူအနေနဲ့လည်း ပိုကောင်းတဲ့ အတွေ့အကြုံကို ပိုလိုချင်လာကြောင်း Autohaus ပြခန်းအသစ်ဖွင့်လှစ်ခဲ့ရခြင်းက ကျွန်တော်တို့ Mercedes ဝယ်ယူသူတွေကို ဆန်းသစ်ပြီးပြည့်စုံတဲ့ ဝန်ဆောင်မှုတစ်ရပ်ပေးနိုင်မယ်လို့ ယုံကြည်ကြောင်း Cycle & Carriage Myanmar ၏မန်နေးဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်ကပြောသည်။

"ဒီရင်းနှီးမြှုပ်နှံမှုက မြန်မာနိုင်ငံရဲ့မော်တော်ကားဈေးကွက်မှာ ကျွန်တော်တို့ရဲ့ယုံကြည်ချက်ကို ပိုပြီးခိုင်မာစေကြောင်း မြန်မာနိုင်ငံအတွင်းမှာ ကျွန်တော်တို့ရဲ့ကွန်ရက်ကိုအခုထက်ပိုပြီး တိုးချဲ့သွားနိုင်ဖို့မျှော်လင့်ကြောင်းအခုဆိုရင် အရှေ့တောင်အာရှမှာ Mercedes ပြခန်း ၁၅ ခုဖွင့်လှစ်ထားပြီးဖြစ်ကြောင်း Jardine Cycle & Carriage ၏ဒေသတွင်းအုပ်ချုပ်မှု ဒါရိုက်တာ lam preestom ကပြောသည်။

Mercedes Benz 3 S Autohaus အားဒေသတွင်း၌ မော်တော်ကားရောင်းဝယ်ရေးတွင် ထိပ်တန်းအုပ်စုဖြစ်သည့် Cycle & Carriage မှမြန်မာပြည်ရုံးခွဲမှတစ်ဆင့် ပထမဦးဆုံး ကားရောင်းချခြင်း၊ ကားဝန်ဆောင်မှုပေးခြင်းနှင့် အပိုပစ္စည်းရောင်းခြင်းတို့ကို အဓိကဆောင်ရွက်မည့်ပြခန်း Cycle & Carriage Myanmar ကိုမြန်မာနိုင်ငံတွင်ပထမဦးဆုံး လာရောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း Mercedes ကားအရောင်းပြခန်းများမြန်မာနိုင်ငံတွင် ခြောက်ခုရှိပြီးစင်ကာပူနှင့် မလေးရှားနိုင်ငံတွင်လည်း အရောင်းပြခန်းများဖွင့်လှစ်ထားကြောင်း မြန်မာနိုင်ငံသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်တစားမှုကို အများအပြားရရှိထားပြီး ကားပိုင်ဆိုင်မှုသည် လူဦးရေ ၁၀၀၀ တွင်ခုနစ်စီးအောက်နည်းသော ပျမ်းမျှကနဦးအဆင့်တွင်သာရှိကြောင်း၊ ကားဈေးကွက်အတွင်း၌လည်း အခြားဇိမ်ခံကားအမှတ်တံဆိပ် အနည်းငယ်သာရှိသောကြောင့် ကောင်းမွန်သော အလားအလာကောင်းများရှိသည့် ဈေးကွက်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရသိရသည်။

ကျော်ကျော်

# တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Birthday Show ဧပြီ ၁၀ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်




နှစ်စဉ်ပြုလုပ်လေ့ရှိသည့် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Birhday Show ကို ဧပြီ ၁၀ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဖျော်ဖြေပွဲပြုလုပ်မည့်အကြောင်းကို မတ်လ ၁၁ရက်နေ့က တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ၎င်းအသုံးပြုနေသည့် လူမှုကွန်ရက်စာမျက်နှာမှ တစ်ဆင့် Live လွှင့်၍ အသိပေးပြောကြားခဲ့ခြင်းဖြစ်သည်။ စိုင်းစိုင်းခမ်းလှိုင်၏ Birthday Show ဖျော်ဖြေမှုတွင် Frenzo Artist များဖြစ်သည့် Snare၊ ဘန်နီဖြိုး၊ G- Fatt ၊ အမရာဖုန်းစသူများလည်း ပါဝင်တင်ဆက်ရန် စီစဉ်ထားကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ မွေးနေ့ရှိုးကိုမနှစ်တုန်းကလည်း မန္တလေးမှာ ပြုလုပ်ခဲ့တဲ့အတွက် အခုနှစ်မှာတော့ ရန်ကုန်ပရိသတ်များအတွက် ရန်ကုန်မှာပဲလုပ်ဖို့စီစဉ်ထားတယ်။ ဒါ့ကြောင့် ရန်ကုန်ပရိသတ်တွေအားလုံး ကျေနပ်မယ်လို့ထင်တယ်။Birthday Show မှာ Frenzo Artist တွေဖြစ်တဲ့ Snare၊ ဘန်နီဖြိုး၊ G-Fatt၊ အမရာဖုန်းတို့လည်း ပါဝင်ဖျော်ဖြေကြမယ်။ Snare တို့ G-Fatt တို့က မကြာခင်က အခွေသစ်တွေထွက်ထားသလိုကျွန်တော်ကိုယ်တိုင်ကလည်း ဧပြီ ၁ရက်မှာအခွေသစ်ထွက်မှာဖြစ်တဲ့အတွက် သီချင်းသစ်တွေနဲ့လည်း ဖျော်ဖြေတင်ဆက်မှာပါ။ မန္တလေးက ပရိသတ်တွေအတွက်တော့မွေးနေ့ရှိုးလာရောက်ပြုလုပ်ခြင်းမရှိဘူးဆိုပေမယ့် မနှစ်က မွေးနေ့ရှိုးပြီးကတည်းက ကြားထဲမှာ ဖျော်ဖြေရေးတွေ မလုပ်ဖြစ်တာတစ်နှစ်ရှိပြီ။ ဒါကြောင့် မန္တလေးပရိသတ်တွေနဲ့လည်း တွေ့ဆုံခွင့်ရအောင် Frenzo Music Tour ကို မန္တလေးမှာ မတ်လကုန်ကို ကျင်းပဖို့အတွက်စီစဉ်ထားတယ်။ ဒီလိုစီစဉ်ထားတဲ့အတွက် မန္တလေးပရိသတ်တွေလည်း ကျေနပ်မယ်လို့ ယုံကြည်တယ်"ဟု ၎င်းကပြောသည်။

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်သည် ဧပြီ ၁၀ ရက်တွင် ကျရောက်သည့်မွေးနေ့ဖျော်ဖြေပွဲအား နှစ်စဉ်ကျင်းပခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်ခဲ့ပြီဖြစ်ပြီး ပရိသတ်အပြည့်အလျှံအားပေးသည့် ဖျော်ဖြေပွဲဖြစ်သည်၊ စိုင်းစိုင်းခမ်းလှိုင်၏ မွေးနေ့ဖျော်ဖြေပွဲများအား ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် အလှည့်ကျကျင်းပခဲ့ရာ၌ ၂၀၁၇ တွင် မန္တလေးမြို့၌ သွားရောက်ပြုလုပ်ခဲ့ပြီး ယခုနှစ်တွင်မူ ရန်ကုန်မြို့၌ ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ ဧပြီ ၁ ရက်၌ စိုင်းစိုင်းခမ်းလှိုင်၏ အယ်လ်ဘမ်သစ် "စိုင်းစိုင်းက စိုင်းစိုင်း" ထွက်ရှိမည်ဖြစ်ကာ စတင်ထွက်ရှိသည့်နေ့တွင်လည်း အမှတ်တရအစီအစဉ်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။

T.Z

# Coca-cola အရသာသစ်များနှင့် Ice Tea များမိတ်ဆက်




Coca-cola ကအရသာသစ်များနှင့် Ice Tea အမျိုးအစား Heaven and Earth ကိုမြန်မာနိုင်ငံတွင်စတင်မိတ်ဆက်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ကန်တော်ကြီးပန်းခြံ Signature Fine Dining & the Garden Bisto တွင်ကျင်းပခဲ့သည်။

မိတ်ဆက်အခမ်းအနားသို့ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် Social Influence & Blooger များက Heaven and Earth ရဲ့ လန်းဆန်းအမောပြေစေသော Lemon Tea (အိုမင်းရင့်ရော်မှုကိုဆန့်ကျင်ပေးနိုင်စွမ်းရှိသည့် Anti-oxidant ပါဝင်သည့် Black Tea ကိုသံပယိုသီး၏ ချဉ်ပြုံးပြုံးအရသာနှင့် ပေါင်းစပ်ထားသည်။ အပူငြိမ်းအေးမြစေသော Herbal Drink (Chrysanthemum-ဂန္ဓမာပန်း၏သင်းပျံ့သည့် ပန်းရနံ့က-Momordica သစ်သီး၏ ချိုအီမွှေးအရသာ၊ ကျောက်ကျော၏ အရသာတို့ လိုက်ဖက်ပေါင်းစပ်ထားသည်နှင့် စိတ်အပန်းဖြေစေသော Honey Green Tea (ပျားမြစ်လန်းဆန်းအစွမ်းသတ္တိရှိသည့် Green Tea နှင့်ပျားရည်တို့ပေါင်းစပ်ထားသည်)အရသာသုံးမျိုးကိုမြည်းစမ်းခဲ့ပြီးတေးသံရှင် ဝိုင်းလေး၏သီဆိုဖျော်ဖြေမှုနှင့် အခမ်းအနားကိုကျင်းပခဲ့ကြောင်းသိရသည်။

ကျော်ကျော်

## Transcom News journal Cartoons



# မဟာသင်္ကြန်ကာလ၌ အဝေးပြေးယာဉ်လိုင်းများနှင့် ဝိုင်ဘီအက်စ်ယာဉ်လိုင်းများ ယာဉ်စီးခပိုတောင်းလျှင် ထိရောက်စွာအရေးယူမည်

မဟာသင်္ကြန်ကာလ၌ အဝေးပြေးယာဉ်လိုင်းများနှင့် မြို့တွင်းပြေးဆွဲမည့်ဝိုင်ဘီအက်စ်ယာဉ်လိုင်းများ ယာဉ်စီးခပိုမိုကောက်ခံသည့်ယာဉ်လိုင်းကို ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း၊ မတ်လ ဒုတိယအပတ်၌ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှသိရသည်။

"သင်္ကြန်မှာ အဝေးပြေးယာဉ်လိုင်းတွေရော မြို့တွင်းပြေးဆွဲမယ့် အများပိုင်ယာဉ်လိုင်းတွေပါ ယာဉ်စီးခတိုးမြှင့်ကောက်ခံတာကို လုံးဝခွင့်မပြုဘူး။ ယာဉ်စီးခပိုပြီး မကောက်ဖို့ ယာဉ်လိုင်းကုမ္ပဏီတွေကိုအသိပေးထားတယ်၊ ယာဉ်စီးခပိုတောင်းတဲ့ ယာဉ်လိုင်းကို အရေးယူမယ်"ဟု ၎င်းကပြောသည်။

ရန်ကုန်နယ်နိမိတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအခြေပြုအဝေးပြေးခရီးသည်တင်ယာဉ်လိုင်းနှင့် အခြားတိုင်းနှင့် ပြည်နယ်များမှဝင်ရောက်ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်လိုင်းပေါင်း ၆၈၀ကျော်ကို ယာဉ်စီးရေ ၇၀၀၀ ကျော်ဖြင့်နေ့စဉ်ပြေးဆွဲပေးလျက်ရှိပြီး မြို့တွင်းပြေးဆွဲသည့်ဝိုင်ဘီအက်စ်ယာဉ်လိုင်းပေါင်း ၉၀ကျော်ကို ယာဉ်စီးရေ၅၀၀၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဝေးပြေးယာဉ်လိုင်းပြေးဆွဲနေသူယာဉ်လိုင်းပိုင်ရှင်တစ်ဦးကလည်း "နာမည်ကြီးယာဉ်လိုင်းတွေကတော့ ဈေးတက်တယ်ဆိုတာမရှိကြဘူး။ ကျွန်တော်တို့ယာဉ်တွေက သင်္ကြန်ရက်မှာထွက်ရင် ခရီးစဉ်ဆုံးတဲ့နေရာမှာ နားခိုင်းထားတယ်။ နှစ်ဆန်း ၁ ရက်လောက်ကျရင်လည်း ပြန်လာကြမယ့် ခရီးသည်တွေရှိနေတာပဲလေ။ အဲဒီရက်ကျရင် ပြန်ထွက်လို့ရတယ်။ ခရီးသွားပြည်သူတွေအဆင်ပြေစွာသွားလာနိုင်ဖို့ အဓိကထားပြီး လုပ်ဆောင်ပေးရင် နာမည်လည်းရလာမှာဖြစ်တယ်"ဟု ပြောကြားခဲ့သည်။

သင်္ကြန်ကာလတွင် အဝေးပြေးယာဉ်လိုင်းများအနေဖြင့် ယာဉ်စီးခနှုန်းတိုးမြှင့်ကောက်ခံခြင်းမပြုရန် တရားဝင်ကြေညာချက်ကို နိုင်ငံပိုင်သတင်းစာများ၌ အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

T.Z

# PANTRA Beauty မှ ဖြန့်ဖြူးရောင်းချမည့် အလှကုန်ပစ္စည်းမိတ်ဆက်

AMARA Yangon Co.Ltd မှ ဖြန့်ဖြူးရောင်းချသော PANTRA Beauty အလှကုန်ပစ္စည်းများမိတ်ဆက်ပွဲကို ရန်ကုန်မြို့ Melia Hotel တွင်မတ်လ (၃)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဈေးကွက်အတွင်းသို့ အသစ်ရောက်လာသောပြည်တွင်းအလှကုန်အမှတ်တံဆိပ်တစ်ခုဖြစ်သည့် PANTRA Beauty Brand မှ Velvet Matte Lip Crayon Eyebrow Auto Pencil, Lip Tattoo တို့ဖြင့်စတင်မိတ်ဆက်ခဲ့ကြောင်း Velvet Matte Lip Crayon ၏အရောင် ၅ ရောင်မှာ 01 Fame, 02 Sweet Soul, 03 She Rules, 04 Fearless, 05 Charm တို့ဖြစ်ပြီး အရောင်းအသွေးလှပပြီး သဘာဝမှရရှိသော အဆီအနှစ်ဖြင့်ဖော်စပ်ထားကြောင်း၊ Made in Korea ဖြစ်ပြီး FDAထောက်ခံချက်ရရှိပြီးဖြစ်သည်။

ဆက်လက်၍ PANTRA Beauty မှ မိမိတို့ကြော်ငြာတွင်သရုပ်ဆောင်ရန် ဝါသနာရှင်(၅)ဦးကိုရွေးချယ်သွားမည်ဖြစ်ကြောင်း အနုပညာ၊ အလှအပနှင့် ဖက်ရှင်နယ်ပယ်မှ ကျွမ်းကျင်သူများဖြစ်သည့် သရုပ်ဆောင်ဖွေးဖွေး၊ မိတ်ကပ်မခိုင်နှင့် Art Director (LUSH MAGAZINE) ကိုသီဟန်တို့က အကဲဖြတ်ပေးသွားမည့် ၎င်းPANTRA Queen ရွေးချယ်ပွဲကိုအဆင့်(၂)ဆင့်ဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းနေထိုင်သည့် မည်သည့်နိုင်ငံသား အမျိုးသမီးမဆိုအသက်(၁၈)နှစ်ပြည့်ပြီးပါကဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း ပြိုင်ပွဲဝင်လိုသူအမျိုးသမီးမှာ PANTRA Beauty မှအသစ်ထုတ်လုပ်ဖြန့်ချိလိုက်သော PANTRA Velvet Matte Lip Crayon ကိုအသုံးပြုပြီး၎င်းနှုတ်ခမ်းနီအတွက် ကြော်ငြာဆန်ဆန်ကိုယ်လုံးပေါ်တစ်ပုံ၊ ကိုယ်တစ်ပိုင်းတစ်ပုံ၊ စုစုပေါင်း အလှဓာတ်ပုံ (၂)ပုံရိုက်ယူကာ PANTRA Beauty Facebook Page တွင်ဖော်ပြထားသည့် အတိုင်းလိုအပ်သော အချက်အလက်များဖြည့်စွက်၍ PANTRA Beauty Facebook Page သို့မတ်လ (၂၃) ရက်နေ့အတွင်း Message ပေးပို့ရမည်။ ပေးပို့လာသူများထဲမှ ဆန်ကာတင်(၁၀)ဦးကို ရွေးချယ်သွားမည်ဖြစ်ပြီး ဆန်ကာတင်စာရင်းကိုမတ်လ (၂၈)ရက်နေ့တွင် PANTRA Beauty Facebook Page ကြော်ငြာပေးသွားမည်။ ဆန်ကာတင်များထဲမှ မိမိနှစ်သက်သူကို ပရိသတ်များမှ react လုပ်ကာမတ်လ(၂၈)မှစတင်ပြီး တစ်ပတ်တိတိမဲပေးနိုင်ကြောင်း ပရိသတ်ပေးသော reaction များ၏ (၁၀)ရာခိုင်နှုန်းကို နောက်ဆုံးရွေးချယ်ရာတွင် ထည့်သွင်းသွားမည်ဖြစ်သည်။ ဆန်ကာတင်(၁၀)ဦးလုံးကို ဧပြီ (၆)ရက်နေ့တွင် အကဲဖြတ်များဖြစ်သည့် သရုပ်ဆောင်ဖွေးဖွေး၊ မိတ်ကပ်မခိုင်နှင့် Art Director (LUSH MAGAZINE) ကိုသီဟန်တို့နှင့်အတူ သက်ဆိုင်ရာဝန်ထမ်းများမှ လူတွေ့စစ်ဆေးသွားမည်ဖြစ်ပြီး အမှတ်အများဆုံး(၅)ဦးကိုရွေးချယ်ကာ PANTRA Beauty အတွက် ကြော်ငြာဗီဒီယိုနှင့်ဓာတ်ပုံများရိုက်ကူးပေးသွားမည် ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

# Grab နှင့် Yoma တို့ပူးပေါင်း၍ ယာဉ်မောင်းများကို ကားငှားရမ်းမည်




အငှားယာဉ်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်လျက်ရှိသော Grab နှင့် စင်ကာပူစတော့အိတ်ချိန်းတွင် စာရင်းဝင်သည့် ပြည်တွင်းကုမ္ပဏီ Yoma Strategic Holdings Ltd တို့ပူးပြီး Grab ၏ မိတ်ဖက်ယာဉ်မောင်းများကို မော်တော်ယာဉ်မောင်းများကို မော်တော်ယာဉ်များငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Grab က ခရီးသည်များကို ကောက်ခံသည့်နှုန်းထားနည်းပါးခြင်းကြောင့် ယာဉ်မောင်းများအတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိပြီး အချို့ယာဉ်မောင်းများသည် Grab ချိတ်ဆက်မှု ရပ်နားထားကာပုံမှန်အတိုင်း ခရီးသည်ရှာဖွေလျက်ရှိကြောင်း၊ ယင်းသို့မော်တော်ယာဉ်တွေ ငှားရမ်းပေးခြင်းကြောင့် အငှားယာဉ်များရဲ့ အဆင့်အတန်းကောင်းမွန်တိုးတက်လာမှာဖြစ်သလို ခရီးသည်တွေအတွက်လည်း လုံခြုံမှုနှင့် သက်သောင့်သက်သာ ပိုရှိစေမှာဖြစ်ကြောင်း ကုမ္ပဏီ၏ထုတ်ပြန်ချက်အရသိရသည်။

Grab နှင့် Yoma Strategic တို့ပူးပေါင်းခြင်းကြောင့် Grab Taxi မိတ်ဖက်ယာဉ်မောင်းများ အရည်အသွေးပိုမိုကောင်းမွန်သော အငှားယာဉ်များကို မကြာမီအချိန်တွင် အသုံးပြုမောင်းနှင်နိုင်မည်ဖြစ်ပြီး Grab Taxi Plus နှင့် Grab For Business ဝန်ဆောင်မှုများမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အဆိုပါယင်းပူးပေါင်းဆောင်ရွက်မှုကြောင့် Yoma Strategic Ltd ၏ လက်အောက်ခံ မော်တော်ယာဉ်များ အငှားဝန်ဆောင်မှုလုပ်ကိုင်နေသည့် Yoma Fleet က Grab မိတ်ဖက်ယာဉ်မောင်းများကို အရည်အသွေးကောင်းမွန်သည့် မော်တော်ယာဉ်များ ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း Yoma Strategic ကုမ္ပဏီထဲမှသိရသည်။

"ဒီကိစ္စကို ကျွန်တော်တို့ယာဉ်မောင်းတွေမသိရသေးဘူး။ Grab က လုပ်ပေးတဲ့အရာတိုင်းကို သူတို့ဘက်ကိုတစ်ခုခုပြန်လုပ်ပေးရတယ်။ လုပ်ပေးရတဲ့အပိုင်းတွေကလည်း ယာဉ်မောင်းတွေကို တော်တော်ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်" ဟု Grab အငှားယာဉ်မောင်းတစ်ဦးက ပြောသည်။

အဆိုပါ အစီအစဉ်အတွက် Yoma Strategic Holdings နှင့် Grab တို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုစာချုပ်လက်မှတ်ရေးထိုးခဲ့ပြီး ယင်းပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များတွင် Grab ၏ မိတ်ဖက်ယာဉ်မောင်းများအတွက် မော်တော်ယာဉ်ငှားရမ်းခြင်း၊ မော်တော်ယာဉ်ငှားရမ်းနိုင်ရန် အတွက် ငွေကြေးထောက်ပံ့ကူညီခြင်းအပါအဝင် မြန်မာနိုင်ငံအငှားယာဉ် များ အဆင့်မြှင့်တင်ရန် အဓိကလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပိုးအိမ်

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးအတွက် နည်းပညာဆိုင်ရာဖိုရမ်ပြုလုပ်

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ပုဂံဒေသရှိရှေးဟောင်းအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုကို စနစ်တကျကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် နိုင်ငံတကာပညာရှင်များ၊ အဖွဲ့အစည်းများပါဝင်သော နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Technical Coordination Forum for Safeguarding Bagan)ကို မတ်လ ၉ ရက်က ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ပြုလုပ်ခဲ့သည်။

ယင်းဖိုရမ်တွင်အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ငလျင်ဒဏ်ခံရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ဦးစားပေးအဆင့်များ သတ်မှတ်ကာ (၄)နှစ် စီမံကိန်းချမှတ်၍ ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ယခုအခါပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် အဆိုပြုစာတွဲ Nomination Dossier (Complete) ကို ကမ္ဘာ့အမွေအနှစ်ဗဟိုကော်မတီသို့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့တွင် အပြီးသတ်တင်သွင်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းအတွက် နောက်ပိုင်းတွင် International Council on Monuments and Sites (ICOMOS) က လာရောက်စစ်ဆေးမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါဖိုရမ်တွင် ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းမှုဆိုင်ရာအစီရင်ခံတင်ပြခြင်း၊ ငလျင်အလွန်ပြုပြင်ထိန်းသိမ်းမှု အခြေအနေများကိုအစီရင်ခံတင်ပြခြင်း၊ နိုင်ငံတကာအဆင့် ပူးပေါင်းကူညီပံ့ပိုးခဲ့ကြသည့် အီတလီနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ကမ္ဘာ့ဘဏ်၊ SEAMEO-SPAFA UNESCO တို့က ပူးပေါင်းဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ကူညီပံ့ပိုးမည့်အစီအစဉ်များရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာကြသည့်ပြည်တွင်း၊ ပြည်ပပညာရှင်များက ဆောင်ရွက်ပြီးစီးမှုနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် နည်းပညာဆိုင်ရာအကြံပြုချက်များ၊ ချက်ချင်းဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းများ၊ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဂျပန်နိုင်ငံ၊ ဂျပန်အမျိုးသားဖယ်ဒရေးရှင်းယူနက်စကိုအဖွဲ့အစည်းမှ Mr.NOBORU NOGUCHI နှင့် Mrs.KUMIKO NOGUCHI က ၉၈၀၄ ဒေါ်လာတန်ဖိုးရှိ Server နှင့်ဆက်စပ်ပစ္စည်းများ လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက လက်ခံရယူခဲ့သည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုနှင့်ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများသည် ငလျင်ဒဏ်သင့်ဘုရားများဖြစ်သည့် ဘုရားအမှတ်-၁၄၆၂ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဘုရားအမှတ်-၁၀၆၆ ၏ ပျက်စီးမှုများ၊ ဓမ္မရံကြီးဘုရား၏ ပျက်စီးမှုအခြေအနေနှင့် ထိန်းသိမ်းပြုပြင်နေမှုများ၊ အာနန္ဒာအုတ်ကျောင်း၏ အဆောက်အအုံပိုင်းဆိုင်ရာနှင့် နံရံပန်းချီထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ငလျင်ဒဏ်သင့်ဘုရား (၃၈၉) ဆူအနက်ပြုပြင်ပြီး (၂၉၆) ဆူ၊ ပြုပြင်ဆဲ (၃၂)ဆူနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် (၆၁)ဆူကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့်ညှိနှိုင်း၍ စံချိန်စံညွှန်းမီ ရှေးမူလက်ရာမပျက် ထိန်းသိမ်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။အိမ်စည်

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com
JR

# Yum Yum မှ စတုတ္ထအကြိမ်ကံထူးရှင်နှစ်ဦးရွေးချယ်



"Yum Yum ပုစွန်ချဉ်စပ်နှင့် Xcite ရဲ့ Nissan Sunny ကား(၈)စီး ကံစမ်းမဲအစီအစဉ်"ရဲ့စတုတ္ထအကြိမ်အဖြစ် ကံထူးရှင်(၂)ဦးရွေးချယ်ပွဲကို မတ်လ ၁၀ရက်နေ့ညနေ(၃)နာရီကဒဂုံမြို့နယ် Park Royal H -otel ၌ကျင်းပခဲ့သည်။

ပထမဆုံးအကြိမ် ၂၀၁၇ခုနှစ်နိုဝင်ဘာလ၏ကံထူးရှင်က မန္တလေးမြို့မှာ အလုပ်လုပ်နေတဲ့မကွေးမြို့မှ ဦးဇင်မိုးဖြစ်ပြီး ဒုတိယအကြိမ်ဒီဇင်ဘာလအတွက် ကံထူးတဲ့ပေါက်မဲ(၂)ခုကို ၂၀၁၈ခုနှစ်ဇန်နဝါရီလ (၇)ရက်နေ့မှာကံစမ်းပေးခဲ့ရာမှ ယနေ့ထိကံထူးရှင်(၂)ဦးမှာ ဆက်သွယ်မလာကြောင်း ၎င်းကံထူးရှင် (၂)ဦးကို ဖေဖော်ဝါရီ(၂၈)ရက်နေ့အထိစောင့်ပေးရာမှ မဆက်သွယ်လာတာကြောင့် ကံထူးရှင်(၂)ဦးကစည်းမျဉ်းစည်းကမ်းအရပယ်ဖျက်လိုက်ပြီဖြစ်ပြီး ဖေဖော်ဝါရီ (၇)ရက်နေ့ကံထူးရှင်(၂)ဦးမှာလည်း ယနေ့ထိဆက်သွယ်လာခြင်းမရှိသောကြောင့် စည်းမျဉ်းစည်းကမ်းအရ မတ်လ (၃၁) ရက်နေ့ထိစောင့်ပေးသွားမှာဖြစ်ကြောင်း စတုတ္ထအကြိမ်တွင်ထုတ် လုပ်ဖြန့်ချိထားသောအထုတ်ပေါင်း (၄၂သန်း)ထဲမှကံထူးရှင်(၂)ဦးကို ရွေးချယ်ပေးမှာဖြစ်ကြောင်းသိရသည်။

"Yum Yum ချဉ်စပ်နှင့် Xcite ခေါက်ဆွဲရဲ့ Nissan Sunny ကား (၈)စီးကံစမ်းမဲအစီအစဉ်"မှာ ကံစမ်းမဲအစီအစဉ်"မှာ ကံစမ်းမဲကြော်ငြာအမှတ်အသားရိုက်နှိပ်ထားတဲ့ Yum Y -um ပုစွန်ချဉ်စပ်နှင့် ဇန်နဝါရီလစန်းပိုင်းကထုတ်လုပ်ခဲ့သည့် Xcite ပုစွန်ချဉ်စပ်အရသာ၊ Xcite ကြက်သားချဉ်စပ်အရသာ၊ Xcite မလိုင်ချဉ်စပ်အရသာ၊ Xcite မာလာအရသာပဲဖြစ်ပါကြောင်း အိတ်ခွံအတွင်းဘက်တွင် ကံစမ်းမဲကုတ်နံပါတ် (၁၀)လုံးရိုက်နှိပ်ပေးထားပြီး ကံစမ်းမဲကာလကို ၂၀၁၇ခုနှစ် နိုဝင်ဘာလ (၁)ရက်နေ့မှ ၂၀၁၈ခုနှစ် ဧပြီလ (၇)ရက်နေ့အထိ သတ်မှတ်ထားသည်။

ကံထူးရှင်တွေကို (၂၀၁၇)ခုနှစ်ဒီဇင်ဘာလ(၇)ရက်နေ့မှာ (၁)စီး၊ (၂၀၁၈)ခုနှစ် ဇန်နဝါရီ (၇)ရက်နေ့မှာ(၂)စီး၊ ဖေဖော်ဝါရီ(၇)ရက်နေ့မှာ(၂)စီးနှင့် ဧပြီ(၇)ရက်နေ့မှာ(၃)စီးစုစုပေါင်း(၈)စီး ရွေးချယ်ပေးမှာဖြစ်ပြီး ဖေဖော်ဝါရီလအတွက်ကံထူးရှင်မှာ ဆက်သွယ်လာခြင်းမရှိ၍စားသုံးသူများ မြန်မြန်ပေါက်စေရန်ရည်ရွယ်ကာ အစီအစဉ်ကိုပြောင်းလဲခဲ့ကြောင်း မတ်လ(၁၀)ရက်နေ့တွင် (၂)စီး၊ မတ်လ (၂၀)ရက်နေ့တွင် (၂)စီး၊ ဧပြီလ (၇)ရက်နေ့တွင် (၁)စီးကံစမ်းသွားပေးမှာဖြစ်ကြောင်းစား သုံးသူတွေ ကံစမ်းမဲအစီအစဉ်မှာပါဝင်ရမယ့်နည်းလမ်းတွေက ကံစမ်းမဲအမှတ်တံဆိပ်ပါ Yum Yum ပုစွန်ချဉ်စပ်ခေါက်ဆွဲနှင့် Xcite ပုစွန်ချဉ်စပ်အရသာ၊ Xcite ကြက်သားချဉ်စပ်အရသာ၊ Xcite မလိုင်ချဉ်စပ်အရသာ၊ Xcite မာလာအရသာအိတ်ခွံသိမ်းထားပြီး ကံထူးမထူးတိုက်စစ်ရမည်ဖြစ်ပြီး ကံထူးတဲ့နံပါတ်များကို Yum Yum Myanmar Face- book Page Xcite Facebook Page နှင့် www.yumyum-myanm ar.com တို့မှာ ဖော်ပြသွားမှာဖြစ်ပြီး Yum Yum Call နံပါတ် ၀၁- ၂၃၉၉၇၉၉ကိုခေါ်ဆိုပြီးမေးမြန်းနိုင်ကြောင်း သိရသည်။

ကျော်ကျော်

# စစ်ကိုင်းမြို့ရှိ ကနောင်မင်းသားကြီး တည်ဆောက်ခဲ့သော သံရည်ကျိုစက်ရုံကို ရှေးမူမပျက် ပြုပြင်ထိန်းသိမ်း

စစ်ကိုင်းမြို့ရှိ သာစည်ရပ်ကွက်ရှိ ကနောင်မင်းသားကြီးတည်ဆောက်ခဲ့သော သံရည်ကျိုစက်ရုံကိုကျပ်သိန်း ၅၄၀ဖြင့် ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းနေကြောင်း စစ်ကိုင်းမြို့နယ်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ကပြောသည်။

"ရှေးပုံစံအတိုင်းပေါ့။မန္တလေးကျုံးမြို့ရိုးက အုတ်တံတိုင်းတွေအတိုင်း အုတ်တံတိုင်းခတ်တာတွေပါမယ်။ အဆင့်မြင့်အိမ်သာတွေထားရှိတာတွေပါမယ်။ အထဲမှာ အဆင်ပြေရင် ကနောင်မင်းသားကြီးရဲ့ရုပ်တုထားဖို့ စီစဉ်သွားမှာ"ဟု ၎င်းကပြောသည်။

ထိုသို့ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တိုင်းအစိုးရ၏အစီအစဉ်ဖြင့် ဆောင်ရွက်ပြီး၊ ပြည်တွင်းပြည်ပခရီးသွားကို ဆွဲဆောင်ရန်ရည်ရွယ်တာဖြစ်ပြီး၊ မတ်လဆန်းမှ စတင်ကာပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေပြီး နှစ်လခန့်ကြာမြင့်မည်ဖြစ်သော်လည်း လာရောက်လေ့လာလည်ပတ်လိုသူများကို ပုံမှန်အတိုင်းလေ့လာခွင့်ပြုမည် ဖြစ်ကြောင်း ၎င်းကပြောသည်။

လက်ရှိတွင် ကနောင်မင်းသားကြီးတည်ဆောက်ခဲ့သည့် သံရည်ကျိုစက်ရုံသို့ အခမဲ့လေ့လာလည်ပတ်ခွင့်ပြုထားပြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများပြီးစီးချိန်တွင် လိုအပ်ပါကဝင်ကြေးကောက်ခံဖွယ်ရှိကြောင်းနှင့် စစ်ကိုင်းမြို့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး တိုင်းအစိုးရကစစ်ကိုင်းမြို့ပေါ်ရှိ သမိုင်းဝင်နေရာအချို့ကိုပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နေသည်။

"စစ်ကိုင်းတိုင်းမှာ နိုင်ငံခြားသားခရီးသွားတွေအတွက် လေ့လာစရာနေရာမှာ စစ်ကိုင်းမြို့ကပဲ အများဆုံးရှိနေတာ။ နောက်ပြီး စစ်ကိုင်းတိုင်းရဲ့ဝင်ပေါက်လည်း ဖြစ်နေတယ်။ အစေခံခံတပ်ရှိတယ်။ ကနောင်မင်းသားကြီးစက်ရုံရှိတယ်။ ကောင်းမှုတော်၊ ဆွမ်းဦးပုညရှင်၊ မင်းကွန်းစသဖြင့်ပေါ့၊ အဲဒီလိုရှိတဲ့အပေါ်မှာ သွားလာမှုအဆင်ပြေရေးနဲ့ အဆင်ပြေစွာလေ့လာနိုင်ရေးအတွက် တိုင်းအစိုးရအဖွဲ့ကလုပ်ခိုင်းတာပေါ့။ ပြင်ဆင်တဲ့အခါမှာလည်း ရှေးမူမပျက်ပေါ့။ အဓိကနိုင်ငံခြားခရီးသွားတွေ အတွက် စစ်ကိုင်းမြို့ကို အဓိကထားဆောင်ရွက်နေတာ"ဟု ၎င်းကပြောသည်။

စစ်ကိုင်းမြို့ သံရည်ကျိုစက်ရုံကို ကနောင်မင်းသားကြီးက ၁၈၇၄တွင် အုတ်မြစ်ချတည်ဆောက်ခဲ့သည်။ ထို့နောက် အဆိုပါစက်ရုံကိုပြုပြင်ထိန်းသိမ်းမှုမရှိသလို သိရှိမှုနည်းပါးပြီး၊ ပြည်တွင်း၊ ပြည်ပခရီးသွားများလာရောက် လေ့လာသူနည်းပါးကြောင်း စစ်ကိုင်းမြို့ခံများက ပြောသည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများလေ့လာစရာနေရာအဖြစ် ကနောင်မင်းသားကြီး သံရည်ကျိုစက်ရုံအပြင် ပြုပြင် ထိန်းသိမ်းခြင်းမရှိသော မင်းကွန်းဒေသရှိ သမိုင်းဝင်ကြီးလေးကြီး ကြက်ထောင့်ကန်၊ စစ်ကိုင်းမြို့ရှိ အစေခံ ခံတပ်တို့ကို ပြုပြင်ထိန်းသိမ်းမည်ဖြစ်ကြောင်း၊ စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

T.Z

# ရန်ကုန်သင်္ကြန်မဏ္ဍပ်များ ခွင့်ပြုအရေအတွက်နည်းပါက ပါမစ်ဈေးနှုန်း မြင့်နိုင်ကြောင်းသတင်းများ ထွက်ပေါ်

ရန်ကုန်သင်္ကြန်မဏ္ဍပ်များ ပြည်လမ်းတွင်သာ ဆောက်လုပ်ခွင့်ပြုမည်ဟု သတင်းထွက်ပေါ်နေပြီး ခွင့်ပြုသည့်မဏ္ဍပ်အရေအတွက် နည်းပါက ပါမစ်ဈေးနှုန်းမြင့်နိုင်ကြောင်း သင်္ကြန်မဏ္ဍပ်ကန်ထရိုက်အချို့ထံမှ သိ ရသည်။

သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့်ပြုမည့် အစီအစဉ်နှင့် သင်္ကြန်ပွဲတော်ကျင်းပရေးအစီအစဉ်များကို တိုင်းဒေသကြီးအစိုးရက တရားဝင်သတင်းထုတ်ပြန်ခြင်း မရှိသေးသကဲ့သို့ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရက ပထမဆုံးလမ်းလျှောက်သင်္ကြန်နှင့်အတူ စီးပွားဖြစ်ကမ္ဘာ့ကျော်သင်္ကြန်မဏ္ဍပ်များ ပြန်လည်ခွင့်ပြုရန်စီစဉ်နေကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။ ထို့အပြင် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့် လျှောက်လွှာများခေါ်ယူခြင်းမရှိသေးသဖြင့် မဏ္ဍပ်ဆောက်ရန်အချိန်မလုံလောက်သည့် အခက်အခဲများကြုံလာနိုင်ပြီး ယခင်က သင်္ကြန်မဏ္ဍပ် ဆောက်လုပ်ခြင်းအတွက် မတ်လ ၁၅ ရက်ခန့်တွင် နောက်ဆုံးလျှောက်ထားခွင့်ပြုပြီး မတ်လကုန်၌ ဆောက်လုပ်ခွင့်ရရှိသူ စာရင်းကြေညာကြောင်း သိရသည်။

ပြည်လမ်းပါရမီလမ်းဆုံ၌ အင်းလျားကန်ရှေ့အထိ မဏ္ဍပ်ရှစ်ခုဆောက်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်နေပြီး "ကမ္ဘာအေးဘုရားလမ်းကို မဏ္ဍပ်ဆောက်ခွင့်မပေးကြောင်း ပြည်လမ်းတွင်မဏ္ဍပ်ရှစ်ခုဆောက်လုပ်ခွင့်ပေးဖို့ လျာထားကြောင်းနှင့် တရားဝင်ထုတ်ပြန်ခြင်းမရှိသေးသောကြောင့် ကြိုတင်ပြင်ဆင်ထား၍ မရကြောင်း"ကို နှစ်စဉ်မဏ္ဍပ်စီစဉ်သည့် ကန်ထရိုက်တစ်ဦးက ပြောသည်။

ယင်းအပြင် သင်္ကြန်မဏ္ဍပ်အရေအတွက် အနည်းအကျဉ်းသာခွင့်ပြုမည်ဆိုပါက မဏ္ဍပ်ဆောက်လုပ်ခွင့်ပါမစ် ဈေးနှုန်းများကြီးမြင့်နိုင်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင်အစိုးရသစ် စတင်တာဝန်ယူသည့် ၂၀၁၆ ကစ၍ စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့်များ တားမြစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပိုးအိမ်



# JobNet VR အလုပ်အကိုင်ပြပြိုင်ပွဲတွင် METRO မှ အလုပ်အကိုင်၁၀၀နီးပါးပေးအပ်




METRO Wholesale Myan -mar သည် ထူးခြားဆန်းသစ်သည့် မြန်မာနိုင်ငံပထမဆုံး JobNet VR အလုပ်အကိုင်ပြပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည်။ ပြပွဲကိုမတ်လ ၁၀ရက်နေ့တွင်ဆီဒိုးနားဟိုတယ်၌ မနက်၉နာရီမှ ညနေ ၅နာရီထိကျင်းပခဲ့ပြီး အင်ဂျင်နီယာလုပ်ငန်းများ၊ စက်မှုလက်မှုဆိုင်ရာစီမံကိန်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ဈေးကွက်ဖော်ဆောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းများ၊ စားသုံးသူ ဝန်ဆောင်ရေးလုပ်ငန်းများ၊ B2B/B2C စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ စာရင်းကိုင်၊ ဘဏ္ဍာရေး၊ ဘဏ်နှင့် အာမခံလုပ်ငန်းများမှ စိတ်ဝင်စားဖွယ်ရာ အလုပ်အကိုင်အခွင့်အလမ်းများကိုပြသခဲ့သည်။

METRO Wholesale Myan -mar သည် ယခုနှစ်မှစ၍ဝန်ထမ်းအင်အား ဖြည့်စည်းမှုလုပ်ငန်းကိုလျင်မြန်စွာတိုးချဲ့ဆောင်ရွက်ခဲ့သည်။ ပြီးခဲ့သည့် ဒီဇင်ဘာလတွင် METRO Wholesale Myanmar သည် အလုပ် အကိုင်ပြပွဲတစ်ခုပြုလုပ်ခဲ့ပြီး ပြည်တွင်း အလုပ်အကိုင် ၁၇၀ကိုလည်း ဖန်တီးပေးခဲ့ပြီးဖြစ်သည်။

၂၀၁၈ခုနှစ် Jobnet VR အလုပ်အကိုင်ပြပွဲသည် မြန်မာနိုင်ငံ၏ပထမဆုံး Virtual Reality (VR)ကို အသုံးပြုသော အလုပ်အကိုင်ပြပွဲတစ်ခုဖြစ်ပြီး Unilever ၊ Hein- eken ၊ CB ဘဏ်၊ Ooredoo ၊ M -ETRO Wholesale Myan -mar နှင့် Wall Street English စသည့်ကုမ္ပဏီများအပြင် အခြားကုမ္ပဏီ ၄၀ခန့်ပါဝင်ပြီး ပြည်တွင်းမှထူးချွန်ဆုံးသော အလုပ်အကိုင်ရှာဖွေသူများနှင့်တွေ့ဆုံပွဲဖြစ်ကြောင်း ပြည်တွင်းလူ့စွမ်းအင်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ပံ့ရေးကိုရည်ရွယ်၍ METRO Wholesale M -yanmar သည် မြန်မာနိုင်ငံသားများကို ဝန်ထမ်းခန့်အပ်သွားရန်အဓိကဆောင်ရွက်သွားမည်ဖြစ်ပြီး War -ehouse လုပ်ငန်းများအတွက် ကုမ္ပဏီအရောင်းဝန်ထမ်း၊ စာရင်းကိုင်ဝန်ထမ်း၊ ဘဏ္ဍာရေးဝန်ထမ်း၊ ဈေးကွက်ရှာဖွေရေးဝန်ထမ်း၊ Supply Chain ဝန်ထမ်းများ၊ စုစုပေါင်းတိုက်ရိုက်ဝန်ထမ်းအရေအတွက် ၁၀၀ခန့်ကို ဖန်တီးသွားမည်ဖြစ်သည်။

METRO ၏အလုပ်အကိုင်ပြပွဲနေရာတွင် METRO Wholesale Myanmar ၏ များစွာသောဌာနခွဲများတွင် ကျင့်သုံးသည့်အကောင်းဆုံးလုပ်ထုံးလုပ်နည်းများကို ပြသသွားခဲ့ပြီး METRO Wholesale Mya -nmar ၏ရုံးခန်း၏ Wareh -oue တွင် အလုပ်လုပ်ကိုင်ရသည့်အတွေ့အကြုံကို လက်ရှိသိရှိစေရန် VR နည်းပညာကို အသုံးပြု၍လေ့လာခဲ့ကြောင်း အလုပ်ရှာဖွေသူအနေဖြင့်လည်း လက်ရှိလုပ်ငန်းဆောင်ရွက်နေသူများနှင့် ရင်းနှီးကျွမ်းဝင်ဆွေးနွေးနိုင်ခဲ့ကြပြီး ကုမ္ပဏီအစည်းအဝေးများပြုလုပ်ပုံ စသည်ဖြင့်ကုမ္ပဏီ၏လုပ်ငန်းဆိုင်ရာ ဓလေ့ထုံးတမ်းများကို ထဲထဲဝင်ဝင်လေ့လာနိုင်ခဲ့ကြောင်းသိရသည်။

ကျော်ကျော်

# အကယ်ဒမီ ထူးချွန်ဆုပေးပွဲ ကျင်းပမည့်ဝင်ပေါက်၌ ခေတ်အဆက်ဆက် မြန်မာ့ဂန္ထဝင်ရုပ်ရှင် ဇာတ်ကားများ၏ ပန်းချီကားများ ချိတ်ဆွဲပြသမည်



၂၀၁၇ ခုနှစ် အတွက် ပေးအပ်မည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို မတ်လ ၂၃ ရက် ညနေ ၃ နာရီ တွင် ရန်ကုန်မြို့ Myanmar Event Park ၌ ပြုလုပ်ကျင်းပမည်ဖြစ်ပြီး အဆိုပါဝင်ပေါက်၌ ခေတ်အဆက်ဆက် မြန်မာ့ဂန္ထဝင်ရုပ်ရှင်ဇာတ်ကား များ၏ ပန်းချီကားများအားချိတ်ဆွဲပြ သထားရန်စီစဉ်ထားကြောင်း သိရသည်။

"အခမ်းအနားကတော့ ညနေ ၃ နာရီမှာကျင်းပမှာ စတင်ကျင်းပမှာဖြစ်ပြီး MRTV 4 နဲ့ Channal 7ရုပ် သံလိုင်းတွေကနေ တိုက်ရိုက်ထုတ် လွှင့်သွားမှာပါ။ အခမ်းအနားမှာတော့ တစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ ရုပ်ရှင် ထူးချွန်ဆုပေးပွဲဖြစ်တဲ့ အတွက် ကြီးကျယ်ခမ်းနားစွာ တင်ဆက်နိုင်အောင် အားလုံးဝိုင်းဝန်းပြင်ဆင်ထားပါတယ်။ ဆုရသင့်ရထိုက်တဲ့သူတွေ ဆုရရှိစေဖို့အတွက်လည်း အကောင်းဆုံး ရွေးချယ်မှုတွေကိုလည်း ပြုလုပ်နေပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းကပြောသည်။

အဆိုပါ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် ရုပ်ရှင်အနုပညာရှင်အတတ်ပညာရှင်များအပါအဝင် လူသုံးထောင် ခန့်တက်ရောက်နိုင်ရန်စီစဉ်ထားပြီး ၂၀၁၇ ခုနှစ်အတွက် ပေးအပ်ချီးမြှင့်မည့် မြန်မာရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် တစ်နှစ်တာအတွင်းရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၅၃ ကားအတွင်းမှ ယခုနှစ်အတွက် သတ်မှတ်ထားသည့်ဆုအမျိုးအစား ၁၁ ခုလုံး အတွက် ရွေးချယ်ပေးအပ်သွားရန်စီစဉ်ထားကြောင်း သိရသည်။ ထို့ပြင် ယခုနှစ်တွင် ရုပ်ရှင်တသက်တာထူးချွန်ဆုကိုလည်း ထည့်သွင်းပေးအပ်သွားရန် စီစဉ်ထားခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်အတွက် အကယ်ဒမီပေးအပ်မည့်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် ရွှေကြိုမောင်မယ်များအစား သရုပ်ဆောင်များ၏ သားသမီး ၆ ဦးနှင့်ကလေးသရုပ်ဆောင်စဉ်ကပင် ပရိသတ်၏ အားပေးမှုများ အခိုင်အမာရရှိထားသည့် သရုပ်ဆောင် ၂ ဦး အပါအဝင် စုစုပေါင်း ၈ ဦးကို အကယ်ဒမီ အကူမောင်မယ်များအဖြစ် ရွေးချယ်ထားပြီးဖြစ်သည်။ ၎င်းတို့မှာ အားသစ်၊ အိစိကွေ၊ အကယ်ဒမီချိုပြုံး၏မြေး ဝင်းမိုးခန့်၊ သရုပ်ဆောင် မေသဉ္ဇာဦး၏သား မင်းသုခိုင်၊ သရုပ်ဆောင် နိုင်သင်းကြည်၏သမီး စံထိပ်ထားဦး၊ သရုပ်ဆောင် မင်းမော်ကွန်း၏သမီး လေပြေသွေး၊ သရုပ်ဆောင် အရိုင်း၏သမီး ပန်းနုပိုးမေနှင့် သရုပ် ဆောင်သင်ဇာဝင်းပြည့်၏သမီး စန္ဒြာရွှေရည်တို့ဖြစ်သည်။

အိမ်စည်

# ရွှေကြာကိုမှ မိတ်ဝေဝေစား ကြည့်လိုတယ်ဆိုရင်…




ရွှေကြာ(ဖွေးဖွေး)ရဲ့ ဖခင်ဖြစ်သူက သူဌေးအိမ်မှာယာဉ်မောင်းလုပ်ပါတယ်။ ဖခင်ဖြစ်သူဆုံးပါးသွားပြီးတဲ့နောက်မှာတော့ မိခင်ဖြစ်သူကနောက်အိမ်ထောင်ပြုလိုက်ခဲ့ပြီး ရွှေကြာကတော့ အစ်မဝမ်းကွဲတစ်ယောက်အိမ်မှာလိုက်နေခဲ့ရပါတယ်။ အစ်မဝမ်းကွဲမိသားစုကလည်း အဆင်မပြေလှတာကြောင့် ရွှေကြာကိုအိမ်တစ်အိမ်မှာ အိမ်ဖော်လုပ်ဖို့စေလွှတ်လိုက်ပါတယ်။ ရွှေကြာအိမ်ဖော်လုပ်တဲ့အိမ်ရှင်တွေက ရွှေကြာကိုနှိပ်စက်ကြတဲ့အခါမှာ ရွှေကြာတစ်ယောက်အစ်မဖြစ်သူအိမ်ကို ပြန်ဆင်းပြေးလာပါတယ်။ ငွေလိုနေတဲ့အစ်မဝမ်းကွဲကတော့ ကလေးသာသာရှိသေးတဲ့ရွှေကြာရဲ့အပျိုစင်ဘဝကိုလူတစ်ယောက်ဆီမှာရောင်းစားခဲ့ကြပါတယ်။ အဲ့ဒီနောက်ပိုင်းမှာတော့ ရွှေကြာတစ်ယောက်ပြည့်တန်ဆာဘဝကိုရောက်သွားပါတယ်။

အရွယ်ရောက်လာတဲ့ရွှေကြာက မိခင်ဖြစ်သူနောက် အိမ်ထောင်နဲ့ရထားတဲ့ညီမလေးနှစ်ယောက်နဲ့ ရောဂါသည်အဘိုးဖြစ်သူကို စောင့်ရှောက်ဖို့အတွက် ပြည့်တန်ဆာအလုပ်ကိုဆက်လုပ်နေပါတယ်။ ရွှေကြာရဲ့မိခင်ကတော့ နောက်ထပ်အိမ်ထောင်ပြုသွားပါတယ်။

ရွှေကြာက ကလပ်တွေဘားတွေမှာ ဖောက်သည်တွေရှာရသလို ဟိုတယ်တွေမှာ ညအိပ်ဖို့ခေါ်သွားရင်လည်း လိုက်သွားရပါတယ်။ ရွှေကြာသွားလေ့ရှိတဲ့ ဟိုတယ်တစ်ခုကဝန်ထမ်းဖြစ်တဲ့ စံထားညို (သင်ဇာဝင့်ကျော်) ကတော့ပြည့်တန်ဆာမိန်းကလေးတွေကို ရွံရှာစက်ဆုတ်တဲ့သူတစ်ဦးပါ။ စံထားညိုက သတိုးသိုက် (အလင်းရောင်) ဆိုတဲ့ ချစ်သူတစ်ယောက်ရှိပါတယ်။ သတိုးသိုက်က မှတ်တမ်းရုပ်ရှင်တွေရိုက်ပြီး နိုင်ငံတကာပြိုင်ပွဲတွေမှာလည်း ဆုတွေရထားတဲ့ လူငယ်လေးတစ်ယောက်ပါ။ တစ်ရက်မှာတော့ ရဲတွေလိုက်ဖမ်းလို့ကားလမ်းမကို ဖြတ်ပြေးလာတဲ့ပြည့်တန်ဆာတစ်ယောက် ကားနဲ့အတိုက်ခံရတာကို သတိုးသိုက်တွေ့လိုက်ရပါတယ်။ ကားတိုက်ခံရတဲ့သူကပြည့်တန်ဆာတစ်ယောက် ဖြစ်နေတဲ့အတွက် လူတွေကကူညီဖို့တွန့်ဆိုင်းနေတဲ့အချိန်မှာပဲမိန်းကလေးတစ်ယောက်ရောက်လာပြီး ဆေးရုံပို့ပေးကြဖို့ အော်ဟစ် အကူအညီတောင်းကြတဲ့အတွက် သတိုးသိုက်ကသူ့ကားနဲ့ပဲ ဆေးရုံ လိုက်ပို့ပေးလိုက်ပါတယ်။ ဆေးရုံရောက်ပြီး သိပ်မကြာခင်မှာပဲ ပြည့်တန်ဆာအမျိုးသမီးလေး သေဆုံးသွားပါတယ်။ သတိုးသိုက်နဲ့ရွှေကြာတို့က သေဆုံးသူရဲ့မိသားစုဝင်တွေကို ဆက်သွယ်လို့မရတဲ့အတွက် သေဆုံးသွားတဲ့သူအတွက် ဘဝကူးကောင်းအောင် ကောင်းမှုကုသိုလ်တွေပြုပေးကြပါတယ်။ ရွှေကြာသည်လည်း ပြည့်တန်ဆာတစ်ယောက်မှန်းကိုတော့ သတိုးသိုက်မသိခဲ့ပါဘူး။

ရွှေကြာကတော့ သူ့အပေါ်ကိုအဆင့်အတန်းမခွဲခြားဘဲ ရင်းရင်းနှီးနှီးဆက်ဆံတဲ့သတိုးသိုက်ကို သံယောဇဉ်တွယ်လာခဲ့ပါတယ်။ တစ်ရက်မှာတော့ သတိုးသိုက်က ချစ်သူစံထားညိုကိုသွားကြိုရင်း ဟိုတယ်ကိုဖောက်သည်ခေါ်လာတဲ့ရွှေကြာကို တွေ့လိုက်ပါတယ်။ စံထားညိုရဲ့ပြောပြမှုကြောင့်ပဲ ရွှေကြာဟာပြည့်တန်ဆာတစ်ယောက်မှန်း သတိုးသိုက်သိသွားပါတယ်။ ရွှေကြာကလည်းတိတ်တခိုးချစ်နေရတဲ့သတိုးသိုက်က မိမိဘဝအကြောင်းကို သိသွားတော့ဝမ်းနည်းသွားပါတယ်။

ရွှေကြာကို ပြည့်တန်ဆာဘဝကနေရုန်းထွက်စေချင်တဲ့ သတိုးသိုက် အခြေအနေ အဆင့်အတန်းမတူညီတဲ့ သတိုးသိုက်ကိုမှချစ်မိလေတဲ့ရွှေကြာ...ပြည့်တန်ဆာမိန်းကလေးတွေကိုရွံရှာတဲ့ သတိုးသိုက်ရဲ့ချစ်သူစံထားညို...ဘာတွေဆက်ဖြစ်ကြမလဲ။

အိမ်စည်




# ပင်ပန်းဆင်းရဲစွာ ရှာဖွေနေရသည့် မိသားစုသုံးစုအတွက် ကိုယ်ပိုင် လုပ်ငန်းလုပ်ကိုင်နိုင်ဖို့ အရင်းအနှီးပေးအပ်တဲ့ ခိုင်နှင်းဝေ

မတ်လ ၁၄ ရက်နေ့တွင် ကျရောက်သည့် သရုပ်ဆောင်ခိုင်နှင်းဝေ၏မွေးနေ့ကုသိုလ်အဖြစ် ပင်ပန်းဆင်းရဲစွာရှာဖွေနေရတဲ့ မိသားစုသုံးစုကို ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်အောင် အရင်းအနှီးပေးအပ်လိုက်ကြောင်းသိရသည်။

"ဒီနေ့ကျွန်မရဲ့မွေးနေ့မှာ သက်ငယ်မုဒိမ်းများအတွက် ကြီးလေးသောပြစ်ဒဏ်ချမှတ်ပေးနိုင်ရန် လွှတ်တော်မှာ တောင်းဆိုဖို့ရောက်ရှိနေတဲ့အတွက် မနေ့ကမွေးနေ့အထိမ်းအမှတ်အဖြစ် လုပ်ကိုင်စားသောက်ဖို့အခက်အခဲဖြစ်နေသော တစ်ရက်ကိုမှ ၃ ထောင်လောက်ရဖို့ကို ပင်ပန်းဆင်းရဲစွာရှာဖွေနေရတဲ့ အိမ်ထောင်စု ၃ စုအတွက် သူတို့လုပ်ချင်တဲ့စီးပွားရေးလေးတွေလုပ်နိုင်ဖို့ အစမှအဆုံးအရင်းအနှီး ပြုလုပ်ပေးဖြစ်ခဲ့ပါတယ်" ဟု ခိုင်နှင်းဝေက သူမ၏လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။

ခိုင်နှင်းဝေသည် သူမ၏မွေးနေ့ဖြစ်သည့် မတ်လ ၁၄ ရက်အတွက် မွေးနေ့ကုသိုလ်ကို မတ်လ ၁၃ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မွေးနေ့ကျရောက်သည့် မတ်လ ၁၄ ရက်တွင် သက်ငယ်မုဒိန်းပပျောက်ရေး အတွက် အမျိုးသားလွှတ်တော် အမျိုးသမီး နှင့် ကလေးသူငယ်အခွင့်အရေးကော်မတီနှင့် ကလေးအခွင့်အရေး၊ သက်ငယ်မုဒိန်းပပျောက်ရေး လုပ်ဆောင်နေသောအဖွဲ့များ ကြားနာပွဲကျင်းပခဲ့ကြောင်းသိရသည်။

ထို့အပြင် သရုပ်ဆောင်ခိုင်နှင်းဝေသည် မတ် ၁၈ ရက်တွင် ထိုင်းနိုင်ငံတွင် ပြုလုပ်သည့်ရန်ပုံငွေဂီတဖျော်ဖြေပွဲတွင် မင်းသွေး၊ဂျင်နီဖူးစုံ၊ လှမျိုးသဉ္ဇာနွယ်၊ အစ္စဏီ၊ ချစ်စနိုးဦးတို့နှင့် ပါဝင်ဖျော်ဖြေခဲ့သည်။ အဆိုပါရန်ပုံငွေဂီတပွဲမှရရှိသည့် ငွေများအား ဦးဇောတိက (ကယ်ဆယ်ရေး) ၏ကျန်းမာရေးအာမခံနှင့်ပရဟိတလုပ်ငန်းများအတွက် လှူဒါန်းကြမည် ဖြစ်ကြောင်းသိရသည်။

အိမ်စည်

# Fujifilm မှ ကင်မရာအသစ် ၃မျိုး ဈေးကွက်အတွင်းတင်သွင်း



ဓာတ်ပုံနှင့် ကင်မရာပိုင်းတွင်အစဉ်အလာကြီးမားသည့် ဂျပန်ကုမ္ပဏီကြီးတစ်ခုဖြစ်သော Fujifilm Corporation မှနေပြီး ၎င်းတို့၏ X Series ထုတ်ကုန်အသစ် X-A5 နှင့်X-H1၊ XP Series ထုတ်ကုန်သစ်XP-130 တို့ကို ဈေးကွက်အတွင်း စတင်တင်သွင်းလိုက်ကြောင်း၊ ဖေဖော်ဝါရီလ ၁၉ရက်က Lotte ဟိုတယ်တွင်ကျင်းပသောမိတ်ဆက်ပွဲ မှသိရသည်။

Fujifilm ၏ယင်းကင်မရာမော်ဒယ်လ်အသစ် ၃ မျိုးအနက် X-A5 မှာ X Series ကင်မရာများအနက် အသေးဆုံးနှင့် အပေါ့ပါးဆုံး Mirrorless digital ကင်မရာဖြစ်လာခဲ့သည်။ ၎င်းတွင် 24MP sensors ပါဝင်ပြီး X-series ထုတ်ကုန်များ၏ ထင်ရှားသည့်စွမ်းဆောင်ရည်ဖြစ်သော Color Production နည်းပညာလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ထို့ပြင် X- A5 တွင် ရိုက်ကူးထားသောဓာတ်ပုံများကို အလွယ်တကူပြန်လည်ဝေမျှပေးနိုင်ရန် Bluetooth လည်း တစ်ခါတည်းပါဝင်သည်။ LCD Screen မှာလည်း Touch Screen ဖြစ်ကာ 180 ဒီဂရီထိလှည့်ကာ ချိန်နိုင်သဖြင့် အနေအထားအမျိုးမျိုးတွင် အဆင်ပြေပြေရိုက်ကူးနိုင်စေမည့်အပြင် Selfie ပုံများကိုပင်ရိုက်ကူးနိုင်မည်ဖြစ်ပြီး၊ ဗွီဒီယိုများ ရိုက်ကူးမည်ဆိုလျှင် X-A5 သည် 15 fps ရှိ 4K အရည်အသွေးရှိဗွီဒီယိုများအထိ ရိုက်ကူးနိုင်မည်ဖြစ်ရာ အရည်အသွေးမြင့်ဗွီဒီယိုများကိုပါ မှတ်တမ်းတင်နိုင်မည်ဖြစ်ကြောင်း၊ ဘက်ထရီကိုလည်း အားတစ်ကြိမ်သွင်းထားလျှင် ၄၅၀ frames ထိရိုက်ကူးနိုင်စေမည့်ဘက်ထရီကိုထည့်သွင်းပေးထားရာ ခရီးသွားသည့်အခါ အမှတ်တရပုံရိပ်များကိုအပူအပင်မရှိရိုက်ကူးနိုင်မည်ဖြစ်သည်။ ကင်မရာဝါသနာအိုးများအကြိုက် classic ဒီဇိုင်းမျိုးရှိသည့် X-A5 ကို ငွေရောင်၊ အညိုရောင်နှင့် ပန်းရောင်ဟူ၍ အရောင် ၃မျိုးရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။

နောက်ထပ် X series ထုတ်ကုန်သစ် X-H1 မှာမူ X series ထုတ်ကုန်များအနက် စွမ်းဆောင်ရည်အမြင့်ဆုံးကင်မရာဖြစ်လာခဲ့ကာ မာကျောပြီးအကြမ်းခံသည့် ကိုယ်ထည်ကိုပိုင်ဆိုင်ထားသည်။ 5.5 stops (*1) in-body image stabilization (IBIS) ပါဝင်လာပြီး အထူးဖန်တီးထားသည့် Dual Processor ကြောင့် အရည်အသွေးမြင့်မားလှသည့်ပုံရိပ်များကို ဖမ်းယူနိုင်မည်ဖြစ်ကြောင်း၊ ကိုယ်ထည်ကို မာကျောပြီးအကြမ်းခံအောင်ဖန်တီးပေးထားသဖြင့် ပတ်ဝန်းကျင်အခြေအနေမရွေးရိုက်ကူးနိုင်စွမ်းရှိသည်။ ထို့ပြင်ဓာတ်ပုံအတွက်သာမက ဗွီဒီယိုရိုက်ကူးထုတ်လုပ်ရေးအတွက် လိုအပ်သည့် Features များလည်းပါဝင်သည်ကို တွေ့ရသည်၊ Indoor Sport ပွဲများကဲ့သို့ အဆောက်အဦးတွင်းမီးရောင်များသည့်အခြေအနေများတွင် အကောင်းဆုံးရိုက်ကူးနိုင်စေမယ့် Flicker Reduction Mood ကိုလည်း X-H1 တွင် X Series ထုတ်ကုန်များအနက် ပထမဆုံးအဖြစ် ထည့်သွင်းပေးထားကြောင်း၊ XP Series ထုတ်ကုန်သစ် XP-130မှာ ရေစိုခြင်း၊ လွတ်ကျခြင်းနှင့် ဖုန်မှုန့်များ၏ ဒဏ်များကို ခံနိုင်ရည်ရှိသဖြင့် ခရီးသွားစဉ်၊ ပျော်ပွဲစား ထွက်စဉ်နှင့် လုပ်ငန်းခွင်အတွင်းတို့တွင် ထိခိုက်ပျက်စီးမှုမရှိဘဲအသုံးပြုနိုင်မည့်ကင်မရာဖြစ်သည်၊ ၎င်းတွင် 16.4 megapixels back-illuminated CMOS sensor ပါဝင်ကာ 5x optical zoom lens ပါဝင်သည်။ ထို့ပြင် ၁၀ဆ အထိတိုးချဲ့ကာ ရိုက်ကူးနိုင်မည့် Digital Zoom နည်းပညာနှင့် Fujifilm ၏ နာမည်ကျော် Color Production နည်းပညာတို့လည်း ပါဝင်သည်။

ပေါ့ပေါ့ပါးပါးနှင့် အကြမ်းခံသည့် ကင်မရာအမျိုးအစားအဖြစ် ထုတ်လုပ်ထားခြင်းဖြစ်သဖြင့် အလေးချိန်မှာ ၂၀၇ ဂရမ်မျှသာရှိသည်ကိုတွေ့ရမည်ဖြစ်သည်။ ၎င်း၏ LCD မျက်နှာပြင်မှာ ၃လက်မအရွယ်အစားရှိပြီး HD ပုံရိပ်များကိုဖော်ပြပေးနိုင်စွမ်းရှိသည်၊ Portrait ပုံများရိုက်ကူးရာတွင် အကောင်းဆုံးပုံရိပ်များရရှိစေနိုင်ရန် ဓာတ်ပုံအရိုက်ခံသူ၏မျက်လုံးကို အလိုအလျောက်အာရုံခံနိုင်သည့်နည်းပညာ ရှုခင်းပုံနှင့် အရာဝတ္ထုများကို အကောင်းဆုံး ရိုက်ကူးနိုင်မည့် အထောက်အကူပြုနည်းပညာများကိုလည်း XP-130 တွင်ရရှိနိုင်မည်ဖြစ်သည်။ ဗွီဒီယိုများကိုလည်း Full HD အရည်အသွေးနှင့် ရိုက်ကူးနိုင်မည်ဖြစ်ကာ ဓာတ်ပုံကဲ့သို့ ပုံရိပ်သေနှင့် လှုပ်ရှားနေသည့်ပုံရိပ်များပေါင်းစပ်ရိုက်ကူးနိုင်မည့် Cinemagraph mode ၊ Time Lapse ဗွီဒီယိုလုပ်ဆောင်ချက်တို့ကဲ့သို့သောဆန်းသစ်သည့်လုပ်ဆောင်ချက်များစွာလည်း XP-130 တွင်ပါဝင်သည်၊ ရိုက်ကူးထားသည့်ဓာတ်ပုံနှင့် ဗွီဒီယိုများကို အခြားသူများနှင့် အလွယ်တကူပြန် လည်မျှဝေပေးနိုင်စေရန် Bluetooth ကိုလည်း တစ်ခါတည်းထည့်သွင်းပေးထားကြောင်း သိရသည်။

ကျော်ကျော်

# Cloud နည်းပညာအတွက် ARG sys အား Net App ကုမ္ပဏီမှ Gold Partner ခန့်အပ်




အမေရိကန်အခြေစိုက် ကမ္ဘာ့ထိပ်တန်းနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော Net App က မြန်မာနိုင်ငံရှိ ATG Systems Co.,Ltd အား ခန့်အပ်သွားခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာ ဟိုတယ်တွင်ပြုလုပ်ခဲ့သည်။

Net Appသည် သိုလှောင်မှုနှင့် ဒေတာစီမံခန့်ခွဲမှုအတွက် နိုင်ငံတကာနှင့် ချိတ်ဆက်ထားပြီးဝန်ဆောင်မှုများပေးအပ်နေသော နည်းပညာကုမ္ပဏီတစ်ခုဖြစ်ပြီး Hybrid Cloud Environment အတွက်လည်း လုပ်ငန်းနယ်ပယ်တွင် ဦးဆောင်နေသည့် Data Insight၊ Access နှင့် Control တို့ကိုလည်းထောက်ပံ့ပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ တရားဝင်ခန့်အပ်လိုက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုကို အရှိန်မြှင့်တင်နိုင်ရန် အထောက်အကူဖြစ်လာပြီး အင်တာနက်မှ ဒေတာစီမံခန့်ခွဲမှုများအား ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

Cloud Solution ဆိုသည်မှာ လူသားတိုင်း၏နေ့စဉ်ဘဝတွင် အသုံးပြုနေရသော မိုဘိုင်းလ်ဖုန်း၊ အင်တာနက်အသုံးပြုခြင်းများမှ ဒေတာများနှင့် ဆက်စပ်နေပြီးထိုဒေတာများကို မှတ်သားသိမ်းဆည်းခြင်း၊ ဘဏ်လုပ်ငန်းများတွင် ငွေသွင်း၊ ငွေထုတ်ကိစ္စရပ်များမှစ၍ အချက်အလက်များအား အင်တာနက်တွင်စနစ်တကျသိမ်းဆည်းခြင်း၊ ဝက်ဘ်ဆိုက်များမှလွှင့်တင်ထားသည့် အချက်အလက်များကို မပျက်မစီးအောင်အွန်လိုင်းတွင်သိမ်းဆည်းခြင်းနှင့် ပြန်လည်ထုတ်ယူခြင်းစသည့် လုပ်ငန်းဆောင်တာများကို အလွယ်တကူ လုပ်ဆောင်နိုင်အောင် ထောက်ပံ့ပေးသော နည်းပညာတစ်ခုဖြစ်ကြောင်းသိရသည်။

ကျော်ကျော်



Transcom News journal Cartoons






# Samsung မှ အရည်အသွေးမြင့် Galaxy S9 နှင့် S9+ စမတ်ဖုန်းသစ်များအား မိတ်ဆက်

Samsung Myanmar သည် Samsung Myanmar S9 နှင့် S9+ များကိုရန်ကုန်မြို့နိုဗိုတယ်ဟိုတယ် တွင် မိတ်ဆက်ခဲ့သည်။ အဆိုပါစမတ်ဖုန်းများသည် သုံးစွဲသူများတစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင်လည်းကောင်း၊ အမှတ်တရဓာတ်ပုံ၊ ဗီဒီယိုများမျှဝေရာတွင်လည်းကောင်း၊ မိမိတို့နေထိုင်သော ကမ္ဘာမြေကိုတွေ့ကြုံခံစားရာတွင်လည်းကောင်း တွေ့ကြုံခံစားမှုရသများကို အသစ်တဖန်ပြန်လည်ဆန်းသစ်ထားပြီး အသစ်သစ်သောအတွေ့အကြုံများကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

Samsung ၏ အဆင့်မြင့်တင်ထားသော ကင်မရာပါဝင်သော Galaxy S9 နှင့် S9+ တို့သည်ရုပ်ပုံများ၊ Emoji စတစ်ကာများဖြင့် တစ်ဦးနှင့်တစ်ဦးဆက်သွယ်မှု အများဆုံးပြုလုပ်သည့် အသက်အရွယ်ပိုင်းခြားအတွက် ရည်ရွယ်ပြီးဆန်းသစ်ထားသည့် Low Light ကင်မရာအား စွမ်းအင်ဖြည့်ပေးထားသည့် အလင်းဝင်ပေါက် ၂ ခုပါဝင်သောမှန်ဘီလူး၊ Super Slow-mo ဗီဒီယိုများရိုက်နိုင်သည့် စွမ်းရည်များနှင့်မိမိတို့စိတ်ကြိုက် ပြုလုပ်နိုင်သည့် AR Emoji ပါဝင်ကြောင့် AKGမှစွမ်းရည်ပြည့် Stereo စပီကာများပါဝင်ပြီး Dolby Atmos ဖြင့်စွဲမက်နစ်မြောဖွယ်ရာ အသံအပါအဝင်ဆန်းသစ်ထားသော edge-to-edge အဆုံးအစမဲ့မျက်နှာပြင်ပါ ဝင်ပြီး IoT ဝန်ဆောင်မှုများကိုအဆင့်မြင့်အတွေ့အကြုံများကို ပေးစွမ်းနိုင်သည့် Smartthings appပါဝင်သည်။

"ကျွန်တော်တို့တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုပုံ၊ မိမိတို့ရဲ့ခံစားချက်တွေကို အများနဲ့မျှဝေပုံတွေက နေ့စဉ်နဲ့အမျှ ပြောင်းလဲလျက်ရှိပါသည်။ ကျွန်တော်တို့ရဲ့ သာမန်မျက်လုံးတွေမြင်ရတာထက် ပိုပြီးမြင်နိုင် ပြီး ကျွန်တော်တို့နေထိုင်တဲ့ကမ္ဘာ့မြေကိုတွေ့ကြုံခံစားတဲ့ နည်းလမ်းတွေကိုပြောင်းလဲပေးပြီး အမှတ်တရအခိုက်အတန့်တွေကို ဖမ်းယူသိမ်းဆည်းပေးနိုင်တဲ့ ကင်မရာတစ်လုံး ကို စိတ်ကူးထဲမှာပုံဖော်ကြည့်လိုက် ပါ။" ဟု Samsung Myanmar ၏ Head of IT and Mobile ကိုဇာနည်ဝင်းထက်မှပြောသည်။

"အခု Galaxy S9 နှင့် 9+ ရဲ့ တမူထူးခြားတဲ့ လုပ်ဆောင်ချက်တွေကိုမြန်မာနိုင်ငံက ကျွန်တော်တို့တန်ဖိုးထားရတဲ့ သုံးစွဲသူကိုအခုလိုမိတ်ဆက်နိုင်ပြီဖြစ်တဲ့အတွက် အရမ်းဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံမှာ Samsung အနေနဲ့စတင်ဝင်ရောက်တဲ့အချိန်ကစပြီး အရည်အသွေးမြင့်စမတ်ဖုန်းဈေးကွက်ကို လွှမ်းမိုးနိုင်ခဲ့ပါတယ်။ ဒီလို အရည် အသွေးမြင့် စမတ်ဖုန်းဖြစ်တဲ့အလျောက် ကျွန်တော်တို့ရဲ့ Samsung သုံးစွဲသူတွေရဲ့တုံ့ပြန်မှုတွေကိုအမြဲနားထောင်နေပြီး နိုင်ငံအကောင်းဆုံးဝန်ဆောင်မှုတွေ ပေးနိုင်အောင် အစဉ်အမြဲကြိုးစားလျက်ရှိ ပါတယ်။" ဟု ဆက် လက်ပြောကြားခဲ့သည်။

Galaxy S9 နှင့် S9+ ကင်မရာများအားအရည်အသွေးမြင့်ရုပ်ပုံများနှင့် အံ့မခန်းဖွယ်ရာရိုက်ချက်များအား ရိုက်ကူးနိုင်ရန် စွမ်းဆောင်နိုင်ရည်နှင့် မှတ်ဉာဏ်သိမ်းဆည်းမှုများနှင့်အတူ အလွန်လျင်မြန်သော Dual Pixel အာရုံခံစနစ်အပါအဝင် တမူထူးခြားသော လုပ်ဆောင်ချက်များဖြင့်ဖန်တီးပေးထားသော Galaxy S9 နှင့် S9+ ကင်မရာလုပ်ဆောင်ချက်များတွင် Super Slow-mo၊ Low Light ကင်မရာ၊ AR Emoji (လက်တွေ့ဘဝပုံစံကဲ့သို့ စိတ်တိုင်းကျဖန်တီးနိုင်သည့် emo ji) နှင့် Bixdy (Samsung ၏ အဆင့်မြင့်ပလက်ဖောင်း) တို့အားထည့် သွင်းထားသည်။

Galaxy S9 နှင့် S9+ အားမြန်မာနိုင်ငံဈေးကွက်တွင် မတ်လ ၂၃ ရက်၊ စတင်၍ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း Galaxy S9 အား 64GB အရွယ်အစားနှင့်အတူအမည်းရောင်တစ်မျိုးတည်းသာ ရရှိနိုင်မည်ဖြစ်ပြီး ဈေးနှုန်းအနေဖြင့် ၁၀၉၀၀၀၀ ကျပ်ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ Galaxy S9+ အား အမည်းရောင်၊ အပြာရောင်နှင့် အရောင်သစ်ခရမ်းရောင်အစရှိသဖြင့် အရောင်သုံးရောင်နှင့်အတူ မတူညီသည့် သိုလှောင်သိမ်းဆည်းနိုင်မှုပမာဏ နှစ်မျိုးဖြစ်သည့် 128GB အားဈေးနှုန်း ၁၂၇၉၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ 256GB အားဈေးနှုန်း ၁၄၀၀၀၀၀ ကျပ်ဖြင့်လည်းကောင်းကြိုက်နှစ်သက်ရာ အရွယ်အစားအား ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။ Galaxy S9 နှင့် S9+ ဝယ်ယူသုံးစွဲသူများအနေဖြင့် အထူးခံစားခွင့်များပါဝင်သည့် Preminum Care ဝန်ဆောင်မှုအား ရရှိမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

# ၂၀၁၇ခုနှစ်အတွင်း မူပိုင်ခွင့်မှတ်ပုံတင်ခြင်းထိပ်ဆုံးနေရာတွင် Huawei ရပ်တည်

Huawei ကုမ္ပဏီအနေဖြင့် ဥရောပဆိုင်ရာ မူပိုင်ခွင့်ရုံး (EPO) တွင် ၂၀၁၇ခုနှစ်အတွင်းမူပိုင်ခွင့်မှတ်ပုံတင်ခြင်း အများဆုံးလျှောက်ထားခဲ့ပြီးနောက် မူပိုင်ခွင့်မှတ်ပုံတင်ရာတွင် နံပါတ်(၁)နေရာသို့ရောက်ရှိလာသည့် ပထမဆုံးတရုတ်ကုမ္ပဏီဖြစ်သည်။

EPO ၏တစ်နှစ်တာအစီရင်ခံချက်အရ EPO သည် ၁၆၆၀၀၀ နီးပါးသော ဥရောပဆိုင်ရာမူပိုင်ခွင့်လျှောက်လွှာများကို လက်ခံရရှိခဲ့သည်။ ထိုသို့လက်ခံရရှိမှုမှာ ၄%နီးပါးမြင့်တက်ခဲ့ပြီး သက်တမ်းတစ်လျှောက်တွင်အများဆုံးလည်းဖြစ်ကြောင်း Huawei သည်မူပိုင်ခွင့် ၂၃၉၈ ကို EPO ထံတွင်လျှောက်ခဲ့ပြီး ၎င်းမှာ ၂၀၁၇ ၏နံပါတ်(၁)မူပိုင်ခွင့်လျှောက်ထားသူဖြစ်သည်။

"Huawei ကသုတေသနနဲ့တီထွင်မှုလုပ်ငန်းအပေါ်မှာ အထူးအားရုံစိုက်ခဲ့သောကြောင့် မူပိုင်ခွင့်အများကြီးရလာတာကတော့ မထူးဆန်းပါဘူး။ 5G လိုအနာဂတ်ဆက်သွယ်ရေးလုပ်ငန်းတွေမှာ အာရုံထားပါဝင်ဆောင်ရွက်နေတာကြောင့် အနာဂတ်မှာ မူပိုင်ခွင့်မှတ်ပုံတင်တာတွေပိုများလာမှာပါ။ ကျွန်တော်တို့ရဲ့ဉာဏ်ပိုင်ဆိုင်မှုများကို ကာကွယ်ဖို့ မူပိုင်ခွင့်လျှောက်တဲ့ ကိစ္စတွေကို ဆက်လက်လုပ်ဆောင်သွားပါမယ်" ဟု Huawei ၏အကြီးတန်းဒုဥက္ကဋ္ဌနှင့်ဥပဒေအရာရှိချုပ် Dr.song Liu ping ကပြောကြားခဲ့သည်။

ဒီဇင်ဘာလ ၃၁ နေ့ ၂၀၁၇ ခုနှစ်အထိ Huawei သည် ၆၄၀၉၁သော မူပိုင်ခွင့်လျှောက်လွှာများကို တရုတ်နိုင်ငံတွင်လည်းကောင်း၊ ၄၈၇၅၈သော မူပိုင်ခွင့်လျှောက်လွှာများကို တရုတ်နိုင်ငံပြင်ပရှိ နိုင်ငံများတွင်လည်းကောင်းလျှောက်တင်ထားပြီး ၎င်းတို့ထဲမှ ၉၀%ရာခိုင်နှုန်းခန့်ရှိသော ၇၄၃၀၇ မူပိုင်ခွင့်သည်တရားဝင်ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်သည်။

Huawei ၏ ထုတ်ကုန်ပစ္စည်းများတွင်များစွာသော မူပိုင်ခွင့်များပါရှိသည်။ ဥပမာအားဖြင့် Huawei ၏ P 10 စမတ်ဖုန်းတွင် ကြိုးမဲ့နည်းပညာ၊ အပလီကေးရှင်း၊ semicon doctors နှင့် Screen display နည်းပညာများကဲ့သို့သော မူပိုင်ခွင့် လိုအပ်သည့်မြောက်များစွာသော နည်းပညာပါရှိပြီး ကမ္ဘာ့တစ်ဝန်းတွင် ရှိသော Huawei ၏ ဝန်ထမ်း ၁၈၀၀၀၀ အနက်မှ ၈၀၀၀၀ (သို့)၄၀%ခန့် မှာ သုတေသနနှင့် တီထွင်မှုလုပ်ငန်းများလုပ်ကိုင်လျက်ရှိသည်။ နှစ်စဉ် အမြတ်ငွေ၏ ၁၀%ခန့်ကို သုတေသနနှင့် တီထွင်မှုလုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံပြီး နောက်လာမည့်နှစ်များတွင်လည်း အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံမှ ၂၀ ဘီလီယံအထိကို သုတေသနလုပ်ငန်းများတွင် အသုံးပြုသွားမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

ကျော်ကျော်






# 3D ဆစ်ဂနယ် နည်းပညာဖြင့် သွားတိုက်ဆေးအသစ် မိတ်ဆက်

Unilever ၏ ကမ္ဘာ့ထိပ်တန်းအမှတ်တံဆိပ်ဖြစ်သော ဆစ်ဂနယ်မှ 3Dဆစ်ဂနယ်နည်းပညာဖြင့် သွားတိုက်ဆေးအသစ်အား ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်တွင် မိတ်ဆက်ပွဲကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၏ မင်းသမီးခိုင်သင်းကြည်မှလည်း ရှုတင်ကြောင့် အခြားမြို့သို့ရောက်ရှိနေ၍ 3D ဆစ်ဂနယ်နည်းပညာဖြင့် သွားတိုက်ဆေးအသစ်အား ဗီဒီယိုမှတဆင့်မိတ်ဆက်ပေးခဲ့သည်။

ရုပ်ရှင်သရုပ်ဆောင် ခိုင်သင်းကြည်မှ "ဖြူဖွေးတဲ့သွားလေးတွေနဲ့ လန်းဆန်းတဲ့ခံတွင်းရနံ့က မိမိကိုယ်ကိုယုံကြည်မှုရှိစေတဲ့အတွက် မခိုင်လေးလို မင်းသမီးတစ်ယောက်အနေနဲ့ရော လူတိုင်းအတွက်ပါအရမ်းအရေးကြီးပါတယ်။ ယခုဆိုရင်မခိုင်လေးတို့မိသားစုလည်း ပူစီနံရွက်ပါဝင်လို့ ခံတွင်းရနံ့ကိုလန်းဆန်းစေပြီး ကယ်လဆီယမ်နဲ့ ဖလိုရိုက်ဒ်ပါဝင်လို့ သွားလေးတွေကိုဖြူဖွေးစေတဲ့ ဒီ3D ဆစ်ဂနယ်နည်းပညာ သွားတိုက်ဆေးအသစ်ကို ပဲသုံးစွဲနေတဲ့အကြောင်း"ဟုဗီဒီယိုဖိုင်မှတဆင့်ပြောကြားခဲ့သည်။

Unilever EAC ၏ Senior Brand Manager for Orcal Care ဖြစ်သူမဇင်မိုးထက်မှလည်း "ဖြူစင်တဲ့အပြုံး လန်းဆန်းတဲ့ခံတွင်းက လူတိုင်းအတွက်အရေးကြီးပါတယ်။ 3D ဆစ်ဂနယ်နည်းပညာနဲ့ သွားတိုက်ဆေးအသစ်က မိသားစုအားလုံးရဲ့ သွားနဲ့ခံတွင်းကျန်းမာရေးကိုပိုမိုကောင်းမွန်စေမှာပါ။ 3Dဆစ်ဂနယ်နည်းပညာဖြင့် သွားတိုက်ဆေးအသစ်မှာ ဖြူစင်တဲ့အပြုံးလန်းဆန်းတဲ့ခံတွင်းရနံ့ကိုပေးစွမ်းနိုင်တဲ့ ပူစီနံရွက်၊ ကယ်လဆီယမ်နဲ့ဖလိုရိုက်ဒ်တို့အဓိကပါဝင်ပါတယ်" ဟုပြောကြားခဲ့သည်။

ကျော်ကျော်

# နီပေါ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူဦးရေ ၅၀ မျှထိ မြင့်တက်လာ



နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် လေယာဉ်ပျက်ကျမှုအတွင်း သေဆုံးသူ ဦးရေ ၅၀မျှထိမြင့်တက်လာကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ မတ်လ ၁၂ရက် ညနေပိုင်းကခတ္တမန္ဒူမြို့တော်ရှိ ထရစ်ဘ်ဟူဗန်လေဆိပ်တွင် လူ ၇၁ဦးစီးနင်းလိုက်ပါလာသည့် ခရီးသည်တင်လေယာဉ်ဆင်းသက်ရင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေဆိပ်၏ စီမံအုပ်ချုပ်ရေးမန်နေဂျာရက်ဂျက်ကူမာချန်ထရီက လေယာဉ်သည်ဆင်းသက်သည့် လမ်းကြောင်းယူပုံမှားယွင်းပြီး ချဉ်းကပ်လာခဲ့ကြောင်း ဆိုသည်။

"လေယာဉ်ရဲ့ဦးတည်မှုက ပြေးလမ်းနဲ့အသားတကျဖြစ်မနေပါဘူး။လေကြောင်းထိန်းသိမ်းရေးမျှော်စင်ကလေယာဉ်မှူးကိုအဆင်ပြေရဲ့လားလို့ အကြိမ်ကြိမ်လှမ်းမေးတယ်။ အဆင်ပြေတယ်လို့ပဲ ပြန်ဖြေပါတယ်"ဟု ချန်ထရီက ဆိုသည်။

ဘင်္ဂလားဒေ့ရှ်ပိုင် US-Banglaလေကြောင်းလိုင်းမှလေယာဉ်သည် ဒါကာမြို့မှခတ္တမန္ဒူသို့ ဦးတည်ပျံသန်းလာခြင်း ဖြစ်သည်။ လေယာဉ်ပျက်ကျရမှု အကြောင်းရင်းကို တိတိကျကျမသိရသေးဘဲလေယာဉ်၏ ပျံသန်းမှုမှတ်တမ်းဆိုင်ရာ Black Boxများကိုမူရရှိထားပြီ ဖြစ်သည်။

လေယာဉ်ပေါ်တွင် ခရီးသည် ၆၇ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအမှုထမ်း ၄ဦးတို့လိုက်ပါခဲ့ကြသည်။ လေယာဉ်သည် မြေပြင်နှင့်ဆောင့်ရိုက်သကဲ့သို့ဖြစ်သွားပြီး ကျေမွပျက်စီးကာ အစိတ်အပိုင်းအချို့လည်း မီးလောင်ကျွမ်းခဲ့သည်။

အခင်းဖြစ်ရာနေရာ၌ အလောင်း ၄၀ကို ရှာတွေ့ခဲ့ပြီး အခြားသူများမှာ ဆေးရုံတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။ သေမှုသေခင်းစစ်ဆေးမှုများကို ခတ္တမန္ဒူရှိတီချင်းဆေးရုံမှ ရင်ခွဲရုံတွင် ပြုလုပ်သွားမည်ဟု ရဲများကဆိုသည်။

နီပေါအစိုးရက လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ထိရောက်စွာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် မှာကြားထားသည်။ ဝန်ကြီးချုပ်ရုံးက အစိုးရ၏ဌာနဆိုင်ရာကျွမ်းကျင်သူများ ပါဝင်သည့်အဖွဲ့တစ်ခုကို စုံစမ်းရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရန် စေလွှတ်သွားမည်ဟု ထုတ်ပြန်ထားကြောင်းလည်း သိရှိရသည်။

လရောင်

Ref: Time

# မြောက်ကိုရီးယားနှင့် ဆွေးနွေးမှုမှ ကမ္ဘာအတွက် အကောင်းဆုံးသဘောတူညီမှု ဆောင်ကြဉ်းလာနိုင်မည်ဟု ဒေါ်နယ်ထရန့်ပြောကြား



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်တွေ့ဆုံမှုသည် ကျရှုံးနိုင်မည် (သို့မဟုတ်)ကမ္ဘာအတွက်အကောင်းဆုံးသဘောတူညီမှု ဆောင်ကြဉ်းလာနိုင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်ကပြောသည်။ စနေနေ့က ပန်ဆယ်ဗေးနီးယားပြည်နယ်တွင် နိုင်ငံရေးဆိုင်ရာစုဝေးမှုတစ်ခု၌ ဒေါ်နယ်ထရန့်ကမြောက်ကိုရီးယားအစိုးရအနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်လိုသည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

သို့သော် ပြုံယမ်းအစိုးရသည် နျူကလက်နက်စွန့်လွှတ်ရေးတိုးတက်မှုမရှိနိုင်ပါက မိမိအနေဖြင့် ကင်ဂျုံအန်နှင့်ဆွေးနွေးဝိုင်းမှ အလျင်အမြန်နတ်ထွက်ဖွယ်ရှိကြောင်း ဒေါ်နယ်ထရန့်က ပြောကြားသည်။

"ဘာတွေဖြစ်လာမယ်ဆိုတာ ဘယ်သူသိနိုင်မှာလဲ။ ကင်ဂျုံအန်နဲ့ ဆွေးနွေးပွဲစကားဝိုင်းကနေ ကျွန်တော်ထွက်လာနိုင်တယ်။ ဒါမှမဟုတ်ရင်တော့ ကျွန်တော်တို့အတူဆွေးနွေးပြီး ကမ္ဘာအတွက်အကောင်းဆုံးသဘောတူညီမှု ပြုလုပ်နိုင်လိမ့်မယ်"ဟု ၎င်းကပြောသည်။

ကင်ဂျုံအန်နှင့် ဒေါ်နယ်ထရန့်တို့ တွေ့ဆုံမှုအတွက် တိကျသော ရက်စွဲ၊ တည်နေရာများ မညှိနှိုင်းရသေးသော်လည်း မေလကုန်တွင် တွေ့ဆုံနိုင်သည်။

အမေရိကန်သမိုင်းတွင် မည်သည့်ကန်သမ္မတတစ်ဦးမျှ မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံခြင်းမရှိခဲ့ရာ ကင်ဂျုံအန်၏ ဖိတ်ခေါ်မှုကို လက်ခံရန် ဒေါ်နယ်ထရန့်၏ ဆုံးဖြတ်ချက်ကြောင်း အံ့အားသင့်ခဲ့ရသည်။

ယခုသီတင်းပတ်အစောပိုင်းက ကင်ဂျုံအန်နှင့်တွေ့ဆုံခဲ့သည့် တောင်ကိုရီးယားအထူးကိုယ်စားလှယ်အဖွဲ့သည် ဆွေးနွေးပွဲရလဒ်များကိုတင်ပြရန် ဝါရှင်တန်သို့ရောက်ရှိလာပြီးနောက် အဆိုပါခေါင်းဆောင်နှစ်ဦး တွေ့ဆုံမည့်အကြောင်း ကြေညာခြင်းဖြစ်သည်။

မြောက်ကိုရီးယားအနေဖြင့် နျူကလက်နက်စွန့်လွှတ်ရေး သဘောမတူပါက ပြုံယမ်းအစိုးရနှင့် တွေ့ဆုံမှုသည် မဖြစ်နိုင်ကြောင်း အမေရိကန်အစိုးရက ယခင်ကပြောကြား ထားသည်။

သို့သော်ယခုအခါ မြောက်ကိုရီးယားသည်နျူကလက်နက်စမ်းသပ်မှုကိုရပ်တန့်ရန် သဘောတူညီပြီးနောက်ကင်ဂျုံအန်၏ ဖိတ်ခေါ်မှုကို ဒေါ်နယ်ထရန့်က လက်ခံခြင်းဖြစ်သည်။

လရောင်

Ref: BBC

# အလွန်အစွမ်းထက်သည့် ဝေဟင်ပစ်ဒုံးကျည်တစ်စင်း အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ဟု ရုရှားကြေညာ



တားဆီးဟန့်တားရန် မဖြစ်နိုင်လောက်အောင် အစွမ်းထက်ပြီး ဟိုက်ပါဆောနစ်မြန်နှုန်းဖြင့် ပျံသန်းနိုင်သည့် ဝေဟင်ပစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာစမ်းသပ်ခဲ့ကြောင်း ရုရှားလေတပ်က ကြေညာခဲ့သည်။ Kinzhalဟု အမည်ပေးထားသည့် အဆိုပါဒုံးကျည်စနစ်ကို MiG-31တိုက်လေယာဉ်တစ်စီးက မတ်လ ၁၁ရက်တွင် လက်တွေ့စမ်းသပ်ခဲ့ခြင်းဟု ရုရှားသတင်းဌာန Tassuလေတပ်၏ အဆိုကိုကိုးကား၍ ဖော်ပြခဲ့သည်။

ရုရှားသမ္မတဗလာဒီမာပူတင်က ရုရှားစစ်တပ်တွင် ကမ္ဘာပေါ်ရှိ ဒုံးခွင်းဒုံးစနစ်အားလုံးကို ဖြတ်ကျော်နိုင်လောက်အောင် အစွမ်းထက်သည့် ဟိုက်ပါဆောနစ်ဒုံးကျည်များ ပိုင်ဆိုင်နေပြီဟု မကြာသေးမီက ကြွေးကြော်ခဲ့ပြီးKinzhalသည် ယင်းတို့အနက် တစ်ခုလည်း ဖြစ်ဖွယ်ရှိသည်။

"စွမ်းဆောင်ရည်မြင့်လေကြောင်းပစ်ဒုံးကျည်စနစ် Kinzhalကို သတ်မှတ်ဧရိယာတစ်ခုမှာ စမ်းသပ်ခဲ့ပါတယ်။ ပစ်လွှတ်မှုအဆင့်အားလုံး ပုံမှန်အတိုင်းချောချောမွေ့မွေ့ပြီးမြောက်ခဲ့သလို ဟိုက်ပါဆောနစ်မြန်နှုန်းနဲ့ ပျံသန်းတဲ့ဒုံးကျည်ဟာ ပစ်မှတ်တုကိုတည့်တည့်မတ်မတ် ထိမှန်ဖျက်ဆီးနိုင်ခဲ့ပါတယ်"ဟု ကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးက Tassသို့ပြောကြားခဲ့သည်။

Kinzhalသည် ရန်သူ၏လေကြောင်းကာကွယ်ရေးဇုန်ထဲ ဝင်ရောက်မှုမရှိပါက ခရီးတာမိုင်ပေါင်း ၁၂၀၀မျှမရပ်မနားပျံသန်းနိုင်သည်ဟုဆိုသည်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဂျက်လေယာဉ်ပေါ်တွင် ကြီးမားသည့်ဒုံးကျည်တစ်စင်းတပ်ဆင်ထားပြီးဝေဟင်၌ ပစ်လွှတ်လိုက်ပုံဗီဒီယိုဖြတ်ပိုင်းတို့ကို Twitterပေါ်လွှင့်တင်ပြသထားခဲ့သည်။

ရုရှားလေတပ်၏ အဆိုအရယခုလက်တွေ့စမ်းသပ်မှုမတိုင်မီတွင် အဆိုပါဒုံးကျည်စနစ်ကို ကွန်ပျူတာအခြေပြုပုံရိပ်ယောင်စမ်းသပ်မှု အကြိမ်ပေါင်းရာနှင့်ချီပြုလုပ်၍ အချက်အလက်များ စုဆောင်းရယူခဲ့ကြောင်းလည်း သိရှိရသည်။

လရောင်

Ref: Tass

# ကန်ဒေါ်လာ ၁၆ဘီလီယံတန် သဘောတူစာချုပ်များအိန္ဒိယတွင် ပြင်သစ်လက်မှတ်ရေးထိုး



ပြင်သစ်သမ္မတမက်ကရွန်၏ အိန္ဒိယခရီးစဉ် ပထမဆုံးနေ့ဖြစ်သော မတ်လ ၁၀ရက်က ပြင်သစ်နှင့် အိန္ဒိယကုမ္ပဏီများသည် ကန်ဒေါ်လာ ၁၆ ဘီလီယံတန်ဖိုးရှိ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခဲ့ကြောင်းပြင်သစ်သမ္မတရုံးက ထုတ်ပြန်ချက်တစ်စောင်တွင် ပြောသည်။ သဘောတူစာချုပ်များတွင် ပြင်သစ်ဆာဖရန်ကုမ္ပဏီက အိန္ဒိယလေကြောင်းလိုင်း Spice Jetသို့ အင်ဂျင်များထောက်ပံ့ခြင်း၊ အိန္ဒိယနိုင်ငံတောင်ပိုင်း ဒါဗန်ဂီရီမြို့တွင် ပြင်သစ်ဆူးအက်ကုမ္ပဏီက ရေပေးဝေရေးစနစ်ခေတ်မီအောင် ပြုလုပ်ပေးခြင်း၊ Air Liquide သဘာဝဓာတ်ငွေ့ကုမ္ပဏီနှင့် Sterlite ကုမ္ပဏီကြား စာချုပ်တစ်ခုတို့ ပါဝင်သည်။

နယူးဒေလီ၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည့် မက်ကရွန်နှင့် အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီတို့သည် ကာကွယ်ရေးနှင့် လုံခြုံရေးကနင့်စပ်လျဉ်း၍ ၎င်းတို့၏ လက်တွဲချိတ်ဆက်မှု ပိုမိုခိုင်မာအောင် လုပ်ဆောင်ရေး ကတိကဝတ်ပြုခဲ့သည်။

"သဘာဝပတ်ဝန်းကျင်ပဲဖြစ်ဖြစ်၊ ရေကြောင်းဆိုင်ရာလုံခြုံရေးနဲ့ အရင်းအမြစ်တွေပဲဖြစ်ဖြစ် (ဒါမှမဟုတ်) ရေကြောင်းနဲ့ လေကြောင်းလွတ်လပ်စွာသွားလာခွင့်ပဲဖြစ်ဖြစ် ဒီမျက်နှာစာအကုန်လုံးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအောင်လုပ်ဆောင်မယ်လို့ ကတိပြုခဲ့ပါတယ်။

ပြင်သစ်ကို ကျွန်တော်တို့ရဲ့ကာကွယ်ရေး မဟာမိတ်တွေထဲမှာ ယုံကြည်အားအထားရဆုံးသူတွေထဲမှာ တစ်ဦးအဖြစ်ထည့်သွင်းယူဆပါတယ်"ဟု မိုဒီက ပြောသည်။

ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ အိန္ဒိယ၌ ထုတ်လုပ်ရန်နှင့် ဒေသန္တရဆိုင်ရာကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးမိုဒီ၏ 'Make in India' အစီအစဉ်ကို ပံ့ပိုးကူညီရန် ပြင်သစ်၏ ကတိကဝတ်ပြုမှုကိုလည်းမိုဒီက ကြိုဆိုခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် အကြမ်းဖက်ဝါဒကို အတူတကွတိုက်ဖျက်ရေး ပိုမိုလုပ်ဆောင်ရန်နှင့် ထောက်လှမ်းရေးသတင်းများ မျှဝေရေးမဟာဗျူဟာတစ်ခုကို အတူတကွချမှတ်ခဲ့ကြောင်း မက်ကရွန်က ပြောသည်။

အိန္ဒိယနိုင်ငံတွင် ယူရိသန်း ၂၀၀ခန့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတရုံးက ပြောကြားပြီးအသေးစိတ်ကို ဖော်ပြခြင်းမရှိပေ။

လရောင်
Ref: Reuters

## တောင်ကိုရီးယားသမ္မတဟောင်း လီမြောင်ဘတ် အဂတိလိုက်စားမှုဖြင့် စစ်ဆေးခံရ

အကျင့်ပျက်ခြစားမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုအတွင်း တောင်ကိုရီးယားသမ္မတဟောင်း လီမြောင်ဘတ်သည် မတ်လ ၁၄ရက်က အစိုးရရှေ့နေများထံ စစ်ဆေးမေးမြန်းမှုခံယူခဲ့ပြီး ယင်းအငြင်းပွားမှုအတွက် တောင်းပန်ခဲ့သည်။ ဒေါ်လာသန်းပေါင်းများစွာပါဝင်သော လာဘ်ပေးလာဘ်ယူမှုများစွာကို အစိုးရရှေ့နေများက စုံစမ်းစစ်ဆေးနေစဉ် လီမြောင်ဘတ် (၇၆)နှစ်၏ ဆွေမျိုးများနှင့် အရာရှိများပါဝင်ပတ်သက်နေသော ၎င်း၏ ၂၀၀၈-၁၃သမ္မတသက်တမ်းကာလကဖြစ်ပွားခဲ့သည့် အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များသည်မကြာမီ သတင်းပတ်အတွင်း ပိုမိုများလာသည်။

မစ္စတာလီကို စုံစမ်းစစ်ဆေးခြင်းက တောင်ကိုရီးယား၏ သက်ရှိသမ္မတဟောင်းလေးဦးစလုံးသည် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများအတွင်းပြစ်မှုထင်ရှားသည့်၊ စွဲချက်တင်ခံရသည့် (သို့မဟုတ်)ပါဝင်ပတ်သက်သည့်သဘောဖြစ်သည်။

ပြည်သူများကို စိတ်ပူမိစေခဲ့၍ များစွာစိတ်မကောင်းဖြစ်မိကြောင်း လီက သတင်းထောက်များအား ပြောကြားသည်။

ရှေ့နေနှင့်အတူရောက်လာသည့် လီအား အစိုးရရှေ့နေတစ်ဦးက လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံပြီးနောက် ၎င်း၏နေရာကို ဆက်ခံသူရာထူးမှ ထုတ်ပယ်ခံရသူ သမ္မတဟောင်းပတ်ဂွန်ဟေးကို စစ်ဆေးသည့် အခန်းနံပါတ် (၁၀၀၁)၌ မေးမြန်းစစ်ဆေးခဲ့သည်။

၎င်းကို အစိုးရရှေ့နေသုံးဦးက စစ်ဆေးခဲ့ပြီး ဗီဒီယိုမှတ်တမ်းတင်ထားသော ယင်းစစ်ဆေးမှုသည် နာရီ ၂၀ခန့်ကြာမည်ဟု မျှော်လင့်ကြောင်း Yonhap သတင်းဌာနက ဖော်ပြသည်။

အစိုးရရှေ့နေများက ဥပဒေချိုးဖောက်သည်ဆိုသောဖြစ်ရပ် ၂၀ခန့်အတွက် စာမျက်နှာ ၁၂၀ခန့်ရှိသော မေးခွန်းများကို ကြိုတင်ပြင်ဆင်ခဲ့သည်။

မိမိတို့အနေဖြင့် သမ္မတဟောင်းကို ဂုဏ်သိက္ခာရှိရှိ ဆက်ဆံမည်ဖြစ်ကာ ပွင့်လင်းမြင်သာသော စုံစမ်းစစ်ဆေးမှုပြုလုပ်မည်ဟု အစိုးရရှေ့နေတစ်ဦးက သတင်းထောက်များအား ပြောကြားသည်။

၎င်းကို ဖမ်းဝရမ်းထုတ်ရန် အစိုးရရှေ့နေများက တရားရုံးထံတင်ပြမည်ဟု မျှော်လင့်ရသည်။

လရောင် - Ref: AFP



## မွတ်စလင်ဆန့်ကျင်ရေး အဓိကရုဏ်းများကို သီရိလင်္ကာစစ်ဆေးမည် နေဝင်မီးငြိမ်းအမိန့်ရုပ်သိမ်း

အာဏာပိုင်များက နိုင်ငံတစ်ဝန်းအရေးပေါ် အခြေအနေကြေညာရန် ဆုံးဖြတ်ခဲ့ရသည့် သီရိလင်္ကာနိုင်ငံအလယ်ပိုင်းတွင် ပျံ့နှံ့ခဲ့သော မွတ်စလင်ဆန့်ကျင်ရေး အဓိကရုဏ်းများကိုစုံစမ်းစစ်ဆေးမည်ဟု သမ္မတဆီရီဆီနာက မတ်လ ၁၀ရက်က ကြေညာသည်။ တောင်တန်းအပန်းဖြေဒေသကန်ဒီတွင် တရားဥပဒေစိုးမိုးမှုချိုးဖောက်ခဲ့သောဖြစ်ရပ်ကို အငြိမ်းစားတရားသူကြီးသုံးဦးပါဝင်သော အဖွဲ့ကစစ်ဆေးမည်ဟု ဆီရီဆီနာ၏ ရုံးကြေညာချက်တွင် ဖော်ပြထားသည်။

အဆုံးသတ်ခဲ့သည့် လေးရက်ကြာ အဓိကရုဏ်းများအတွင်း လူသုံးဦးသေဆုံးကာ ၂၀ဦးဒဏ်ရာရခဲ့ပြီး မွတ်စလင်များ ပိုင်ဆိုင်သည့်လုပ်ငန်းများနှင့် အိမ် ၂၀၀ကျော် ပျက်စီးခဲ့သည်။ စစ်တပ်အင်အားအလုံးအရင်းသုံးပြီးမှ ယင်းအခြေအနေကို ထိန်းချုပ်နိုင်ခြင်းဖြစ်သည်။

မြို့တော်ကိုလံဘို အရှေ့ဘက် ၁၁၅ကီလိုမီတာအကွာရှိယင်းဒေသတွင် ထုတ်ပြန်သော နေဝင်မီးငြိမ်းအမိန့်ကို စနေနေ့အရုဏ်တက်ချိန်က ရုပ်သိမ်းခဲ့သော်လည်း စစ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်နေဆဲဖြစ်သည်။ သို့သော် တစ်စုံတစ်ရာဖြစ်ပွားခြင်းမရှိဘဲ ဝတ်ပြုမှုများပြီးဆုံးခဲ့ကြောင်း အရာရှိများက ပြောသည်။

သောကြာနေ့က ဗုဒ္ဓဘာသာဘုန်းကြီးများနှင့်တက်ကြွလှုပ်ရှားသူရာနှင့်ချီ၍ ဆန္ဒပြခဲ့ပြီး မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများကိုရှုတ်ချကာကျူးလွန်သူများကို ပြင်းထန်စွာ အရေးယူရေးအာဏာပိုင်များအားတိုက်တွန်းခဲ့သည်။ ယင်းမငြိမ်မသက်မှုနှင့်ပတ်သက်၍ အဓိကလှုံ့ဆော်သူအပါအဝင် လူ ၁၅၀ခန့်ကို ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ လရောင်—Ref: AFP

# နျူကလီးယား ဖျက်သိမ်းရေး ခိုင်မာတိကျစွာ ဆောင်ရွက်ပြရန် မြောက်ကိုရီးယားကို ဂျပန်တောင်းဆို

နျူကလီးယားဖျက်သိမ်းရေးနှင့်ပတ်သက်၍ ခိုင်မာတိကျသည့်ဆောင်ရွက်မှုမျိုးပြသရန် မြောက်ကိုရီးယားကို ဂျပန်အစိုးရက တိုက်တွန်းလိုက်သည်။



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မြောက်ကိုရီးယားအနေဖြင့် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက်ကင်းစင်ရေး ဆွေးနွေးညှိနှိုင်းရန်လိုလားမှုပြသလာသည့်အပေါ် ကြိုဆိုကြောင်း မတ်လ ၁၃ရက်တွင် ပြောကြားခဲ့သည်။

အာဘေးသည်တိုကျိုတွင် တောင်ကိုရီးယားထောက်လှမ်းရေးဌာန အကြီးအကဲဖြစ်သူနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအန်းသည် နျူကလီးယားလက်နက်ဖျက်သိမ်းရေးကိစ္စနှင့် ပတ်သက်၍ မျက်နှာချင်းဆိုင် ဆွေးနွေးရန် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်ကို ကမ်းလှမ်းခဲ့ပြီး ထရမ့်ကလည်း လက်ခံထားသည်။

တောင်ကိုရီးယားသည် ထရမ့်နှင့်ကင်မ်တို့ တွေ့ဆုံရေးကိစ္စ ဖြစ်မြောက်စေရန် အစွမ်းကုန်ပံ့ပိုးတိုက်တွန်းနေပြီး တရုတ်နှင့် ဂျပန်အစိုးရများထံသို့လည်း ကိုယ်စားလှယ်များစေလွှတ်ကာ ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

တောင်ကိုရီးယား အစိုးရကကင်မ်နှင့်ထရမ့်တို့ တွေ့ဆုံမှုသည်မေလတွင် အထမြောက်လာဖွယ်ရှိနေကြောင်း မှတ်ချက်ပေးထားသည်။ အိမ်ဖြူတော်ကမူ တွေ့ဆုံမှုမဖြစ်မြောက်မီတွင် မြောက်ကိုရီးယားဘက်က နျူကလီးယားဖျက်သိမ်းရေးကိုအမှန်တကယ်လိုလားကြောင်း ထင်ရှားမြင်သာသည့်လုပ်ဆောင်မှုများပြသရန် လိုအပ်မည်ဟု သတိပေးပြောဆိုထားသည်။

လရောင်
Ref: ABC

# မြောက်ကိုရီးယား နျူကလီးယားစက်ရုံများကို စုံစမ်းစစ်ဆေးရန် ဂျပန်က ပေါင်နှစ်သန်းပေးမည်

ပြုံယမ်းအစိုးရက ၎င်းတို့၏ အဏုမြူလက်နက်တိုက်ကိုစွန့်လွှတ်မည်ဆိုသော ကတိအတိုင်းဆောင်ရွက်ခဲ့ပါက မြောက်ကိုရီးယား၏ နျူကလီးယားစက်ရုံများကို နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)က စုံစမ်းစစ်ဆေးရေးဂျပန်က ယန်းသန်း ၃၀၀ (ပေါင် ၂ဒသမ ၃သန်း) ပေးမည်ဖြစ်သည်။ မြောက်ကိုရီးယား၏ နျူကလီးယားစက်ရုံများကို ကနဦးစစ်ဆေးမည့် ကုန်ကျစရိတ်သည်ပေါင် ၂ဒသမ ၄သန်းနှင့် ပေါင် ၂ဒသမ ၇သန်းကြားကုန်ကျနိုင်ပြီး စနေနေ့ကရန်ပုံငွေပေးမည်ဟု ကြေညာခဲ့သော တိုကျိုအစိုးရက ကိုရီးယားကျွန်းဆွယ်ပေါ်၌ နျူကလီးယားလက်နက်ကင်းစင်ရေး မကြာမီက မြင်တွေ့ခဲ့ရသောအရှိန်အဟုန်ရပ်တန့်မသွားစေရန် သေချာအောင်ကြိုးပမ်းမှုဖြစ်ပုံပေါ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကမြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ဆွေးနွေးရန်သဘောတူခဲ့ပြီးနောက်ဂျပန်အနေဖြင့် ၎င်းတို့ဘေးထုတ်ခံ ထားရခြင်းကြောင့်လည်း ယခုကဲ့သို့ အကူအညီကမ်းလှမ်းပြီး ဝင်ပါလိုသော သဘောဖြစ်သည်။

တောင်ကိုရီးယား ထောက်လှမ်းရေးအကြီးအကဲဆူဟွန်သည် တနင်္လာနေ့တွင် တိုကျိုသို့လာရောက်ကာဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုအားမြောက်ကိုရီးယားအရေးနောက်ဆုံးအခြေအနေနှင့် မစ္စတာကင်၏ နျူကလီးယားလက်နက်များ စွန့်လွှတ်မည်ဆိုသောပြောဆိုမှုနှင့်ပတ်သက်၍ ရှင်းပြမည်ဖြစ်သည်။

မြောက်ကိုရီးယားရှိ ယူရေနီယံများသန့်စင်ထုတ်လုပ်နေသော ယောင်ဗြွမ်းစက်ရုံအပါအဝင် နျူကလီးယားစက်ရုံများကို စစ်ဆေးရေးဂျပန်နိုင်ငံခြားရေးဝန်ကြီးက ယင်းတွေ့ဆုံမှုတွင် ထပ်မံကမ်းလှမ်းမည်ဖြစ်ပြီး ဂျပန်က ယခုထက်ပို၍ အကူအညီတိုးပေးလိုသည်။

မကြာမီကရရှိသော ဂြိုဟ်တုပုံရိပ်များအရ ယောင်ဗြွမ်းစက်ရုံသည် ပြန်လည်လည်ပတ်နေသည်။

၂၀၀၈အောက်တိုဘာက IAEAစုံစမ်းစစ်ဆေးရေးမှူးများ မြောက်ကိုရီးယားမှ နှင်ထုတ်ခံခဲ့ရပြီး မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်များ စွန့်လွှတ်ရေးခြောက်ပွင့်ဆိုင်ဆွေးနွေးမှု မအောင်မြင်ဘဲမြောက်ကိုရီးယားက ၎င်းတို့၏ နျူကလီးယားလက်နက်စီမံကိန်း ပြန်စမည်ဟု ကြေညာခဲ့သည်။

ယင်းနောက်ပိုင်း မြောက်ကိုရီးယားက နျူကလီးယားလက်နက်စမ်းသပ်မှု ငါးကြိမ်ပြုလုပ်ခဲ့ပြီး ကုလသမဂ္ဂတားဆီးပိတ်ဆို့မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

လရောင်

Ref: Telegraph



# အရှေ့ဂူတားသို့ ထောက်ပံ့ရေးယာဉ်တန်း ဒုတိယအကြိမ်ဝင်ရောက်

ပင်လယ်သို့ ဝင်ထွက်သွားလာခွင့် အချုပ်အခြာ ပြန်လည်ရရှိရေးကုန်းတွင်းပိတ် ၎င်းတို့နိုင်ငံ၏ ကြိုးပမ်းမှုများကို ထောက်ခံကြောင်းပြသသည့်အနေဖြင့် ဘိုလစ်ဗီးယားပြည်သူများသည် မတ်လ ၁၀ရက်က ၁၂၄မိုင်ခန့်ရှည်လျားသော အပြာရောင်အလံကို အဝေးပြေးလမ်းမတစ်လျှောက်ဖြန့်ခင်းခဲ့သည်။ 'ရေကြောင်းဆိုင်ရာသွားလာခွင့် အထင်အရှားရှိကြောင်း ပြန်လည်သက်သေပြသည့် အလံ' ဟုခေါ်တွင်သောယင်းအလံကိုထောင်နှင့်ချီသော ဘိုလစ်ဗီးယားနိုင်ငံသားများက ကိုင်ဆောင်ခဲ့ပြီး ယင်းအလံသည်လာပက်ဖ်မြို့ဆင်ခြေဖုံးရှိ အပါချီတာမြို့မှ အော်ယူရိုမြို့ကြား အင်ဒီးစ်တောင်တန်းဒေသ အဝေးပြေးလမ်းမတစ်လျှောက်ရှည်လျားသော ဖဲကြိုးတစ်ချောင်းဖြန့်ချထားသည်နှင့်ဆင်တူသည်။

ယင်းကဲ့သို့ မျိုးချစ်စိတ်ဓာတ်ပြသခြင်းသည် ချီလီပစိဖိတ်ကမ်းရိုးတန်းသို့ ဝင်ထွက်သွားလာခွင့် အချုပ်အခြာအခိုင်အမာတောင်းဆိုမှုနှင့်ပတ်သက်၍ နိုင်ငံတကာတရားမျှတမှုတရားရုံး (ICJ)၌ လျှောက်လဲချက်မပေးမီဘိုလစ်ဗီးယားဥပဒေအဖွဲ့ကို ကောင်းချီးပြဘာပေးရန်ရည်ရွယ်သည်။

ဘိုလစ်ဗီးယားသည် ချီလီနိုင်ငံနှင့် ၁၉ရာစုနှောင်းပိုင်းကဖြစ်ပွားခဲ့သောစစ်ပွဲတွင် ပစိဖိတ်သမုဒ္ဒရာထဲသို့ ဝင်ထွက်သွားလာခွင့်ဆုံးရှုံးခဲ့သော်လည်း ရေတပ်ကိုဆက်လက်ထားရှိပြီး သဘာဝဓာတ်ငွေ့နှင့် တွင်းထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရေးတိုးမြှင့်ရန် ပင်လယ်သွားစကြံလမ်းတစ်ခုကို အလိုရှိနေသည်။

"ကျွန်တော်တို့ရဲ့ အရေးရာက တရားမျှတပြီး ကျိုးကြောင်းညီညွတ်တယ်၊ ခိုင်လုံတယ်ဆိုတာကို ICJနဲ့ဒီကမ္ဘာမှာရှိတဲ့ လူသားတိုင်းကို ပြသသွားမှာပါ"ဟု အလံကို ရဟတ်ယာဉ်ဖြင့် ပျံသန်းကြည့်ရှုခဲ့ပြီးနောက် ဘိုလစ်ဗီးယားသမ္မတအီဗိုမိုရေးစ်က ပြောသည်။

ဘိုလစ်ဗီးယားနှင့် ချီလီသည် ICJရှေ့မှောက်၌ကိုးရက်ကြာလျှောက်လဲချေပပြောဆိုမှုများကို မတ်လ ၁၉ရက်တွင် စတင်မည်ဖြစ်သည်။

လရောင် - Ref: Reuters




# ကုန်သွယ်ရေးစစ်ပွဲက ကမ္ဘာ့စီးပွားရေးအတွက် ဆိုးကျိုးသာပေးမည်ဟု တရုတ်ပြောကြား

သံမဏိနှင့် အလူမီနီယံသွင်းကုန်အပေါ် အမေရိကန်ဘက်မှ အခွန်ကောက်ခံမှုကို တရုတ်ကဝေဖန်ဆန့်ကျင်မှုအရှိန်မြှင့်တင်စဉ် အမေရိကန်နှင့် ကုန်သွယ်ရေးစစ်ပွဲဟူသမျှသည် ကမ္ဘာ့စီးပွားရေးအတွက် ဆိုးကျိုးသာဆောင်ကြဉ်းပေးမည်ဟု တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဇောင်ရှန်းက မတ်လ ၁၁ရက်တွင် ပြောသည်၊ မဟာမိတ်များ၏ ဖိအားပေးခြင်းခံရပြီးနောက် အမေရိကန်သည် ပြီးခဲ့သည့် သီတင်းပတ်က သမ္မတဒေါ်နယ်ထရမ့်အတည်ပြုလက်မှတ်ရေးထိုးခဲ့သော သံမဏိသွင်းကုန်အပေါ် အခွန် ၂၅ရာခိုင်နှုန်း၊ အလူမီနီယံသွင်းကုန်အပေါ် အခွန် ၁၀ရာခိုင်နှုန်းကောက်ခံခြင်းမှ မဟာမိတ်များကိုကင်းလွတ်ခွင့်ပေးရန် လမ်းဖွင့်နေသည်။

မတ်လ ၁၀ရက်က ဥရောပသမဂ္ဂနှင့်ဂျပန်ကသတ္တုသွင်းကုန်များအပေါ် အခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပေးရန် အမေရိကန်ကို တောင်းဆိုခဲ့သည်။

သို့သော် ထရန့်၏ အဓိကပစ်မှတ်သည် သံမဏိများကိုဈေးနှုန်းချိုသာစွာဖြင့် ပေါပေါလောလောထုတ်လုပ်ပြီး ကမ္ဘာ့သံမဏိဈေးကွက်တွင် ပစ္စည်းများပိုလျှံစေသောတရုတ်နိုင်ငံဖြစ်သည်။

အမေရိကန်ကုန်သွယ်ရေး အရေးယူမှုများပစ်မှတ်ထားခြင်းခံရပါက ၎င်းတို့၏ တရားဝင်အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်မည်ဟု တရုတ်ကအစဉ်တစိုက်ကြွေးကြော်ထားသည်။

တရုတ်အနေဖြင့် ကုန်သွယ်ရေးစစ်ပွဲကို အလိုမရှိကြောင်းနှင့် ကုန်သွယ်ရေးစစ်ပွဲကို စတင်ဖန်တီးသူဖြစ်မည်မဟုတ်ကြောင်း နှစ်စဉ်ကျင်းပမြဲပါလီမန်အစည်းအဝေးပြင်ပတွင် ဇောင်ရှန်းက ပြောသည်။

"ကုန်သွယ်ရေးစစ်ပွဲမှာ အနိုင်ရတဲ့သူဘယ်သူမှမရှိပါဘူး။ ဒါကတရုတ်၊ အမေရိကန်နဲ့ ကမ္ဘာကြီးအဖို့ဆိုးကျိုးကိုသာ ဆောင်ကြဉ်းလာပါလိမ့်မယ်"ဟု ဇောင်ရှန်းက ပြောကြားပြီး တရုတ်အနေဖြင့် စိန်ခေါ်မှုမှန်သမျှကို ကိုင်တွယ်ဖြေရှင်းနိုင်ကြောင်း၊ အကျိုးစီးပွားများကို ပြတ်ပြတ်သားသား ကာကွယ်မည်ဖြစ်ကြောင်း၊ သို့သော် နှစ်နိုင်ငံအနေဖြင့် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ဆိုသည်။

လရောင် Ref: Reuters



# အာဖဂန်နစ္စတန်တွင် တာလီဘန်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် စစ်သား ၂၄ဦးထက်မနည်းသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ဘက်ဖာရာပြည်နယ်တွင် စနေနေ့က တာလီဘန်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် လုံခြုံရေးစစ်သား ၂၄ဦးထက်မနည်းသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ဘာလာဘူလတ်ခ်ခရိုင်တွင် စစ်ဆင်ရေးတစ်ခုအတွက် ပြင်ဆင်စုရုံးနေသည့် စစ်သားများကို တာလီဘန်စစ်သွေးကြွများက တိုက်ခိုက်ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုကြောင့် ထိုစစ်သားများနှင့် တာလီဘန်စစ်သွေးကြွများအကြားပြင်းထန်သော တိုက်ပွဲငယ်တစ်ခု ထပ်မံဖြစ်ပွားခဲ့သည်။

ထိုစစ်သွေးကြွများက နိုင်ငံ၏လုံခြုံရေးတပ်ဖွဲ့ဝင်များကို မကြာခဏတိုက်ခိုက်မှုများကြောင့် မကြာသေးမီလများအတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌တိုက်ခိုက်မှုများ တရစပ်ဖြစ်ပွားခဲ့သည်။

အီရန်နိုင်ငံနှင့် နယ်စပ်ဖြစ်သော ဖာရာပြည်နယ်သည် အာဖဂန်နစ္စတန်အနောက်ပိုင်းဒေသ၏ အဓိကဘိန်းစိုက်ပျိုးရာဒေသဖြစ်သည်။ ဖာရာပြည်နယ်တွင် စစ်အခြေစိုက်စခန်းတစ်ခုကို တာလီဘန်များက အလားတူတိုက်ခိုက်ခဲ့ပြီး သီတင်းနှစ်ပတ်အကြာတွင် ဘာလာဘူလတ်ခရိုင်၌ စနေနေ့ကလုံခြုံရေးစစ်သားများ တိုက်ခိုက်ခံရခြင်းဖြစ်သည်။

ဒေသခံပြည်နယ်ကောင်စီ အကြီးအကဲဖာရတ်ဘာခ်တာဝါကကနဦးတွင် စစ်သားများ တိုက်ခိုက်ခံပြီးနောက် အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့က လေကြောင်းတိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၂၅ဦးခန့်သေဆုံးခဲ့သည်။

တာလီဘန်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မတ်လ ၁၀ရက်တွင် ၎င်းတို့၏တိုက်ခိုက်မှုအတွင်း အာဖဂန်နစ္စတန်စစ်သား ၅၃ဦးသေဆုံး(သို့မဟုတ်) ဒဏ်ရာရရှိခဲ့ကြောင်း လူမှုမီဒီယာစာမျက်နှာတွင် ကြေညာသည်။

လရောင်

Ref: BBC

# မင်္ဂလာဆောင်ပြီးနောက် ရုပ်ရှင်ပြန်ရိုက်ဖို့ ပြင်ဆင်နေတဲ့ ဆောင်ဂျွန်ကီ



မကြာသေးမီက မင်းသမီးဆောင်းဟေကိုနှင့် အိမ်ထောင်ပြုပြီးနောက် အနုပညာအလုပ်များ ယာယီရပ်နားခဲ့သော မင်းသားဆောင်ဂျွန်ကီသည် ယခုအခါရုပ် ရှင်ပြန်ရိုက်ရန် အသင့်ဖြစ်နေကြောင်း သိရသည်။ အသက် (၃၂) နှစ်အရွယ်ဆောင်ဂျွန်ကီသည် လက်ရှိတွင် သမိုင်းနောက်ခံဒရာမာ ဇာတ်ကားသစ်အတွက်ပြင်ဆင်နေကြောင်း အတွင်းလူတစ်ဦးက ပြောသည်။

အောင်မြင်မှုများစွာ ရရှိခဲ့သည့် သမိုင်းနောက်ခံရုပ်ရှင်ဇာတ် ကားများဖြစ်သော 'Queen Seonduk'နှင့် 'Deep Rooted Tree'တို့ကို ဇာတ်ညွှန်းရေးသားခဲ့သည့် ကင်ယောင်ဟွန်နှင့် ပက်ဆောင်ယွန်တို့က အဆိုပါဒရာမာဇာတ်ကားသစ်အတွက် ဇာတ်ညွှန်းရေးသားမည်ဖြစ်ပြီး ၂၀၁၉တွင်ထုတ်လွှင့်ပြသရန်စီစဉ်ထားကြောင်းသိရသည်။

တောင်ကိုရီးယားတွင်သာမက အာရှနိုင်ငံများအထိ ကျော်ကြားခဲ့သော 'Descendants of the Sun' ဒရာမာဇာတ်ကားတွင် အတူပါဝင်သရုပ်ဆောင်ရာမှ ချစ်ကြိုးသွယ်ခဲ့သော ဆောင်းဟေကိုနှင့် ဆောင်ဂျွန်ကီတို့သည် ယခုနှစ်အောက်တိုဘာက မင်္ဂလာပွဲကျင်းပခဲ့သည်။

လရောင်—Ref:allkpop



## တောင်ကိုရီးယား အမျိုးသား မီးသတ်အေဂျင်စီရဲ့ ဂုဏ်ထူးဆောင်သံအမတ်တွေဖြစ်လာတဲ့ GOT7 အဖွဲ့

တောင်ကိုရီးယားအမျိုးသားအဆိုတော်အဖွဲ့ GOT7အဖွဲ့ဝင်များသည် အမျိုးသားမီးသတ်အေဂျင်စီ၏ဂုဏ်ထူးဆောင်သံအမတ်များအဖြစ် ခန့်အပ်ခြင်းခံရသည်။ "ပြည်တွင်းရောပြည်ပမှာပါ ပရိသတ်အများကြီးရှိတဲ့ GOT7 အဖွဲ့ကို အမျိုးသား မီးသတ်အေဂျင်စီရဲ့ ဂုဏ်ထူးဆောင်သံအမတ်တွေအဖြစ် ခန့်အပ်ခဲ့တာ ကျွန်တော်အလွန်ပဲ ပျော်ရွှင်မိပါတယ်"ဟု မီးသတ်အေဂျင်စီအကြီးအကဲ ဂျိုဂျောင်မွတ်ခ်က မှတ်ချက်ပေးပြောကြားသည်။

ထို့အပြင် GOT7 အဖွဲ့သည် မီးသတ်အေဂျင်စီ၏ S.A.V.E ရန်ပုံငွေ ထူထောင်ရေးပွဲတွင်လည်း ပါဝင်ဆင်နွှဲပြီး ရရှိလာသည့် အကျိုးအမြတ်များကို မီးသတ်သမားများနှင့် မီးဘေးသင့်ပြည်သူများအား လှူဒါန်းမည် ဖြစ်သည်။

လတ်တလောတွင် GOT7 အဖွဲ့သည် မတ်လ ၁၂ရက်၌ ဖြန့်ချိမည့် Eyes on Youအမည်ရှိ မီနီအယ်လ်ဘမ်အတွက် ပြင်ဆင် နေသည်။

လရောင် – Ref:Soompi.com

## အချစ်သစ်တွေ့သွားတဲ့ မင်းသမီး အမ်မာဝက်ဆန်



ဗြိတိန်မင်းသမီးအမ်မာဝက်ဆန်သည် အမေရိကန်မင်းသားချို့ဒ်အိုဗာစတိမ့်နှင့်တွဲနေကြောင်း ကနဦးတွင် ကောလာဟလများ ပေါ်ထွက်ခဲ့သော်လည်း ထိုသတင်းများအမှန်ဖြစ် လာဖွယ်ရှိသည်။

အဘယ်ကြောင့်ဆိုသော် အသက် (၂၇) နှစ်အရွယ် အမ်မာဝက်ဆန်သည် Gleeမင်းသားအဖြစ်လူသိများသော (၂၉)နှစ်အရွယ် ချို့ဒ်အိုဗာစတိမ့်နှင့် လက်တွဲ၍လမ်းလျှောက်လာသော ဓာတ်ပုံများပေါ်ထွက်လာသောကြောင့်ဖြစ်သည်။ လော့စ်အိန်ဂျလိစ်မြို့၌ လက်တွဲ၍လမ်းလျှောက်လာသော အမ်မာဝက်ဆန်နှင့် ချို့ဒ်အိုဗာစတိမ့်တို့သည် ၎င်းတို့အရှေ့ရှိ ကင်မရာများကိုပင် ဂရုမစိုက်ဘဲရယ်မောပျော်ရွှင်နေသည်။

Silicon Valley နည်းပညာကုမ္ပဏီ မန်နေဂျာ ဝီလီယံမက်ခ်နိုက်နှင့် ချစ်သူသက်တမ်း ၂နှစ် ကြာပြီးနောက် ပြီးခဲ့သည့်နှစ်က လမ်းခွဲခဲ့သော အမ်မာဝက်ဆန်သည် ယခုအခါ အချစ်သစ် တွေ့ခြင်းဖြစ်သည်။

မင်းသားချို့ဒ်အိုဗာစတိမ့်သည် ကျော်ကြားသော Fox ရုပ်သံဇာတ်လမ်းတွဲဖြစ်သည့် Gleeဇာတ်ကားတွင် ဆမ်အီဗန်ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ရာမှ ပရိသတ်အားပေးမှု အများအပြား ရရှိခဲ့သည်။

လရောင် – Justjared

နံနက်ခင်းမြစ်ကြီးနားခရီးစဉ်
yangon airways
you're safe with us



SUNDAY, MONDAY, TUESDAY, THURSDAY
ရန်ကုန် ✈ မြစ်ကြီးနား ✈ ရန်ကုန်
start from
4th March 2018
No. 166, MMB TOWER, Level 8, Upper Pansodan Road, Mingalar Taung Nyunt Township, 11221, Yangon, Myanmar.
383 100 - 106 383 109 reservation@yangonair.com.mm
www.facebook.com/yangonairways www.yangonair.com

MYANMAR INDUSTRIAL PORT
CONTAINER TERMINAL & INLAND CONTAINER DEPOT
NO. 7/2 B, STRAND ROAD, AHLONE TOWNSHIP, YANGON, MYANMAR.
PH : 221416, 221418, 224539, 227091,229880. FAX : 221204, E-mail : mip@mipt.com.mm
မြန်မာစက်မှုဆိပ်ကမ်း



## ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များ ထွက်ပေါ်

၂၀၁၈ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ်လ ၁၆ရက်က ဆွစ်ဇာလန်နိုင်ငံတွင် မဲနှိုက်ရွေးချယ်ရာ ယမန်နှစ်က ဗိုလ်လုပွဲ၌ ဆုံတွေ့ခဲ့သော ဂျူဗင်တပ်နှင့် ရီးရဲလ်၊ ဆီဗီလာနှင့် ဘိုင်ယန်၊ အင်္ဂလန် နစ်သင်းဖြစ်သော လီဗာပူးနှင့် မန်စီးတီး၊ ဘာစီလိုနာနှင့် ရိုးမားတို့ ရင်ဆိုင်တွေ့နေသည်။

နိုင်ယွန်မြို့တွင် မဲခွဲမှုအတွင်းလာလီဂါသုံးသင်း အချင်းချင်းမတွေ့ခဲ့ဘဲ ပရီးမီးယားလိဂ်နှစ်သင်း ရင်ဆိုင်တွေ့ခဲ့သည်။ လက်ရှိချန်ပီယံရီးရဲလ်က ယမန်နှစ်က ဗိုလ်လုပွဲတွင် ဆုံခဲ့သော အီတလီ ချန်ပီယံဂျူဗင်တပ်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

နောက်ဆုံး (၁၆)သင်းအဆင့်တွင် မန်ယူကို ကျော်ဖြတ်ခဲ့သည့် ဆီဗီလာသည် ကွာတားအဆင့်၌ ပွဲကျပ်အဖြစ် ဘိုင်ယန်ကို ရင်ဆိုင်ရမည်ဖြစ်သည်။

လီဗာပူးနှင့် မန်စီးတီးပွဲသည် ၂၀၁၀-၁၁နောက်ပိုင်း ချန်ပီယံလိဂ်ကွာတားအတွင်း အင်္ဂလန်နစ်သင်း ပထမဆုံးဆုံတွေ့မှုဖြစ်လာသည်။ ဆီဗီလာ- ဘိုင်ယန်နှင့် ဂျူဗင်တပ်- ရီးရဲလ်တို့၏ ပွဲများကို ဧပြီ ၃ရက်နှင့် ၁၁ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဘာကာ- ရိုးမားနှင့် လီဗာပူး- မန်စီးတီးပွဲများကို ဧပြီ ၄ ရက်နှင့် ၁၀ရက်၌ ကျင်းပမည်ဖြစ်သည်။

ယူရိုပါလိဂ် ကွာတားပွဲစဉ်များကိုလည်း တစ်ပြိုင်တည်း မဲနှိုက်ခဲ့သည်။အာဆင်နယ်-စီအက်စ်ကေအေ၊ အက်သလက်တီကို-စပို့တင်း၊ လာဇီယို-အော့စ်ဘတ်၊ လိုက်ပ်ဇစ်-မာဆေးတို့ပွဲစဉ်များအားလုံးကို ဧပြီ ၅ရက်နှင့် ၁၂ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြတ်မင်းဇင်

## ရီးရဲလ်နှင့်ရင်ဆိုင်ရမည့်ပွဲများသည် အံ့အားသင့်စရာပွဲများဖြစ်လိမ့်မည်ဟု ဂျူဗင်တပ်နည်းပြပြော



ယမန်နှစ်ကဗိုလ်လုပွဲတွင် ရီးရဲလ်ကို ၂နှစ်ဆက်ချန်ပီယံဖြစ်ခွင့်ပြုခဲ့ရသည့်ဂျူဗင်တပ်နည်းပြအယ်လီဂရီက ယခုနှစ်ရီးရဲလ်နှင့်ပြန်လည်ဆုံတွေ့သည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲနှစ်ပွဲသည် အံ့အားသင့်စရာပွဲစဉ်များ ဖြစ်လိမ့်မည်ဟုပြောကြားသည်။

ဂျူဗင်တပ်အနေဖြင့် ပြီးခဲ့သည့်ရာသီကဗိုလ်လုပွဲရှုံးကြေးကိုလက်စားချေရန်အခွင့်အရေးအဖြစ် ရီးရဲလ်ကို ရင်ဆိုင်ရန်ရှိနေသည်။

"ရီးရဲလ်လား။ အဲဒီပွဲတွေဟာအံ့အားသင့်စရာ ဘောလုံးပွဲနှစ်ပွဲဖြစ်လာပါလိမ့်မယ်"ဟု အယ်လီဂရီက ပြောသည်။

"ကျွန်တော်တို့ကောင်းကောင်းကစားနိုင်ခဲ့ရင် ကျော်ဖြတ်နိုင်ပါလိမ့်မယ်။ ကောင်းကောင်းမကစားနိုင်ရင်အိမ်ပြန်ရပါမယ်။ ကျွန်တော်တို့ဟာ ဥရောပအကောင်းဆုံး ရှစ်သင်းမှာပါနေလို့ဂုဏ်ယူရပါမယ်"ဟု အယ်လီဂရီက ပြောသည်။

မိမိတို့အနေဖြင့် ပြီးခဲ့သည့်ရာသီက ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် ဘာစီလိုနာကိုကျော်ဖြတ်နိုင်ခဲ့ပြီး၊ ယခုရာသီတွင်လည်း ရီးရဲလ်ကို ကျော်ဖြတ်နိုင်မည်ဟု အယ်လီဂရီက ပြောသည်။

ရီးရဲလ်သည် ချန်ပီယံလိဂ်တွင် ရေပန်းစားနေသောအသင်းဖြစ်သောကြောင့် ၎င်းတို့ကိုအနိုင်ရလျှင်သာ မန်ထက်နစ်ဆပျော်ရွှင်ရမည်ဟု အယ်လီဂရီကပြောသည်။

မိမိတို့အနေဖြင့် ပိုကောင်းအောင်ပြင်ဆင်ရမည်ဖြစ်ပြီး အကောင်းဆုံးရင်ဆိုင်ရမည်ဟု ၎င်းကပြောသည်။

မြတ်မင်းဇင်



## မော်ရင်ဟို၏ ယုံကြည်မှုကို မက်တိုမီနေး ပြန်လည်ပေးဆပ်ချင်

မန်ယူကွင်းလယ် လူငယ်ကစားသမား မက်တိုမီနေးက ၎င်းကိုပွဲကြီးများ၌အသုံးပြုခြင်းအတွက် မန်ယူနည်းပြမော်ရင်ဟိုကိုကျေးဇူးတင်နေပြီး မိမိ၏ဖွံ့ဖြိုးတိုးတက်မှုတွင် မော်ရင်ဟို၏အခန်းကဏ္ဍက အရေးပါခဲ့ကြောင်းပြောသည်။

အသက် (၂၁)နှစ်အရွယ် မန်ယူအကယ်ဒမီကစားသမားသည် ယခုရာသီပရီးမီးယားလိဂ်ပွဲ ရှစ်ပွဲတွင် ပါဝင်ကစားခဲ့ပြီး လီဗာပူး၊ ချယ်လ်ဆီးတို့နှင့်ပွဲ၌ ကစားပုံတည်ငြိမ်ခဲ့၍ ချီးကျူးမှုများရရှိခဲ့သည်။

"ကျွန်တော့်ရဲ့ဖွံ့ဖြိုးတိုးတက်မှုမှာ အကြောင်းခြင်းရာအများအပြား ပါဝင်တာတော့ထင်ရှားပါတယ်။ ဒါပေမဲ့မော်ရင်ဟိုကတော့ အဓိကအကြောင်းအရင်းပါ"ဟု မက်တိုမီနေးက ကလပ်အသင်းဝက်ဘ်ဆိုက်အားပြောသည်။

"သူက အရေးကြီးတဲ့ပွဲတွေမှာ ကျွန်တော့်ကိုစိတ်ချခဲ့ပြီး ပွဲကြီးတွေမှာ ယုံကြည်မှုရှိခဲ့တယ်။ သူ့ကြောင့်သာမဟုတ်ရင် ကျွန်တော်ကစားဖို့အခွင့်အရေးရမှာ မဟုတ်သလို ကျွန်တော်ဘာလုပ်နိုင်လဲဆိုတာကိုလည်း ပြသခွင့်ရမှာမဟုတ်ပါဘူး"ဟု မက်တိုမီနေးက ဆက်လက်ပြောသည်။

ထို့အပြင် ပွဲကြီးများတွင်ရွေးချယ်ခံရခြင်းထက် ပိုကောင်းမှုမရှိကြောင်းနှင့် မော်ရင်ဟိုက မိမိတိုးတက်မှုရှိရန်တွန်းအားပေးခဲ့ခြင်းအတွက်ပြန်လည်ပေးဆပ်နိုင်မည်ဟုမျှော်လင့်ကြောင်း လူငယ်ကွင်းလယ်ကစားသမားကပြောသည်။

မက်တိုမီနေး၏အလားအလာကို စကော့တလန်နည်းပြ အဲလက်စ်မက်လစ်ရှ်ကလည်းသတိပြုမိခဲ့ပြီး၊ လာမည့်သီတင်းပတ် ကော်စတာရီကာနှင့် ဟန်ဂေရီခြေစွမ်းပြပွဲများအတွက် ဆင့်ခေါ်ထားသည်။

မြတ်မင်းဇင်

## မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ကမ္ဘာ့အဆင့် (၁၄၂)၌ ဆက်လက်ရပ်တည်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က မတ်လအတွက်ထုတ်ပြန်သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းသည် အဆင့်အပြောင်းအလဲမရှိဘဲယခင်လကကဲ့သို့ အဆင့် (၁၄၂)၌ ဆက်လက်ရပ်တည်နေသည်။

မတ်လ ၁၅ရက်က ထုတ်ပြန်သည့် ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာအသင်းသည် ရမှတ် ၂၀၃မှတ်ရရှိပြီး အဆင့်(၁၄၂)၌ ရပ်တည်နေသည်။ အရှေ့တောင်အာရှနိုင်ငံများ၌ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့် (၁၁၃)ဖြင့် ဦးဆောင်ထားပြီး၊ ဖိလစ်ပိုင်အသင်း (၁၂၂)၊ ထိုင်းအသင်း (၁၂၉)၊ အင်ဒိုနီးရှားအသင်း (၁၆၂)၊ ကမ္ဘောဒီးယားနှင့် စင်ကာပူအသင်း (၁၇၁)၊ မလေးရှားအသင်း (၁၇၈)၊ လာအိုအသင်း (၁၈၃)၊ တီမောအသင်း (၁၉၀)နှင့် ဘရူနိုင်းအသင်း (၁၉၃)တို့၌ အသီးသီးရပ်တည်နေသည်။

မတ်လ ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှနိုင်ငံများ၌ အဆင့် (၂၇)နှင့် အရှေ့တောင်အာရှနိုင်ငံများ၌ အဆင့် (၄)နေရာတွင် ရပ်တည်နေသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နောက်ဆုံးနိုင်ငံတကာပွဲအဖြစ် ၂၀၁၇ နိုဝင်ဘာ ၁၄ရက်က အာရှဖလားခြေစစ်ပွဲ အိန္ဒိယအသင်းနှင့်ယှဉ်ပြိုင်ခဲ့ပြီး နစ်ဂိုးစီသရေကျခဲ့သည်။

ကမ္ဘာ့နိုင်ငံများတွင် ဂျာမနီအသင်းက ကမ္ဘာ့အဆင့် (၁)နေရာ၌ ဆက်လက်ရပ်တည်နေပြီး၊ ယင်းနောက်တွင် ဘရာဇီး၊ ပေါ်တူဂီ၊ အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ပိုလန်၊ စပိန်၊ ဆွစ်ဇာလန်၊ ပြင်သစ်နှင့် ချီလီအသင်းတို့က အစဉ်လိုက်ရပ်တည်နေသည်။ အီရန်အသင်းက ကမ္ဘာ့အဆင့် (၃၃)ဖြင့် အာရှနိုင်ငံများ၌ ထိပ်ဆုံးမှဦးဆောင်ထားသည်။

မြတ်မင်းဇင်

## စပါးတိုက်စစ်မှူး ဆွန်ဟွမ်မင် ကိုရီးယားပြန်၍ စစ်မှုထမ်းဖွယ်ရှိ


စပါးမှ တောင်ကိုရီးယားတိုက်စစ်မှူး ဆွန်ဟွမ်မင်သည် မိခင်နိုင်ငံသို့ပြန်ကာ စစ်မှုထမ်းရမည်ဖြစ်သောကြောင့် နှစ်ရာသီကြာဘောလုံးကစားနိုင်မည်မဟုတ်ပေ။

တောင်ကိုရီးယားဥပဒေအရ အသက် (၂၈)နှစ်မပြည့်မီစစ်မှုထမ်းရန်လိုအပ်သဖြင့် ဆွန်ဟွမ်မင် (၂၅) နှစ်သည် ၂၀၁၉-၂၀ နှင့် ၂၀၂၀-၂၁ ဘောလုံးရာသီများတွင် တောင်ကိုရီးယားသို့ပြန်၍ မဖြစ်မနေစစ်မှုထမ်းဆောင်ရမည်ဖြစ်သည်။

သို့သော် ၎င်းအနေဖြင့် ရွေးချယ်သောစစ်တပ်၏ ဌာနအပေါ်မူတည်၍ ၂၁လနှင့် ၃၆လကြာ စစ်မှုထမ်းကာလသတ်မှတ်ထားသဖြင့် စပါးသည် ၎င်းကိုလက်လွှတ်ရမည့်ကာလမှာ ဆွန်ဟွမ်မင်၏ ရွေးချယ်မှုအပေါ် မူတည်နေသည်။

သို့သော် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ထူးထူးခြားခြားစွမ်းဆောင်နိုင်သော လူငယ်ကစားသမားများအတွက် ခြွင်းချက်တစ်ခုရှိနေသည်။

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်ကမွေးသော ဆွန်သည် ၂၀၂၀ပြည့်နှစ်တွင် (၂၈)နှစ်ပြည့်မည်ဖြစ်ပြီး တောင်ကိုရီးယားက စစ်မှုထမ်းရန်ခေါ်ယူပါက နှစ်ရာသီစာဘောလုံးနှင့်ဝေးနေနိုင်သလို၊ ၎င်းအနေဖြင့် ရုရှားကမ္ဘာ့ဖလား၊ အာရှပြိုင်ပွဲနှင့် အာရှဖလားတို့၌ ခြေစွမ်းပြစွမ်းဆောင်နိုင်ပါက ခြွင်းချက်ဖြင့်ဘောလုံးဆက်လက်ကစားခွင့်ရှိမည် ဖြစ်သည်။



မြတ်မင်းဇင်

# စီကျင်းပင်လက်ထက်တွင် သမ္မတရာထူး သက်တမ်းကန့်သတ်ချက်ကို တရုတ်ဖယ်ရှား



ဖွဲ့စည်းပုံအခြေခံဥပဒေမှ သမ္မတသက်တမ်းကန့်သတ်မှုဖယ်ရှားရေး ကွန်မြူနစ်ပါတီ၏ အဆိုပြုချက်ကို တရုတ်အစိုးရက အတည်ပြုသဖြင့်လက်ရှိသမ္မတ စီကျင်းပင်အနေဖြင့် အကန့်အသတ်မရှိ တာဝန်ထမ်းဆောင်ခွင့် ရရှိမည်ဖြစ်သည်။ တနင်္ဂနွေနေ့က အမျိုးသားလွှတ်တော်တွင် ကျင်းပသောနှစ်ပတ်လည်ညီလာခံ၌ ယင်းအဆိုပြုချက်ကိုမဲခွဲဆုံးဖြတ်အတည်ပြုခြင်းဖြစ်သည်။

အဆိုပါ မဲခွဲဆုံးဖြတ်မှုတွင် မဲအရေအတွက် ၂,၉၆၄မဲအနက် ယင်းအဆိုပြုချက်ကိုကန့်ကွက်မဲနှစ်မဲနှင့် ကြားနေမဲသုံးမဲသာရှိသည်။

၁၉၉၀ပြည့်နှစ်ကတည်းက တရုတ်နိုင်ငံတွင် ရွေးကောက်ခံသမ္မတများအနေဖြင့် နှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့်မရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းသတ်မှတ်ခဲ့သည်။

၂၀၂၃တွင် စီကျင်းပင်သမ္မတသက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ယင်းသတ်မှတ်ချက်ကိုဖယ်ရှားရန် လွှတ်တော်ကအတည်ပြု၍ စီကျင်းပင်သည် တရုတ်ကွန်မြူနစ်ခေါင်းဆောင် မော်စီတုံးကွယ်လွန်ခဲ့သည့် လွန်ခဲ့သောနှစ်ပေါင်း ၄၀အတွင်း တရုတ်နိုင်ငံ၏ အင်အားအကြီးဆုံးခေါင်းဆောင်ဖြစ်လာသည်။

ထို့အပြင် ပြီးခဲ့သောအောက်တိုဘာကကျင်းပခဲ့သည့် ကွန်မြူနစ်ပါတီညီလာခံတွင်လည်း စီကျင်းပင်၏ နိုင်ငံရေးအတွေးအခေါ် များကို ပါတီ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းရန် သဘောတူညီမှုရရှိခဲ့သည်။


ခေတ်သစ်တရုတ်နိုင်ငံအတွက် စာမျက်နှာသစ်ပုံဖော်ရေးကြိုးစားနေသော အာဏာရကွန်မြူနစ်ပါတီသည် စီကျင်းပင်၏ နိုင်ငံရေးအတွေးအခေါ် များကို အထက်တန်းကျောင်းသားများ၊ ကောလိပ်ကျောင်းသားများနှင့် နိုင်ငံပိုင်စက်ရုံဝန်ထမ်းများကို လေ့လာစေမည်ဖြစ်သည်။

ယင်းအဆိုပြုချက်ကို အတည်ပြုခြင်းနှင့် ပတ်သက်၍ တရုတ်နိုင်ငံ၌ စီကျင်းပင်အနေဖြင့်တစ်သက်တာခေါင်းဆောင်ဖြစ်သင့်၊ မဖြစ်သင့်အမျိုးသားရေးဆိုင်ရာငြင်းခုံမှုများမရှိခဲ့ပေ။

၂၀၁၂တွင် သမ္မတဖြစ်လာခဲ့သော စီကျင်းပင်သည် အစိုးရအဖွဲ့အတွင်း အကျင့်ပျက်ခြစားမှုကို အဓိကတိုက်ဖျက်ခဲ့ပြီး ပါတီအဖွဲ့ဝင်တစ်သန်းကျော်အား အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်ခဲ့သည်။

လရောင်
Ref: BBC

# ကွယ်လွန်သွားပြီဖြစ်သည့် ကမ္ဘာကျော်သိပ္ပံပညာရှင် စတီဖင်ဟော့ကင်း



ကမ္ဘာကျော်သိပ္ပံပညာရှင် စတီဖင်ဟော့ကင်းကွယ်လွန်သွားပြီဖြစ်ကြောင်း မိသားစုက အတည်ပြုကြေညာခဲ့ပါသည်။ ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသော်လည်း ပါရမီထူးသည့် ဉာဏ်စွမ်းကြောင့် ကမ္ဘာတစ်ဝှမ်းတွင် လေးစားခြင်းကိုခံရပြီး ကွယ်လွန်ချိန်တွင် အသက် (၇၆)နှစ်ရှိနေပြီဖြစ်ပါသည်။

စတီဖင်ဟော့ကင်းသည် ၁၉၄၂ခုနှစ်၊ ဇန်နဝါရီ (၈) ရက်တွင် အင်္ဂလန်ရှိ အောက်စဖို့ဒ်တွင် မွေးဖွားခဲ့သည်။ ၁၉၆၂ခုနှစ် ကိန်းဘရစ်တက္ကသိုလ်တွင် စကြဝဠာဗေဒနှင့်ပတ်သက်ပြီး သုတေသနစတင်ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ခုနှစ်တွင် အာရုံကြောရောဂါတစ်မျိုးဖြစ်သည့် ALSကို ခံစားကုသခဲ့ရသည်။ ၁၉၆၅ခုနှစ်တွင် Properties of Expanding Universesဆိုသော ခေါင်းစဉ်ဖြင့် ကျမ်းပြုခဲ့ပြီး ဒေါက်တာဘွဲ့ရရှိခဲ့သည်။

၁၆၇၀ခုနှစ်တွင် အိုင်းစတိုင်း၏အထွေထွေနှိုင်းရသီအိုရီနှင့် ကာလနှင့် အာကာသတို့ကြား၌ ကျိုးကြောင်းဆက်စပ်မှုအရ စကြဝဠာမဟာပေါက်ကွဲမှုတွင် နိဒါန်းရှိမည်ဖြစ်ပြီး တွင်းနက်ကြီးများတွင် နိဂုံးချုပ်မှုရှိမည်ဟု ဖော်ထုတ်ရှင်းပြခဲ့သည်။ ၁၉၇၄ခုနှစ် အသက် (၃၂)နှစ်တွင် ဗြိတိန်၏ ဂုဏ်သိက္ခာအကြီးဆုံးအဖွဲ့၊ တော်ဝင်အသင်း၏ အငယ်ဆုံးအဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၁၉၇၉ခုနှစ်တွင် ကိန်းဘရစ်တက္ကသိုလ်၌ သင်္ချာဆိုင်ရာပါမောက္ခအဖြစ် ခန့်အပ်ခံရသည်။ ယင်းရာထူးသည် တစ်ချိန်က အိုင်ဇက်နယူတန်၏ ရာထူးဖြစ်သည်။

၁၉၈၈ခုနှစ်တွင် အချိန်၏သမိုင်းအကျဉ်းစာအုပ်ကို ထုတ်ဝေခဲ့သည်။ အလွန်ကျော်ကြားခဲ့သော ဟော့ကင်းသည် စကြဝဠာ၏လျှို့ဝှက်ချက်များကို ဖော်ထုတ်ရန်အတွက် သူ၏ဘဝကို မြှုပ်နှံခဲ့သည်။ နက္ခတ်ဗေဒပညာ၊ သင်္ချာပညာနှင့် အခြားသောသိပ္ပံပညာရပ်ဆိုင်ရာ စာအုပ်အများအပြားကိုလည်း ရေးသားခဲ့သည်။

ဟော့ကင်းသည် အာရုံကြောများ ဆုတ်ယုတ်ပျက်စီးသော ရှားပါးရောဂါတစ်မျိုး ဆွဲကပ်ခံစားရသောကြောင့် ဘဝ၏ အချိန်ကာလအတော်တော်များများကို ဘီးတပ်ကုလားထိုင်ပေါ်တွင်သာ အချိန်ကုန်ခဲ့ရပါသည်။ ယင်းရောဂါဖြစ်ပွားပြီးနောက်တွင် စကားမပြောနိုင်ခြင်းကြောင့် အသံထုတ်ပေးသည့် စက်ဖြင့် ဆက်သွယ်ပြောဆိုခဲ့ရသည်။

ခေတ်သစ်သိပ္ပံ၏ ဖခင်ဟုခေါ်ကြသော ဂယ်လီလီယိုကွယ်လွန်ခဲ့ပြီးနောက် နှစ် ၃၀၀ပြည့်သည့်နေ့တွင် စတီဖင်ဝီလျံဟော့ကင်းကို မွေးဖွားခဲ့ခြင်းဖြစ်သည်။ ဟော့ကင်းသေဆုံးမှုကို ကြေငြာခဲ့သည်နေ့သည် အဲဘတ်အိုင်းစတိုင်းမွေးဖွားသည့် ၁၃၉နှစ်မြောက်မွေးနေ့ဖြစ်သည်။

ဟော့ကင်းသည် အိမ်ထောင်နှစ်ဆက်ကျခဲ့ဖူးပြီး သားသမီးသုံးဦးရှိသည် ရောဂါဆိုးကြီးစွဲကပ်ခံစားခဲ့ရပေမဲ့ ဘဝတစ်လျှောက်လုံး သာမန်လူအများနှင့် မခြားဘူးဆိုသည့် ခံစားချက်မျိုးနှင့် ယုံ့သန်နေထိုင်ကြိုးစားခဲ့ကြောင်းလည်း ဟော့ကင်းက ပြောဆိုခဲ့ဖူးသည်။

လရောင်
Ref:CNN

# ရုရှားနိုင်ငံ လေယာဉ်ပြေးလမ်းပေါ် သို့ ရွှေချောင်းများကျဲကျ

ရွှေနှင့် ငွေချောင်းများသယ်ဆောင်လာသည့် ရုရှားလေယာဉ်တစ်စင်းသည် လေဆိပ်မှပျံတက်သွားစဉ် ကုန်ခန်းတံခါးပေါက်ပွင့်သွားခဲ့သောကြောင့် ပြေးလမ်းပေါ်သို့ အဖိုးတန်သတ္တုချောင်းများ ကျဲကျသလိုဖြစ်ခဲ့ကြောင်းသိရသည်။

သတ္တုချောင်းများသည် ဝေးလံခေါင်သီသည့် ချူကော့ကာဒေသ Kuplo ရွှေမိုင်းမှ သတ္တုချောင်းများဖြစ်ကြောင်း သိရသည်။ ယင်းလေယာဉ်တွင် အဖိုးတန်သတ္တုချောင်းအလေးချိန် ၉.၃တန်ခန့်ကို သယ်ဆောင်သွားခဲ့တာဖြစ်ပြီး လေယာဉ်အရှိန်မြင့်ပျံတက်ချိန်တွင် ကုန်သေတ္တာတံခါးသည် ယိုယွင်းခဲ့ပြီး တံခါးအစိတ်အပိုင်းတစ်ခု ပြေးလမ်းအပေါ် ပြုတ်ကျခဲ့ကြောင်း ဆုံစမ်းစစ်ဆေးရေးကော်မတီက ထုတ်ပြန်ခဲ့သည်။

လေယာဉ်ကို လေဆိပ်ပြန်ဆင်းသက်ရန် ညွှန်ကြားခဲ့ရပြီး ရဲတပ်ဖွဲ့သည် အခင်းဖြစ်ပွားသောနေရာကို ဒေသခံများဝင်မလာနိုင်အောင် ချက်ချင်းအတားအဆီးများပြုလုပ်ခဲ့ကြောင်းသတင်းတစ်ခုက ဖော်ပြခဲ့သည်။

Kupol ရွှေသတ္တုမိုင်းကို ကနေဒါနိုင်ငံအခြေစိုက် Kinross Gold ကုမ္ပဏီက လုပ်ကိုင်နေတာလို့ သိရသည်။ သယ်ဆောင်သွားသည့် ကုန်ပစ္စည်းများအားလုံး ပြန်လည်သိမ်းဆည်းရရှိခဲ့ပြီး ပျောက်ပျက်ခြင်းမရှိကြောင်း ယင်းကုမ္ပဏီ၏ တာဝန်ခံမှပြောသည်။

လရောင် - REF:CNN

